

ရွှေဒေါင်း

# ဗုဒ္ဓဝါဒ နှင့် အယူအဆရေးရာများ

ဒုတိယအကြိမ်

ထွင့်ဆွေအောင်·၉၁

ဤ 'ဗုဒ္ဓဝါဒနှင့် အယူအဆရေးရာများ' ကို ဦးလှကြိုင် လောကစာပေ (၀၂၃၃)၊ ၃ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍ ဒေါ်မြထွေး၊ တော်ဝင် ပုံနှိပ်တိုက် (၀၂၂၇၄)၊ ၉၂/၂၀ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။

ဒုတိယအကြိမ် – ၁၉၉၁၊ စက်တင်ဘာလ
စာမူ ခွင့်ပြုချက် – ၃၁၄/၉၁ (၇)
မျက်နှာဖုံး ခွင့်ပြုချက် – /၉၁ (၇)
ပန်းချီ – ထွဋ်ဆွေအောင်
စောင်ရေ – ၁,၀၀၀
တန်ဖိုး – ၃၀ ကျပ်

**ယော်မင်းကြီးစာပေက ထုတ်ဝေသည်**

၃၄၆/၁၉ အနောက်ရန်ကင်း၊ ရန်ကင်းစာတိုက် (၁၁၀၈၁)၊ ရန်ကုန်

# မာတိကာ


၁။ ဗုဒ္ဓဝါဒရှုထောင့် ၁

၂။ ဗုဒ္ဓဝါဒနှင့် စေတနာ ၁၈

၃။ ဓမ္မတာနှင့် သဘာဝဓမ္မ ၃၇

၄။ ယခင်ခေတ်နှင့် ယခုခေတ် ၅၀

၅။ လူဖြစ်ရကျိုး နပ်ပါစေ ၆၇

၆။ မလုပ်ချင်အလျှင်း-လုပ်လျှင်သပ်ရပ်စေရမည် ၈၁

၇။ ကျွန်ုပ်နှင့် စာပေ ၉၂

၈။ အတ္တပရိစ္စာဂခေါ် ကိုယ်ကျင့်တရား ၁၀၄

၉။ ဆုတ်ကပ်လော တက်ကပ်လော ၁၁၆

၁၀။ စာပေရေးရာ ဆွေးနွေးချက် ၁၃၂

၁၁။ နွားသိုးခေါ် မိုးကြိုးနှင့်ကျွန်ုပ် ၁၅၂

# ဗုဒ္ဓဝါဒရှုထောင့်

## ကာလ်မာ့က်စ်နှင့် မဟတ္တမဂန္ဒီတို့၏ ဝါဒများကို ဗုဒ္ဓဝါဒ "ပေတံ" ဖြင့် တိုင်းထွာခြင်း

အသက်အရွယ်ကြီးပြင်းလာပြီဖြစ်သော ဤနောက်ပိုင်းတွင် ကျွန်ုပ်သည် ပြဿနာအရပ်ရပ်ကိုဖြစ်စေ၊ ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီးများ၏ အယူဝါဒနှင့် အပြုအမူများကို ဖြစ်စေ ဗုဒ္ဓဝါဒ ရှုထောင့်မှ ဆန်းစစ်ဝေဖန်တတ်သော အလေ့အကျင့်ဖြစ်ပေါ်လာခဲ့သည်။ ကျွန်ုပ်တို့လက်ထက်တွင် နည်းစနစ် တီထွင်ခြင်းနှင့် ပတ်သက်၍ ကမ္ဘာ၌ ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ကြီးနှစ်ဦးမှာ ကာလ်မာ့က်စ်နှင့် မဟတ္တမဂန္ဒီတို့ပင်ဖြစ်ရာ ကာလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်နှင့် မဟတ္တမဂန္ဒီ၏ အဟိံသဝါဒတို့မှာ သဘောကျလျှင်ကျသလို သဘောမကျလျှင်မကျသလို ဝေဖန်သူ အမြောက်အမြား ပေါ်ထွက်ခဲ့ကြ၏။ ကျွန်ုပ်အဖို့ရာ၌မူ ကိုယ်တိုင်က သဘောကျခြင်း မကျခြင်းကို အပထား၍၊ ထိုပုဂ္ဂိုလ်ကြီးများ၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဝါဒတည်းဟူသော 'ပေတံ' နှင့် တိုင်းထွာပါက မည်မျှအထိ အောင်မြင်ထိုက်သည်၊ မည်မျှထက်ပို၍ မအောင်မြင်နိုင်ဟူသည်ကို တင်ပြရန် ကြိုးစားလိုသည်။

ပရိယေသန မူလကဒုက္ခ

ကာလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်နှင့် ပတ်သက်၍ ကျွန်ုပ် သဘောမကျ၍ မနေနိုင်သော ရည်ရွယ်ချက်ကြီးမှာ လူတိုင်း လူတိုင်း အလုပ်အကိုင် ကိုယ်စီရှိ၍၊ အလုပ်လက်မဲ့ မရှိစေရ၊ သားသမီးများ၏ ပညာရေးအတွက် မပူပန်ရ၊ နာဖျားရေးနှင့် အိုမင်းမစွမ်းဖြစ်ရေးအတွက် မကြောင့်ကြရ၊ အစိုးရက တာဝန် ယူသည်ဆိုသော အချက်ပင် ဖြစ်လေသည်။ ဂေါတမ ဗုဒ္ဓက ပရိယေသန မူလက ဒုက္ခဟု ဟောတော်မူရာ၊ အဓိပ္ပာယ်မှာ ဝမ်းရေးအတွက် ထိန်းကျောင်းရခြင်းတည်းဟူသော အလုပ် သည် ဒုက္ခကြီးတစ်ခုဖြစ်သည်ဟုဟောတော်မူ၏။ များစွာသော တိုင်းပြည်များ၌ ဝမ်းရေးအတွက် အလုပ်လုပ်ရသောဒုက္ခအပြင် ထိုအလုပ်ကို ရအောင် ကြံစည်အားထုတ်ရခြင်းသည်လည်း ဒုက္ခ ကြီးတစ်ခုဖြစ်နေ၏။ များစွာသော တိုင်းသူပြည်သားတို့အဖို့မှာ ဝမ်းစာအတွက် အလုပ် လုပ်ရသော ဒုက္ခထက် အလုပ်ရအောင် ရှာကြံရသော ဒုက္ခကပင် ပိုမိုကြီးကျယ်၍ အလုပ်လက်မဲ့ အဖြစ် နှင့် တလည်လည်ဖြစ်ကာ၊ စားရမဲ့ သောက်ရမဲ့ ဖြစ်ကြရသော အလုပ်သမား ဆင်းရဲသား အရေအတွက်သည် မနည်းလှဟု ကြားသိရ၏။ ဆိုရှယ်လစ်တိုင်းပြည်များတွင် အစိုးရက အလ ကား ကျွေးထား၍ ထိုင်စားကြသည် မဟုတ်သော်လည်း ထိုက် တန်သော အလုပ်တစ်ခုရဖို့အတွက် အစိုးရက တာဝန်ယူသည် ဆိုသောကြောင့် ဝမ်းရေးအတွက် အတော်စိတ်အေးရ၍ ဗုဒ္ဓ ဟောတော်မူသည့် ပရိယေသနမူလကဒုက္ခမှ တော်တော်ကြီး သက်သာရာ ရသဖြင့် ကျွန်ုပ် သဘောကျမိသည်။

ဒုတိယအကြိမ်

## လောကနိဗ္ဗာန်တဲ့

မာ့က်စ်ဝါဒ သမားများကမူ၊ ဆိုရှယ်လစ်စနစ် (ထိုနောက် ကွန်မြူနစ်စနစ်)သည် လောကနိဗ္ဗာန် တည်ထောင်ခြင်းပင် ဖြစ်သည်ဆိုကာ အသားယူ၍ ပြောတတ်ကြ၏။ ကာလ်မာ့က်စ်က လည်း ဤအတိုင်းပင် ယူဆသည့်လက္ခဏာရှိ၏။ 'စားနေဝတ်' ဖူလုံလျှင် လူ့လောကသည် နိဗ္ဗာန်ချမ်းသာနှင့် နှိုင်းယှဉ်နိုင် သကဲ့သို့ မှတ်ထင်ကြပုံရ၏၊ နိဗ္ဗာန်ဟူသော စကားကို ဤနေရာ မျိုး၌ သုံးထိုက်ခြင်း မသုံးထိုက်ခြင်းကို အပထား၍ ကာလ် မာ့က်စ် ရည်မှန်းသော ဆိုရှယ်လစ် တိုင်းပြည်များသည် လည်း ကောင်း၊ ထိုထက် တစ်ဆင့်တက်၍ ကွန်မြူနစ်စနစ်တိုင်းပြည်မျိုး ဖြစ်လာခဲ့လျှင်လည်းကောင်း 'လောကနိဗ္ဗာန်'ခေါ်ရလောက် အောင် တကယ် ငြိမ်းချမ်းခြင်းမျိုး ရှိနိုင်လိမ့်မည် မဟုတ်ချေ။

## ကွန်မြူနစ်နှင့် သာမန်အလုပ်သမား

ရှင်းဦးအံ့၊ ကာလ်မာ့က်စ်၏ ရည်ရွယ်ချက်အတိုင်း ဤလက် ထက်တွင် ဖြစ်ပေါ်လျက်ရှိသော ဆိုရှယ်လစ် တိုင်းပြည်များ အနက် ဆိုဗီယက် ရုရှားပြည်သည် ရှေးဦးစွာ ပေါ်ပေါက်လာ သော တိုင်းပြည်ဖြစ်၍ အကြီးကျယ်ဆုံး သော တိုင်း ပြည် ဖြစ်သည့်အလျောက် 'လောကနိဗ္ဗာန်' ခေါ်ဆိုလောက်အောင် ငြိမ်းချမ်းမှု ရှိမရှိကို ဗုဒ္ဓဝါဒ၏'ပေတံ'ဖြင့် တိုင်းထွာကြည့်ကြ ပါအံ့။ ရုရှားပြည်၌ တိုင်းပြည်အုပ်ချုပ်မှုတွင်ကြိုးကိုင်ကြသော မာ့က်ဆစ်ဝါဒီခေါ် ကွန်မြူနစ်များနှင့် သာမန်အလုပ်သမား များဟူ၍ လူနှစ်စားရှိသည်ဆို၏။ တိုင်းပြည် အုပ်ချုပ်သော

မာ့က်စ်ဆစ်ဝါဒီများသည် အလုပ်သမားများအား ကိုယ်စားပြုသော လူများပင် ဖြစ်ပါသည်ဟုဆိုကြပေလိမ့်မည်။ ဤအချက်ကို ကျွန်ုပ် ငြင်းလိုသည်မဟုတ်။ တိုင်းပြည် အုပ်ချုပ်သော မာ့က်ဆစ်ဝါဒီများသည် အခြား တိုင်းပြည်များမှာကဲ့သို့ အရင်းရှင်များအတွက် ကိုယ်စားပြုသူများ မဟုတ်ခြင်းကိုလည်း ကျွန်ုပ် နားလည်၏။ မည်သို့ဆိုစေ၊ ကရုရှော့သည် သိုးကျောင်းသားမှ တက်လာသော ဝန်ကြီးချုပ် တစ်ယောက်မှန်သော်လည်း၊ ယခုအချိန်၌ နှင်တံကို ကိုင်လျက် သိုးကျောင်းသော အလုပ်ကို လုပ်တော့သည်မဟုတ်ပါ။ ဤကဲ့သို မလုပ်ခြင်းအတွက်ကြောင့် 'စီးပိုးသည်' ဆိုကာ အပြစ်ပြောလိုခြင်းလည်း မဟုတ်ရပါ။ ကွန်မြူနစ်ခေါ် မာ့က်စ်ဝါဒီများနှင့် ကြွင်းကျန်သော တိုင်းသူပြည်သားများမှာ အလုပ်ချင်း တစ်မျိုးစီဖြစ်ခြင်းကို ထင်ရှားစိမ့်သောငှာ ပိုင်းခြား သတ်မှတ်ခြင်းမျှသာ ဖြစ်ပါသည်။ ရုရှားပြည်တွင် လူဦးရေ သန်းပေါင်း နှစ်ရာကျော် ရှိသည့်အနက် ကွန်မြူနစ်များမှာ ရာခိုင်နှုန်းအနည်းငယ် (သုံးလေးသန်း)မျှသာရှိ၍ ကြွင်းကျန်သော ပြည်သူပြည်သားများမှာ အလုပ်သမားသက်သက်များသာ ဖြစ်သည်ဟု ကြားသိရ၏။ ကွန်မြူနစ်များသည် ဆိုရှယ်လစ် စီးပွားရေး စနစ်ကို တည်ဆောက်ကြသော ဗိသုကာများ ဖြစ်ကြသည်ဆိုရာ၊ ကြွင်းကျန်သော တိုင်းသူပြည်သားများမှာ ထိုစနစ်၏ အကျိုးကျေးဇူးကို ခံစားကြရသော လူများသာ ဖြစ်သည်ဟု ဆိုရပေမည်။ အလုပ်သမားတိုင်းပြည်ဟု ခေါ်ထားပါလျက် တိုင်းသူ ပြည်သားကို နှစ်မျိုးနှစ်စား ခွဲခြားရမည်လောဟု အပြစ်မပြောလိုက်

ပါလေနှင့်။ ရည်ရွယ်ချက် ရှိသောကြောင့် ဖြစ် ပါ သည်။ ကျွန်ုပ်၏ ရည်ရွယ်ချက်ကား ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ထောင်ခဲ့ကြသော ဗိသုကာ (ကွန်မြူနစ်) များသည် လောကနိဗ္ဗာန် တည်းဟူသော ငြိမ်းချမ်းမှုကို ခံစားလျက်ရှိကြသလော၊ သို့တည်းမဟုတ် သာမန် တိုင်းသူပြည်သား အလုပ်သမားများသည် လောကနိဗ္ဗာန် တည်းဟူသော ချမ်းသာသုခကို ခံစားလျက် ရှိကြသလော ဟူသည်ကို တင်ပြခြားစီ ခွဲထုတ်စစ်ဆေးလိုသောကြောင့်မျှသာ ဖြစ်ပါသည်။

## မာ့က်ဆစ်များ၏ အထင်ကြီးချက်

ဆက်၍ ရှင်းဦးအံ့။ ဤကဲ့သို့ နိဒါန်းပျိုးလိုက်သည်ဆိုလျှင် 'ဗိသုကာ'များအသည်သာလျှင် လောကနိဗ္ဗာန် တည်းဟူသော ချမ်းသာသုခကို ခံစားလျက်ရှိကြသည်ဟု ကျွန်ုပ်က စွပ်စွဲတော့မည် ထင်ကြပါက မှားပေလိမ့်မည်။ ကျွန်ုပ်သည် မည်သူ့အားမျှ နှိပ်နယ်လိုသော စေတနာ မရှိဘဲ၊ ဗုဒ္ဓဝါဒပေတံဖြင့် တိတိကျကျ တိုင်းထွာကာ တင်ပြလိမ့်မည်သာ ဖြစ်ပါသည်။

ရှေးဦးစွာ 'ဗိသုကာ' ဆိုသူများ၏ လောက နိဗ္ဗာန်ကို စစ်ဆေးကြပါစို့။ ကမ္ဘာ၌ အနှံ့အပြားရှိနေကြသော မာ့က်ဆစ် ဝါဒီများ၏ ထင်မြင်ချက်မှာ မာ့က်ဆစ် ဆိုသူများသည် အချင်းချင်းသည်း ဝေဖန်ပြ၍ မိမိတို့ကိုယ်ကိုလည်း ဝေဖန်သော အလေ့အကျင့် ရှိကြရသောကြောင့်၊ အဟုတ်တကယ် နှလုံးရည်နှင့်ပြည့်စုံသည့် လူတော်လူကောင်းကြီးများသည်သာလျှင် ပါတီ၏အထွဋ်အထိပ်သို့ ရောက်နိုင်ကြသည်ဟု ယုံကြည်

ကြ၏။ ပထမ၌ ကျွန်ုပ်သည် ၎င်းတို့၏ယုံကြည်ချက်ကို ငြင်းဆိုခြင်းမပြုဘဲ ၎င်းတို့ဆိုလိုသော 'လူတော်လူကောင်း' ဟူသည်မှာ မည်သို့သောအနက်အဓိပ္ပာယ်မျိုး ရှိလေသနည်းဟု စဉ်းစားဆင်ခြင်မိ၏။ ယင်းသို့ရှိစဉ့် ရုရှားပြည်၌ 'ဘယ်ရီယာကိစ္စ' ပေါ်ပေါက်လာ၏။ ဘယ်ရီယာသည် ရုရှားကွန်မြူနစ်ပါတီ၏ စွပ်စွဲချက်အရ 'သစ္စာဖောက်' တစ်ယောက် ဖြစ်သည်ဆိုလျှင် ထိုသူသည် ကွန်မြူနစ်ပါတီ၏ ထိပ်တန်းဆုံး ခေါင်းဆောင်တစ်ယောက် ဖြစ်ပေသောကြောင့်၊ အထွတ်အထိပ်သို့ ရောက်သော ပါတီခေါင်းဆောင်များ၏အရည်အချင်းနှင့် ပတ်သက်၍ မာ့က်ဆစ်များ၏ အထက်ပါတင်ပြချက်မှာ မှားလေပြီတကားဟု စဉ်းစားမိသည်။ အကယ်၍ ဘယ်ရီယာက ဖောက်ပြန်ခြင်းမဟုတ်ရဘဲ ကွန်မြူနစ် ခေါင်းဆောင်များက လုပ်ကြံစွပ်စွဲကာ သုတ်သင်လိုက်ကြခြင်း ဖြစ်ပါလျှင်လည်း မာ့က်ဆစ် ဝါဒီများနှင့် ပတ်သက်၍ သာ၍ပင် ဆိုးရွား သွားပေလိမ့်ဦးမည်။ ထိုအခြင်းရာ နှစ်ခုအနက် မာ့က်ဆီးဇမ်းနှင့် ပတ်သက်၍ အနည်းငယ် သက်သာရာရလေအောင် ဘယ်ရီယာကို အဆိုးထားသည် ဆိုပါဦး။ ထိပ်တန်းမာ့က်ဆစ်များနှင့်ပတ်သက်၍ အထင်ကြီးကြခြင်းမှုကား မှားယွင်းကြောင်း ထင်ရှားသည်ဟု ဆိုရပေတော့မည်။

## သာ၍အရုပ်ဆိုးခြင်း

ဤနောက်ပိုင်း၌မူ ဘယ်ရီယာကိစ္စထက် အရုပ်ဆိုးသောကိစ္စများ ဖြစ်ပေါ်လာပြန်၏။ အရုပ်ဆိုးသည်ဟု ဆိုရခြင်းမှာ

ဒုတိယအကြိမ်

ဘယ်ရီယာကဲ့သို့ တစ်ဦးတစ်ယောက်တည်းကိစ္စမျိုးမဟုတ်တော့ဘဲ၊ ထိပ်တန်းခေါင်းဆောင်ကြီးတွေ တစ်သီတစ်တန်းကြီး အစုလိုက် အပြုံလိုက် ပြုတ်ကျသောကြောင့် ဖြစ်၏၊ ထိုအထဲတွင် ဝန်ကြီးချုပ်များ ဖြစ်ကြသည့် မာလင်ကော့နှင့် ဘူလ်ဂါနင်တို့လည်း ပါဝင်၏။ စဘာလင် ကွယ်လွန်စအချိန်က ဝန်ကြီးချုပ် ဖြစ်လိမ့်မည်ဟု 'တစ်ပေး' ခြင်း ခံရဖူးသော မိုလိုတော့လည်း ပါဝင်၏။ နိုင်ငံခြားရေးဝန်ကြီး ရှယ်ပီလော့လည်း ပါဝင်၏။ (ရုရှားပြည့်၌ နိုင်ငံခြားရေးဝန်ကြီး ဟူသည်မှာ ထိပ်ထိပ်ကြဲ ခေါင်းဆောင်မျိုးကိုမှ ခန့်ထားသော အစဉ်အလာ ရှိ၏။) ထိပ်သီးခေါင်းဆောင်များ အနက်တွင် နာမည်ကြီးသော ကာဂါနိုဗစ်လည်း ပါဝင်လေသည်။ ကျွန်ုပ်သည် အထက်ပါ ခေါင်းဆောင်ကြီးများအား ဖြုတ်ချခြင်းအတွက် အပြစ်ဆိုလိုခြင်းလည်း မဟုတ်၊ ထောက်ခံလိုခြင်းလည်းမဟုတ်။ မာ့က်ဆစ်ဝါဒအတိုင်း ကျင့်သုံးလိုက်နာသော လူများသည် အကြိမ်ကြိမ်အဖန်ဖန် လှော်ထားသည့် ဇမ္ဗူရာဇ်ရွှေစင်ကဲ့သို့ အပြစ်အနာအဆာများ ကင်းစင်လှသည်ဆိုသော ယုံကြည်ချက်သည် 'လေပူဖောင်း' ကဲ့သို့ ပေါက်ကွဲသွားလေပြီဟူ၍ ထောက်ပြရန် မျှသာ ဖြစ်လေသည်။ သို့ဆိုလျှင် မာ့က်ဆီးဇင်မ်သည် လူသား၏ ဆိုးယုတ်ခြင်း ဟည်းဟူသော အညစ်အကြေးများကို ချွတ်နိုင်သော သတ္တိရှိသည် မဟုတ်ခြင်းကား ထင်ရှားသည်ဟု ဆိုရပေမည်။ လူသား၏ အညစ်အကြေး ဟူသည်မှာ လောဘ, ဒေါသ, မောဟ တည်းဟူသော အကုသိုလ်တရားများမှ ဖြစ်ပေါ် လာရသည်ဟု ဗုဒ္ဓ ဟောတော်မူခဲ့ရာ ဗုဒ္ဓဝါဒ 'ပေတံ' ဖြင့်

တိုင်းထွာသည်ရှိသော် မာ့က်ဆစ်ဝါဒီတစ်ယောက်သည် အညစ်အကြေးများ အပြည့်အဝပင် ရှိသေးသည်ဟု ဆိုရပေလိမ့်မည်။

## လောကနိဗ္ဗာန်နှင့် ဝေးလှချေသေး

ထိပ်သီး မာ့က်ဆစ်များ၌ လောဘ, ဒေါသ, မောဟ များ ရှိသေးခြင်းကား ဟုတ်ပါပြီ။ လောကနိဗ္ဗာန်ဟုခေါ်ရလောက်အောင် စိတ်ချမ်းသာမှု ရှိပါ၏လော ဟု ဆက်လက်စစ်ဆေးဖို့ လိုသေး၏။ ဗုဒ္ဓဝါဒီများ အဖို့မှာ လောဘ, ဒေါသ, မောဟ ရှိနေသမျှကာလပတ်လုံး စိတ်ငြိမ်းချမ်းခြင်း မရှိနိုင်ဟူ၍ တစ်ခါတည်း လက်ခံယုံကြည်ကြမည် ဖြစ်သော်လည်း၊ စိတ်ငြိမ်းချမ်းခြင်း ဟူသော သဘောတရားကို နားလည်ကြသည့်လက္ခဏာမရှိသော မာ့က်ဆစ်များအတွက် ရှင်းလင်း ဖော်ပြရပေဦးမည်။ ရုရှား ဝန်ကြီးချုပ်နေရာသို့ ပြိတိသျှ ထီးနန်းဆက်ကဲ့သို့ တစ်ယောက်ပြီး တစ်ယောက် အသာတကြည် ဆင်းကြ တက်ကြသည် ဆိုလျှင် ရုရှားပြည်၌ ဆိုရှယ်လစ် အုပ်ချုပ်ရေးစနစ်သည် ငြိမ်းချမ်းခြင်းရှိ၍ အုပ်ချုပ်သူများ အဖို့ရာတွင်လည်း ဣန္ဒြေရပါပေသည်ဟု တင်စားစရာရှိပေ၏။ ယခုသော် ဘယ်ရီယာကိစ္စပြီးသည့်နောက် မာလင်ကော့၊ ဘူလ်ဂါနင် စသော ခေါင်းဆောင်ကြီးများ၏ ကိစ္စများကလည်း ဆက်လက်ပေါ်ပေါက်ခဲ့ရကား၊ ရုရှားပြည်၌ ကွန်မြူနစ်ခေါင်းဆောင်ကြီးများသည် နံပါတ်(၁) ခေါင်းဆောင်အဖြစ်သို့ ရောက်အောင် အကြိတ်အနယ် ကြံစည် အားထုတ်လျက်ရှိကြ၍ ၎င်းတို့ကိုယ်တိုင် ငြိမ်းချမ်းမှု မရှိခြင်းကား ထင်ရှားသည်ဟု ဆိုထိုက်ပေတော့သည်။

ဒုတိယအကြိမ်

(၁) နံပါတ် ခေါင်းဆောင်ဖြစ်အောင် လူတိုင်း အားမထုတ်စကောင်းသလောဟု မေးငြားအံ့၊ အားမထုတ်စကောင်း ဟု ဆိုလိုခြင်း မဟုတ်ရပါ။ သို့ရာတွင် ရာထူးလျှော့ချ၍ 'မိုလိုတော့' ကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးအား မွန်ဂိုလီယားကဲ့သို့သော တိုင်းပြည်ငယ် တစ်ခုသို့ သံအမတ်အဖြစ်နှင့် ပို့သားရလောက်အောင် အရေးတကြီး လုယက်မှုမျိုး ဖြစ်ကြရလိမ့်မည်ဟူ၍ အခြားတိုင်းပြည်များမှ မာ့က်ဆစ်များကိုယ်တိုင် မျှော်လင့်ခဲ့ကြဟန် မတူချေ။ ၎င်းတို့ကိုယ်တိုင်လည်း အံ့အားသင့်ခဲ့ကြပုံရ၏။ ကောက်နုတ်ချက် ထုတ်လိုက်သော ယိပ်သီး မာ့က်ဆစ်များရှိသည့် ဆိုဗီယက် ယူနီယံ၌ပင် ကွန်မြူနစ် ခေါင်းဆောင်များသည် (၁) နံပါတ်ဖြစ်သော ဝန်ကြီးချုပ်နေရာကို လိုချင်သော လောဘဇောနှင့် လုပ်ကြံဖို့ ကြိုးစားကြသည်ဆိုလျှင် ဆိုရှယ်လစ် တိုင်းပြည် ဆောက်လုပ်ခဲ့ကြသော ဗိသုကာများ ကိုယ်တိုင်မှာ ဗုဒ္ဓဝါဒ ပေတံဖြင့် တိုင်းထွာသည့်အခါ လောကနိဗ္ဗာန်နှင့် ဝေးသေးသည်ဟု ဆိုနိုင်သည် မဟုတ်ပါလော။

## သာမန် အလုပ်သမားများ

ကောင်းပါပြီ။ 'ဗိသုကာ'များကို ချန်လှပ်၍ တိုင်းသူ ပြည်သားအလုပ်သမားများသည် လောကနိဗ္ဗာန်ဟုခေါ်ဆိုလောက်အောင် စိတ်ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြပါ၏လောဟု ဆန်းစစ်ကြပါဦးစို့။ ဆိုရှယ်လစ်တိုင်းပြည်များ၌ 'စား, နေ, ဝတ်' အတွက် အထိုက်အလျောက် ဖူလုံကြသည်ဆိုသောကြောင့် ပရိယေသန မူလကဒုက္ခ၏ အစိတ်အပိုင်းကြီးတစ်ခုမှ သက်သာရာရခြင်းကို

ကျွန်ုပ် ဝန်ခံခဲ့ပြီးဖြစ်သည်။ သို့ရာတွင် လူဟူသော သတ္တဝါသည် တိရစ္ဆာန်များနှင့် တူသည်မဟုတ်ချေ။ တိရစ္ဆာန်များ အဖို့မှာ 'စား၊ နေ၊ ဝတ်' အတွက်ဖူလုံသည်ဆိုလျှင် (ဖိုနှင့်မ သူ့ အတွဲနှင့်သူ နေကြရသည်ဆိုပါက) အတော်ကြီး ငြိမ်းချမ်းမှုရှိကြသည်ဟုဆိုနိုင်၏။ လူသတ္တဝါများမှာကား ထိုကဲ့သို့မဟုတ်သေး။ စီးပွားရေး တူပ ယှဉ်ပြိုင်ဖို့မဖြစ်နိုင်ဆိုသော ဆိုရှယ်လစ်တိုင်းပြည်များ၌ လူများသည် အခြားသောကိစ္စများတွင် တူပယှဉ်ပြိုင်မှုများရှိကြလိမ့်မည်သာဖြစ်၏။ လူသတ္တဝါသည် (ပုထုဇဉ်အဖြစ်၌ရှိနေသမျှကာလပတ်လုံး) တစ်စုံတစ်ခုကို မူတည်ကာ ယှဉ်ပြိုင်နေကြလိမ့်မည်သာဖြစ်၏။ ယှဉ်ပြိုင်မှုရှိခြင်းအတွက်ကြောင့် သက်ဆိုင်ရာ၌ တိုးတက်မှုရှိခြင်းကား မှန်သည်။ သို့ရာတွင် ယှဉ်ပြိုင်မှုရှိသည် ဆိုကတည်းက ဣဿာ မစ္ဆရိယ တည်းဟူသော မနာလို ဝန်တိုမှုများ ဖြစ်ပေါ်လာ၍ စိတ်၏ ပင်ပန်းဆင်းရဲခြင်း ခံရတော့မည်မှာလည်း ကေန်မုချတည်း။

### တစ်နည်းနည်း ယှဉ်ပြိုင်ရမည်

ရှင်းဦးအံ့၊ စီးပွားရေး ယှဉ်ပြိုင်မှုမရှိဘဲ 'စား၊ နေ၊ ဝတ်' အတွက် ဖူလုံသော ဆိုရှယ်လစ် တိုင်းပြည်များတွင် တိုင်းသူပြည်သားများသည် မိန်းမများအဖို့၌ အလှအပချင်း သော်လည်းကောင်း၊ ယောကျ်ားများအဖို့၌ ကာယဗလချင်းသော်လည်းကောင်း၊ ပညာချင်းသော်လည်းကောင်း၊ စိတ်ကူးဉာဏ်ချင်းသော်လည်းကောင်း၊ သားချင်း သမီးချင်းသော် လည်းကောင်း တစ်နည်းနည်း တစ်ဖုံဖုံ တစ်မျိုးတစ်နည်းအားဖြင့်

ဒုတိယအကြိမ်

ယှဉ်ပြိုင်ကြလိမ့်မည်သာ ဖြစ်၏။ အင်္ဂလန်ပြည်၌ မလိုပ်ဘဲ မကိုင်ဘဲ ထိုင်၍ စားနိုင်သော မြေပိုင်ရှင်လူတန်းစားမျိုး ရှိကြသည်ဆိုရာ၊ ၎င်းတို့သည် အလုပ်သမား လူတန်းစားများ ယှဉ်ပြိုင်ဖို့ စိတ်ကူးမထည့်နိုင်ကြသည့် ကိစ္စများ၌ ယှဉ်ပြိုင်လျက်ရှိကြ၏။ထိုနည်းအတူ ဆိုရှယ်လစ်နိုင်ငံများတွင်လည်း အလုပ်သမားများသည် အခြားသော တိုင်းပြည်များမှ အလုပ်သမားများ ယှဉ်ပြိုင်ဖို့ စိတ်ကူးမထည့်နိုင်ကြဘဲ အင်္ဂလန်ပြည်မှ မြေပိုင်ရှင်များ ယှဉ်ပြိုင်ကြသည့် ကိစ္စမျိုးသို့တက်၍ ယှဉ်ပြိုင်လာကြပေတော့မည်၊ ဤသို့ဆိုလျှင် တိုးတက်ခြင်းပင် မဟုတ်ပါလောဟု မေးငြားအံ့၊ တိုးတက်ခြင်းတော့ ဟုတ်ပါ၏၊ သို့ရာတွင် စိတ်၏ ငြိမ်းချမ်းမှုကား (ဗုဒ္ဓဝါဒပေတံဖြင့် တိုင်းထွာသော်) ထူးမခြားနားပင် ဖြစ်သည်ဟု ဆိုရပါလိမ့်မည်။

## ယှဉ်ပြိုင်လျှင် ဆင်းရဲမည်

ဆက်၍ ရှင်းဦးအံ့။ ယှဉ်ပြိုင်ချင်သော စိတ်မျိုး ရှိသည်ဆိုကတည်းက နိုင်ရမှ ကျေနပ်ဝမ်းသာ၍ ရှုံးရလျှင် မခံချင်သော ဒေါမနဿစိတ်မျိုး ဖြစ်ပေါ်တတ်ခြင်းမှာ လူသတ္တဝါတို့၏ ဓမ္မတာပင်ဖြစ်၏။ အားကစားခြင်းနှင့် ပတ်သက်သော ယှဉ်ပြိုင်မှုများ၌ ရှုံးသောလူက ဒေါမနဿအမူအရာမျိုးမဖော်ပြဘဲ နိုင်သူအား လက်ဆွဲကာ ဝမ်းသာပါသည်ဟု ပြောရခြင်းမှာ မှန်မြတ်သော အလေ့အကျင့်ဘာသာ ဖြစ်သည်ဟု ဝန်ခံလိုပါ၏။ သို့ရာတွင် ဒေါသကို မျိုသိပ်မရနိုင်သောကြောင့် မျက်နှာကြီး ပုပ်သိုးနေခြင်းထက် ယဉ်ကျေးသော အမူအရာဖြစ်သည်ဆိုကာ

အလေ့အကျင့် ပြုကြရခြင်းမျှသာ ဖြစ်ပေရာ နိုင်သူအတွက် ရှုံးသူက အဟုတ်တကယ် ဝမ်းသာနိုင်သူများမှာ ရာခိုင်နှုန်း အားဖြင့် ဒသမ လောက်သာ ရှိကြပေလိမ့်မည်။ ဤသို့သော အမှုအရာမျိုးသည် အားကစားခြင်းနှင့် ပတ်သက်၍ ယှဉ်ပြိုင် ကြရာတွင် ထားရှိအပ်သော စိတ်ထား (Sporting Spirit) ဟူ၍ ဆိုလိုကြပေရာ၊ အခြားသော ယှဉ်ပြိုင်မှုများ၌ ထိုကဲ့သို့ သော စိတ်ထားမျိုး ထားရှိနိုင်သူတို့မှာ ရာခိုင်နှုန်းအားဖြင့် သာ၍ပင် နည်းပါးပေလိမ့်မည်။ ဆိုလိုရင်းမှာ စီးပွားအခနေဖြင့် ယှဉ်ပြိုင်မှု မရှိစေကာမူ မည်သည့်ကိစ္စ၌ ယှဉ်ပြိုင်သောစိတ်မျိုး ဝင်လာသည် ဖြစ်စေ မနာလို ဝန်တိုခြင်း တည်းဟူသော အကုသိုလ် စိတ်မျိုး ဖြစ်လာ၍ ရှုံးသူ၏ စိတ်ကို မကြည်မရွှင် မချမ်းမမြေ့ ဖြစ်စေနိုင်သည် ဟူလို။

လိုချင်တိုင်းရလျက်လည်း ဆင်းရဲမကင်း

ကားလ်မာ့က်စ်၏ ဆိုရှယ်လစ်စနစ်သည် တိုင်းသူပြည်သား များအတွက် "စား-နေ-ဝတ်" ဖူလုံစေသည့် ဆိုသော်လည်း လွတ်လပ်ခြင်း အပြည့်အဝမရှိဟူ၍ အရင်းရှင်စနစ်သမားများ က အပြစ်ဆိုကြလေရာ ၎င်းအမြင်မှာ ထိုသူတို့၏ နိုင်ငံရေးအမြင် မျှသာဖြစ်၍ ကျွန်ုပ်က ကန့်ကွက်ရန်လည်း အလိုမရှိ၊ ထောက်ခံ ရန်လည်းအလိုမရှိပေ။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ ကားလ်မာ့က်စ် ၏ ဝါဒ (Ideology) ကို ဗုဒ္ဓဝါဒရှုထောင့်မှကြည့်၍ ဝေဖန် တင်ပြလိုခြင်းမျှသာ ဖြစ်လေသည်။ ဗုဒ္ဓဝါဒရှုထောင့်မှ ကြည့် သည်ရှိသော်.... လူ့လောက၌ သာမက ၃၁-ဘုံ၌ (ဗုဒ္ဓ၏

ကျင့်စဉ်မှတစ်ပါး) လောကနိဗ္ဗာန် ဟူသည်မှာ မည်သည့် တိုင်းပြည်၊ မည်သည့်ဘုံတွင်မျှ မရှိချေ။ စား-နေ-ဝတ် အတွက် မျှလောက် ဖူလုံရုံမျှသာမက၊ အလိုရှိသော ဝတ္ထုပစ္စည်းဟူသမျှ ကို စိတ်ထဲက တောင့်တရုံမျှနှင့် ရသည်ဆိုသော နိမ္မာနရတိဘုံ သားများသည်လည်း ချမ်းသာမှုမရှိသေးဟု ဗုဒ္ဓ ဟောတော် မူ၏၊ လိုချင်တိုင်းရသည်ဆိုပါလျက် အဘယ့်ကြောင့် မချမ်း သာဘဲ ရှိရချေမည်နည်းဟု (လောဘသမားများက) ပြောကြ ပေလိမ့်မည်။ နိမ္မာနရတိနတ်ဘုံတွင် လိုချင်သော ဝတ္ထုပစ္စည်း ကို ဖန်ဆင်း၍ ယူနိုင်သည်ဆိုသော်လည်း စိတ်ကူး ဆန်းကြယ် သော နတ်များက ဆန်းဆန်းကြယ်ကြယ် ဖန်ဆင်းထားခြင်းကို အခြားသော နတ်များ မြင်ကြရသောအခါ "ကိုယ့်ထက်သာ မနေရ" ဆိုသော စကားအရ၊ ငါတို့ထက် သာချေပြီတကား ဟု မခံချင်သောစိတ်မျိုး ဖြစ်ပေါ်နိုင်သည်ဟု စဉ်းစားမိသည်။ သို့ကတည်းက ပြည့်ဝသော စိတ်ချမ်းသာမှုကို အဘယ်မှာ ရရှိ နိုင်ကြပေတော့မည်နည်း။

လောဘရှိသမျှ ငြိမ်းချမ်းမှုမရှိနိုင်

ကာလမာ့က်စ်၏ ဆိုရှယ်လစ်စနစ်ဖြင့်ဖြစ်စေ၊ အရှင်းရှင်စနစ် တိုင်းပြည်များမှ သူဌေးကြီးများဖြစ်စေ၊ အဟုတ်တကယ် စိတ်ချမ်းသာမှုဆိုသည်မှာ သက်တန့်နောက်သို့လိုက်ရခြင်းကဲ့သို့ လိုက်ရင်း ရွေ့ရင်းဖြစ်၍ ဘယ်တော့မှ မီနိုင်သည်မရှိသည့်နည်း တူ လောက၌ စိတ်ချမ်းသာမှု ဟူသည်မှာလည်း ဤအရာကို ရပြီးရင်း ထိုအရာကို လိုချင်ရင်း၊ ထိုအရာ ရပြန်ပါတော့လည်း

ကိုယ့်ထက်သာသောလူများကို မြင်ရ၍ မနာလိုဝန်တိုဖြစ်ရခြင်းတို့ကြောင့် လုံးဝ စိတ်ချမ်းသာမှုဟူ၍ ဘယ်တော့မှ ရနိုင်သည်မဟုတ်ချေ။ ကာလ်မာ့က်စ်၏ ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့် တိုင်းသူပြည်သား (ထိုမှ တစ်ဖန် ကမ္ဘာသူ-ကမ္ဘာသား) ကို လောကနိဗ္ဗာန်သို့ တင်ပို့မည်ဆိုခြင်းမှာ လူသတ္တဝါတို့၏ စိတ်သဘာဝကို နားမလည်ရာရောက်၍၊ အပူတစ်ခုငြိမ်းပြီးနောက် အခြားသောအပူတစ်ခု ပေါ်ပေါက်ရမည်သာ ဖြစ်လေသည်။ ဤသည်မှာကား ကာလ်မာ့က်စ်၏ ဝါဒကို ဗုဒ္ဓဝါဒရှုထောင့်မှ ရှုဆင်ခြင်ခြင်းပင် ဖြစ်လေသည်။

## မဟတ္တမဂန္ဒီ၏ တွက်ကိန်း

မဟတ္တမဂန္ဒီ၏ ဝါဒကား တစ်မျိုးဖြစ်၏။ လူသတ္တဝါသည် ဝတ္ထုပစ္စည်း အဆန်းအသစ်များ သုံးစွဲလိုမှုကြောင့် ဒုက္ခရောက်ရသည်။ နိုင်ငံခြားမှလာသော လူသုံးပစ္စည်းများကို မသုံးစွဲဘဲ ပြည်တွင်းဖြစ်ပစ္စည်းများကိုသာ သုံးစွဲလျှင် စီးပွားရေး ချောင်လည်၍ လူတွေစိတ်ချမ်းသာရမည်ဟု ယုံကြည်သူဖြစ်၏။ ဥပမာ နိုင်ငံခြားမှလာသော လန်ကက်စတာ ပိတ်ချောများကို ဝယ်ယူဝတ်ဆင်ကြမည့်အစား အိမ်တိုင်းအိမ်တိုင်း၌ ဝါဂွမ်းကိုဗိုင်းငင်၍ ချည်ဖြစ်အောင်လုပ်ပြီး လက်ယက်ကန်းဖြင့် ယက်လုပ်ဝတ်ဆင်ကြရမည်ဟုဆိုလေသည်။ ရုတ်တရက်ကြည့်သော်ဟုတ်တုတ်တုတ် ထင်ရ၍ ဤနည်းဖြင့် စိတ်ချမ်းသာမှုရမည့်ယောင်ယောင် ထင်ရ၏။ သို့ရာတွင် ပိတ်ချောကိုမမြင်ဖူးသူများ ဖြစ်ခဲ့လျှင် ဟုတ်ကောင်း ဟုတ်ပေမည်။ ပိတ်ချောများကို မြင်ဖူး, ဝတ်ဖူးသူများ

အဖွဲ့ရာဥ္မူကား စိတ်ချမ်းသာမှု၊ သို့မဟုတ် စိတ်ကျေနပ်မှု ရှိနိုင်ကြလိမ့်မည် မဟုတ်ချေ။ တင်းတိမ် ရောင့်ရဲခြင်း ဟူသည်မှာ ပြည်သူ တစ်ရပ်လုံးအား ခဏတဖြုတ် အတွက် ဟောပြော၍ ရကောင်းရမည်၊ သို့တည်းမဟုတ် တစ်ယောက်တစ်လေအား အခါခပ်သိမ်းအတွက်ဟောပြော၍ရချင်လည်းရမည်။ သို့ရာတွင် ပြည်သူအားလုံးအားအခါခပ်သိမ်းလိုက်နာကျင့်သုံးကြရအောင် ဟောပြောရန်မူကား မဟတ္တမဂန္ဓီလည်း မတတ်နိုင်။ ဂေါတမဗုဒ္ဓလည်း တတ်နိုင်တော်မမူခဲ့ချေ။ ဂေါတမဗုဒ္ဓကမူ လူအားလုံး အမြဲထာဝရ လိုက်နာကြလိမ့်မည် မဟုတ်ခြင်းကို မြင်တော်မူ၍ ရည်ရွယ်ချက်လည်း မရှိ၊ တစ်ယောက်ကောင်း နှစ်ယောက်ကောင်း မျှသာ အရိယာဖြစ်ဖို့ ဟောပြောခဲ့ရာ မဟတ္တမဂန္ဓီမူကား သူ၏လမ်းစဥ်ကို တစ်တိုင်းတစ်ပြည်လုံး လိုက်နာစေဖို့ ချမှတ်ခဲ့ဖူးခြင်း ဖြစ်လေသည်။ ဤကား.... ခြားနားချက်ပေတည်း။

### အတိဂမ္ဘီရ တရားတော်ကြီး

ဂေါတမဗုဒ္ဓသည် မိမိ၏လမ်းစဥ်ကို တစ်တိုင်းပြည်လုံး၊ တစ်ကမ္ဘာလုံး၊ တစ်လောကလုံး ကျင့်သုံး လိုက်နာကြလိမ့်မည်ဟု မျှော်လင့်ချက် ထားတော်မမူချေ။ အလွန့်အလွန် ခက်ခဲနက်နဲလှသော တရားတော်ကြီး ဖြစ်၍ ဤလူတွေကို ဟောပြခြင်းအားဖြင့် နားလည်နိုင်ကြမည်မဟုတ် ဆိုကာ စိတ်ပျက် အားလျော့တော်မူဖူးရာတွင် သဟမ္ပတိ ဗြဟ္မာကြီး၏ တောင်းပန်လျှောက်ထားချက်ကြောင့် ဟောတော်မူရသည်ဟု စာဆိုရှိ၏။

ဤသို့သော တရားတော်ကြီးကို တစ်တိုင်းတစ်ပြည်လုံးက လက်ခံယုံကြည်ပြီး အတိအကျကျင့်သုံးလိုက်နာခြင်းအားဖြင့် အရိယာပုဂ္ဂိုလ်တွေ ဖြစ်ကုန်ကြဖို့ ဘယ်ကဲ့သို့ မျှော်လင့်တော်မူနိုင်ပါအံ့နည်း။

## ချမ်းသာမှုချင်း နှိုင်းယှဉ်ချက်

ကာလ်မာ့က်စ်နှင့် မဟာတ္တမဂန္ဒီတို့သည် သူတို့ဝါဒနှင့်သူတို့လူတွေကို ချမ်းသာအောင်ဆို၍ နည်းလမ်းညွှန်ပြခဲ့ကြ၏။ အရေအတွက် အရ လည်းကောင်း၊ ကာလဘာရှည်ခြင်းအရ လည်းကောင်း ကြည့်ပါက ကာလ်မာ့က်စ်သည် မဟာတ္တမဂန္ဒီထက်အောင်မြင်သည်ဟု ဆိုရပေမည်။ ထိုပုဂ္ဂိုလ်ကြီး နှစ်ဦးတို့၏မျှော်မှန်းချက်မှာ လူသတ္တဝါတွေကို အစုလိုက် အပြုံလိုက်၊ တိုင်းပြည်လိုက်ချီ၍ ချမ်းသာအောင် ညွှန်ပြရန်ဖြစ်၏။ ဂေါတမဗုဒ္ဓ၏ ရည်မှန်းချက်မှာ ထိုကဲ့သို့မဟုတ်။ ပါရမီ ရင့်ကျက်သူဝေနေယျသတ္တဝါများအား စိတ်ငြိမ်းချမ်းမှု ရစေဖို့၊ ကိလေသာ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ရောက်စေဖို့ ဖြစ်၏။ မာ့က်စ်ဝါဒီများက ဂေါတမဗုဒ္ဓ၏လမ်းစဉ်သည် လူများစုအတွက်မဟုတ်၊ လူတွေကို ပစ္စည်းချမ်းသာအောင် လုပ်ပေးနိုင်သော လမ်းစဉ်မဟုတ်ဟု ဆိုကြ၏။ အချို့သော ဗုဒ္ဓဘာသာဝင်များက ဤစကားအတွက်ကြောင့် မခံမရပ်နိုင်ဘဲ ရှိကောင်း ရှိကြပေလိမ့်မည်။ ကျွန်ုပ်ကမူကား ဟုတ်ပေသည်ဟူ၍ပင် ဝန်ခံမည်ဖြစ်၏။ ဂေါတမဗုဒ္ဓသည် လူတွေကို ပစ္စည်းချမ်းသာအောင် လုပ်ပေးဖို့ရည်ရွယ်ချက်လည်း မရှိ၊ ပစ္စည်းချမ်းသာမှု စိတ်ချမ်းသာနိုင်

သည်ဟူ၍လည်း မြင်တော်မူ၏။ သတ္တဝါအားလုံးအတွက် ပါရမီ အနုအရင့်အလိုက် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာ ကို ရရှိစေရန် ပွင့်တော်မူလာခြင်း ဖြစ်၏။

သို့ရာတွင် ကာလ်မာ့က်ဇ်၏ ဆိုရှယ်လစ်ဝါဒမှ ရရှိသော ချမ်းသာမှုမှာ ဗုဒ္ဓဝါဒမှရရှိသည့် ချမ်းသာမှုနှင့် တစ်ယောက် ချင်း အနေဖြင့် နှိုင်းယှဉ်သည်ရှိသော် ဇီးကင်းနှင့် ဖောင်လုံး ကြီးကဲ့သို့ ကွာခြားလိမ့်မည် ဖြစ်သတည်း။ ၀

# ဗုဒ္ဓဝါဒနှင့်စေတနာ

## အသားစားလျှင် အပြစ်ရှိသလော

"စေတနံ့-စေတနာကို၊ ကမ္မံ-ကံဟူ၍၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ- ဟောတော်မူ၏"ဟုကျမ်းဂန်ပါဠိ လာရှိသော်လည်း စေတနာဟူသော သဘောတရားကို နားမလည်သော အခြားဘာသာများက ဗုဒ္ဓ၏နှုတ်ကပတ်တော်ကို ပြောင်လှောင်ကြရုံမျှမက ဗုဒ္ဓဘာသာဝင် အချို့ကပင် နားဝင်သယောင်နှင့် ပြောကြရေးကြခြင်းများကို ကြားရ ဖတ်ရဖူးလေသည်။ ဗုဒ္ဓက 'ငါမပညတ်သည်ကို မပညတ်လေနှင့်၊ ငါပညတ်သည်ကိုလည်း မဖျက်ဆီးလေနှင့်' ဟု ဟောတော်မူခဲ့ရာ အချို့ ပုဂ္ဂိုလ်များသည် စေတနာကောင်းသယောင်နှင့် ဉာဏ်ကုန်ကြံ၍ ဗုဒ္ဓ၏ ပညတ်ချက်ကို ဖျက်ဆီးရာ သို့မဟုတ် ပြင်ဆင်ရာ ရောက်သော ဩဝါဒမျိုး ပေးကြသည်ကို ကြားရ၏။ ထိုသို့သော ဩဝါဒမျိုးသည် လူပြိန်းများအဖို့ ကောင်းတော့မယောင် ထင်မှတ်ဖွယ်ရှိသော်လည်း ဗုဒ္ဓအား ယုံကြည်မှုသဒ္ဓါစိတ်ကို နုံ့နဲ့စေ၍ သာသနာတော်၏ ညှိုးမှိန်ဖွယ်အကြောင်း ဖြစ်သည်ဟု ကျွန်ုပ်ယူဆသည့် အလျောက် မျက်နှာကြီး ပုဂ္ဂိုလ်များကို မညှာမထောက်နိုင်ဘဲ ဗုဒ္ဓ၏မျက်နှာတော်ကိုသာ ထောက်ထားခြင်း

အားဖြင့် ဤဆောင်းပါးကို ရေးသားရခြင်းဖြစ်သည်။ ကျွန်ုပ်တင်ပြလိုသောပြဿနာမှာ 'သက်သတ်လွတ် ရှောင်ခြင်း'တည်းဟူသော ပြဿနာပင်ဖြစ်သည်။

## သက်သတ်လွတ်တရား

ကျွန်ုပ်သည် အသက် ၂၀ ကျော်အရွယ်လောက်တွင်နာမည်ကျော် သီယိုဆိုဖီသမားကြီးတစ်ယောက်၏ တရားကို ကြားမိ၍နားယောင်ခဲ့မိဖူးသည်။ ထိုလူကြီးက ဗုဒ္ဓသည် သက်သတ်လွတ်ရှောင်တော်မူကြောင်း၊ ပရိနိဗ္ဗာန် စံတော်မူခါနီး၌ စုန္ဒ ဆက်ကပ်သော ဝက်ပျို့ဆွမ်းကိုဘုဉ်းပေးတော်မူသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အမှန်မှာ ဝက်သားမဟုတ်၊ဝက်များစားတတ်သောမှိုတစ်မျိုးသာ ဖြစ်ကြောင်း၊ အထူး စဉ်းစားထိုက်သည်မှာအိမ်၌ လက်သပ်မွေးထားသော ကြက်ကလေးဝက်ကလေး သေဆုံးသည့်အခါ ၎င်း၏အသားကို မစားရက်သော သခင်များရှိကြောင်း၊ ကြက်ကလေး၏သခင်သည် ကြက်ကလေးအပေါ်၌ကရုဏာဖြစ်၍ ၎င်း၏ အသားကို မစားရက်ဟုဆိုလျှင် မဟာကရုဏာရှင်ဖြစ်တော်မူသော ဗုဒ္ဓသည် သတ္တဝါ၏ အသားကိုမည်သည့်နည်းနှင့်မျို၍ကျနိုင်ပါမည်နည်းစသည်ဖြင့်အကြောင်းပြ ပြောဟောခြင်းကို ကြားနာလိုက်ရသည်။ ဤတွင် ကျွန်ုပ်မှာ 'ဟုတ်ပေသည်'ဟု သဘောကျ၍ (ကောင်းကောင်း စားချင်တတ်သူ တစ်ယောက် ဖြစ်သဖြင့်) သက်သတ်လွတ်သမား တစ်ယောက် ဖြစ်မသွားစေကာမူ အသား စားမိတိုင်း ခပ်တွန့်တွန့်ဖြစ်ခဲ့မိဖူးသည်။

## ဒေဝဒတ်၏ အကြံပေးချက်

ဗုဒ္ဓ၏ မဟာကရုဏာတော်အကြောင်းကို ခေတ္တဖြတ်ထား ခဲ့၍ ဗုဒ္ဓ ဟောတော်မူခဲ့သည့် ဒေသနာတော်များမှ တွေ့ရသော အချက်တစ်ခုကို ရှေးဦးစွာတင်ပြရပေဦးမည်။ ယောက်ဖတော် ဒေဝဒတ်သည် သံဃာကို ဂိုဏ်းခွဲလိုသော အကြံအစည်နှင့် ဗုဒ္ဓ အား-အချက် ငါးချက်ပါသော အကြံတစ်ခု ပေး၏။

(၁)တပည့်ရဟန်းများအား ရွာနီးကျောင်းတွင် မနေစေဘဲ တောကျောင်းတွင် သီတင်းသုံးစေရန်၊ (၂) ပို့သောဆွမ်းကို ဘုဉ်းမပေးစေဘဲ ဆွမ်းခံ၍သာစားစေရန်၊ (၃)ဒါယကာများ လှူသောသင်္ကန်းကို မဝတ်ရုံစေဘဲ ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံ စေရန်၊ (၄) ဆောက်လုပ်လှူဒါန်းသောကျောင်းတွင် မထိုင် စေဘဲ သစ်တစ်ပင်ဝါးတစ်ပင်အောက်၌ နေစေရန်၊ (၅) အမဲ သားငါးကို မစားစေဘဲ၊ မြေပေါက်အသီးအနှံ စသည်တို့ကို သာ မှီဝဲစေရန် ပညတ်ဖို့ လျှောက်ထားလေသည်။ ဒေဝဒတ် ၏ အကြောင်းပြချက်ကား ဤကဲ့သို့ - ခိုးခြံသောအကျင့်မျိုး ကျင့်သုံးခြင်းဖြင့် လူအများတို့ ကြည်ညိုဖွယ်ဖြစ်စေနိုင်ပါသည် ဟု ဆိုလေသည်။

## ငြင်းပယ်တော်မူခြင်း

ဗုဒ္ဓသည် ဒေဝဒတ်၏ အကြံပေးချက် ငါးခုကို တစ်ခုမျှ လက်ခံတော်မမူဘဲ ပယ်ဖျက်ခဲ့ရာ အခြားသောအချက်များမှာ ဤဆောင်းပါးနှင့် မသက်ဆိုင်သဖြင့် အသားရှောင်ပြီး မြေ

ပေါက်ကိုသာ (ခက်ခဲဝင်လွတ်) စားဖို့ဆိုသော ဒိုးကြံပေးချက်နှင့်ပတ်သက်သည့်ဗုဒ္ဓ၏အဖြေကိုသာ ဖော်ပြလိုပါသည်။

ဗုဒ္ဓက အစွန်းသုံးပါးလွတ်သော အသားဆိုလျှင် စားနိုင်ခွင့်ရှိသည်၊ အစွန်းသုံးပါးဟူသည်ကား ကြားသား (သတ်သံကြားသောအသား)၊ မြင်သား (သတ်သည်ကို မြင်လိုက်ရသောအသား)၊ ရည်သား (မိမိအဖို့ ရည်ရွယ်၍ သတ်သောအသား) တို့ကိုသာ ရှောင်သင့်သည်ဟု မိန့်တော်မူလေသည်။ ဤတွင် အချို့သော ရဟန်းများသည် ဒေဝဒတ်၏ အကြံပေးချက်ကို မြတ်သည်ထင်ကြ၍ ဗုဒ္ဓကိုစွန့်ခွာပြီး ဒေဝဒတ် နောက်သို့ ပါသွားကြသည်ဟု ဆိုလေသည်။

## မျက်စိလည် တစ်ဝက်ပျောက်ခြင်း

ထိုအချက်ကို တွေ့ရသောအခါ ကျွန်ုပ်အဖို့ရာ၌ သီယိုဆိုဖီဆရာကြီး၏ ဟောပြောချက်ကြောင့် မျက်စိလည်ရာမှ တစ်ဝက် တစ်ပျက် ပျောက်ပျူခဲ့လေပြီ၊ ကျွန်ုပ် စဉ်းစားမိသည်ကား ရဟန်းတို့မည်သည် ဒါယကာ ဒါယိကာမများ ပေးလှူသော (လောင်းသော) ဆွမ်းနှင့်ဆွမ်းဟင်းကိုသာ ဘုဉ်းပေးကြရသည် ဖြစ်ရာ၊ အကယ်၍ ဒေဝဒတ်အကြံပေးသည့်အတိုင်း သက်သတ်လွတ်ရှောင်ပြီး 'မြေပေါက်'ကိုသာ ဘုဉ်းပေးမည်ဆိုပါက ဆွမ်းခံစဉ်ကတည်းက 'ငါတို့ အသားမစား၊ သက်သတ်လွတ်ကိုသာ စားသည်' ဆိုသောအဖြစ်ကို ဒါယကာ ဒါယိကာမများ သိစေခြင်းငှာ၊ မောင်းကြေးနင်းခတ်ခြင်း၊ သို့မဟုတ် အလံထူခြင်း စသည်ဖြင့် ကြေညာထားဖို့ လိုပေလိမ့်မည်။ ယင်းသို့ဆိုလျှင်

မြတ်သောအလုပ်ကို လုပ်သည်တို့ကို ရပ်သိရွာသိ ထင်ထင်ပေါ် ပေါ် လုပ်ခြင်းဖြင့် ဝါဝါကြွားကြွား အသားယူရာ ရောက် ပေတော့မည်။ သို့ဆိုလျှင် ဗုဒ္ဓ၏ ရည်ရွယ်ချက်နှင့် မကိုက်ညီဘဲ ရှိတော့မည်။ (မှောင်ခိုသောင် ပုဂ္ဂိုလ်များသည် လှူသံပေးခဲ့ လျှင် ပျက်တော့မည်ဟုဆိုသည်) စသည်များဖြင့် ဆင်ခြင်မိပါ တော့သည်။

**ဒေဒကတက်ကြခြင်း**

ကျိုလက်ထက်တွင်မူကား ဗုဒ္ဓဟောတော်မူခဲ့သည့် အစွန်း သုံးပါး လွတ်ရုံမျှနှင့် ကိစ္စ မပြီးသေး။ အသားစားသည် ဆို ကာတည်းက ငရဲကြီးလေပြီဟု ပြောသံဆိုသံများသည် အတော် ကျယ်လောင်စွာ ပေါ်ထွက်လျက်ရှိ၏။ ထိုသူတို့၏ ဆင်ခြေမှာ ကား သတ္တဝါကို ကိုယ်တိုင်မသတ်သော်လည်း မိမိတို့က ဝယ် စားသည့်အတွက်ကြောင့်သာလျှင် သတ်သူက သတ်ရောင်းခြင်း ဖြစ်၍ အားပေးအားမြှောက် ပြုရာရောက်ကြောင်း ဥပဒေ၌ (Aiding and Abetting)အားပေးအားမြှောက် ပြုလုပ်ခြင်း သည်လည်း အပြစ်ရှိသည်ဟု ဆိုထားကြောင်း စသည်များဖြင့် ဗုဒ္ဓ၏ ညွှတ်ဆောင်ကို လူလုပ်သော ဥပဒေအကိုးအကားများ ဖြင့် ဒေဒကတက်ကြသေသည်။

**စကွဲပါလထုံး**

စားသူရှိ၍ သတ်ခြင်း၊ ထို့ကြောင့် သတ္တဝါများ သေရ ခြင်းကား ပုတ်ကောင်းဟုတ်ပေမည်။ သို့ရာတွင် သတ္တဝါများ

သေရခြင်းအတွက်ကြောင့် စားသူများ၌ အပြစ်ရှိသည် ဆိုခြင်းကား ချွတ်ချော်သောအယူအဆဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် စေတနာ မပါမရှိသောကြောင့်ပေတည်း။ သာဓက တင်ပြရသော် စက္ခုအလင်းမရသော စက္ခုပါလထေရ်ကြီးသည် စင်္ကြံလျှောက်ရင်း တရားအားထုတ်ရာတွင် ပိုးမွှားတိရစ္ဆာန်များကို နင်းမိ၍ သေကျေကြရသည်နှင့် ပုထုဇဉ်ရဟန်းများက စွပ်စွဲကဲ့ရဲ့ကြ၏။ ဗုဒ္ဓသည် ယင်းအခြင်းအရာကို ကြားသိတော်မူရာတွင် ပိုးမွှားတိရစ္ဆာန်များကို နင်းမိ၍ သေကျေကြရသည် မှန်သော်လည်း သေစေလိုသော စေတနာ မရှိခြင်း အတွက်ကြောင့် ထေရ်ကြီး၌ အပြစ်မရှိဟူ၍ ပုထုဇဉ် ရဟန်းများအား ဟောပြော ဆုံးမတော်မူဖူးလေသည်။ စားသူရှိ၍ သတ်ခြင်း၊ ထို့ကြောင့် သတ္တဝါများသေရခြင်းသည် သွယ်ဝိုက်သော နည်းမျှသာဖြစ်ရာ၊ ထေရ်ကြီးမှာကား၊ ၎င်း၏ခြေဖဝါးဖြင့် တိုက်ရိုက်နင်းမိခြင်းဖြစ်၏။ သို့နှင့်ပင် အပြစ်မရှိဟု ဗုဒ္ဓကိုယ်တော်တိုင် အဆုံးအဖြတ် ပေးတော်မူဖူးလေသည်။ အကြောင်းမူကား သေစေလိုသော စေတနာမရှိသောကြောင့်ပေတည်း။

## သိလျက်နှင့် လုပ်ခြင်းဆိုမည်လော

ဗုဒ္ဓ၏အဆုံးအဖြတ်ကို မကျေနပ်သော လူများကမူ မျက်စိမမြင်ဘဲလျက်နှင့်စင်္ကြံလျှောက်သည်ဆိုကတည်းက ပိုးမွှားတွေကို နင်းမိပြီးသေရှာကြလိမ့်မည်ဆိုသည်ကို မသိသလောဟုစောဒကတက်ချင်ကြပေလိမ့်မည်။ သို့ဆိုလျှင် မည်သူလမ်းလျှောက်သည်ဖြစ်စေ၊ လမ်းပေါ်တွင် ပုရွက်ဆိတ် စသော ပိုးမွှားတိရစ္ဆာန်

ကလေးများကို အနည်းနှင့်အများ နှင်းမိ၍ သေရှာကြလိမ့်မည် မဟုတ်ပါလော။ သိလျက်နှင့် လမ်းလျှောက်ကြခြင်းဖြစ်၍ အပြစ်ရှိသည်ဟု ဆိုကြမည်လောဟူ၍သာ မေးရချေတော့မည်။ သို့ဆိုလျှင် မည်သူမျှပင် လမ်းလျှောက်ဝံ့စရာ ရှိတော့မည် မဟုတ်ချေ။

**သေကြဖို့သာ ရှိတော့သည်**

အချို့ကလည်း သန်း၊ ကြမ်းပိုးစသော အသေးအမွှားများကိုအဝတ်အထည် အိပ်ရာနေရာ စသည်များမှ ဖယ်ရှားပစ်ခြင်းသည် အပြစ်ရှိသည်ဟု ယူဆကြ၏။ ထိုသူတို့၏ စဉ်းစားနည်းမှာကား သန်း၊ ကြမ်းပိုးများသည် လူ၏သွေးကို စုပ်ခြင်းအားဖြင့် အသက်ရှင်ကြရသည်၊ ၎င်းတို့ကို အဝတ်အထည် စသည်များမှ ကောက်ယူဖယ်ရှားပစ်လိုက်ရင် စားစရာအာဟာရပြတ်ပြီး သေရှာကြရမည်ကို မသိသလော။ သိလျက်နှင့် ပြုလုပ်ခြင်းဖြစ်သောကြောင့် အပြစ်ရှိရမည်ဟု ဆိုကြပြန်သည်။ သို့ဆိုလျှင် လေထဲ၌လည်း ပိုးမွှားကလေးများ ရှိကြသည်ဆိုရာ အသက်ရှူရှိုက်သောအခါတွင် ၎င်းတို့ပါသွား၍ သေကျေ ပျက်စီးကြရသည်ဖြစ်ကြောင့် အပြစ်ရှိသည် မဟုတ်ပါလောဟု မေးစရာကောင်းတော့သည်။ စေတနာကို ထည့်သွင်းဆင်ခြင်ခြင်းမပြုဘဲ၊ သတ္တဝါသေရခြင်းကိုသာ ကြည့်မည်ဆိုပါလျှင် အသားမစားဝံ့ရုံသာမက လမ်းလည်း မလျှောက်ဝံ့၊ သန်း၊ ကြမ်းပိုး ကိုက်၍မျှလည်း ဖယ်ရှားမပစ်ဝံ့၊ ယုတ်စွအဆုံး အသက်ပင်မရှူဝံ့ဘဲ အသေခံကြရုံသာ ရှိပေတော့မည်။

---

ဒုတိယအကြိမ်

## စေတနာအဆုံးအဖြတ်

တစ်စုံတစ်ခုသော အပြုအမူကို ဆုံးဖြတ်ချက်ချရာတွင် ဤသတ္တဝါ၌ ထိခိုက်သည်၊ ထိုသတ္တဝါ၌ အကျိုးရှိသည်၊ ဤကား လူကြည့်ရှုကောင်းသည်၊ ဤကား အမြင်မတော် စသည်ဖြင့် မကြည့်သင့်ဘဲ ပြုလုပ်သောပုဂ္ဂိုလ်၏ စေတနာကိုသာ ကြည့်သင့်ကြောင်း၊ လူအချင်းချင်းက မည်ကဲ့သို့ကြည့်ပြီး ဆုံးဖြတ်ကြသည်ဖြစ်စေ၊ အကျိုးပေးရာ၌မူ စေတနာ အတိုင်းသာ ကောင်းကျိုး မကောင်းကျိုးပေးတတ်ကြောင်း သာဓကတစ်ခု တင်ပြပါဦးအံ့။ ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်၌ ခရီးသွား ယောကျ်ားတစ်ယောက်သည် အမိုးအကာ မရှိသဖြင့် နေပူလျက်ရှိသော ဆင်းတုတော်တစ်ဆူကို တွေ့သည်နှင့် မိမိစီးလာသော ဖိနပ်ကိုချွတ်၍ ဆင်းတုတော်၏ ဦးခေါင်းထက်ဘွင် တင်ထားခဲ့၏။ များမကြာမီ အခြားခရီးသည် ယောကျ်ားတစ်ယောက် ရောက်လာ၍ အမြင်မတော်အလုပ်ကို လုပ်ရက်လေခြင်းဟု ရေရွတ်ကာ ဖိနပ်ကိုလှမ်းယူကာ လွှင့်ပစ်ခဲ့သည်။ ထိုအပြုအမူအတွက်ကြောင့် ၎င်းခရီးသည်အသီးသီးမှာ မည်ကဲ့သို့ အကျိုးပေးသည် ထင်ကြသနည်း။

## အရမ်းမဆုံးဖြတ်ဝံ့တော့

ဖိနပ်ကို ဆင်းတုတော်မှ ကောက်ယူလွှင့်ပစ်သော ခရီးသည်သည်သာလျှင် ကောင်းကျိုးပေး၍ ဆင်းတုတော်၏ ဦးခေါင်းထက်ဝယ် ဖိနပ်မိုးတင်ထားခဲ့သောခရီးသည်မှာ အဝိစိ

သို့ကျသည်ဟု ထင်ကြသလော။ မဟုတ်ချေ။ ဤသူ နှစ်ဦးစလုံးမှာ သေလွန်သောအခါ တာဝတိံသာနတ်ပြည်သို့ ရောက်ကြသည်ဟု ကျမ်းအဆိုရှိလေသည်။ ဆင်းတုတော်၏ ဦးခေါင်းထက်ဝယ် ဖိနပ်မိုးတင်ခဲ့ခြင်း တည်းဟူသော အပြုအမူသည် အခြားလူများ၏မျက်စိ၌ အမြင်မတော်ဟု ဆိုကြမည်ဖြစ်သော်လည်း၊ ထိုသူ၏စေတနာမှာမူ နုယ်နုယ်မဟုတ်ပေ။ ဆင်းတုတော်၏မျက်နှာ၌ နေပူခြင်းကို မကြည့်ရက်သည်နှင့် ဖိနပ်ကိုချွတ်တင်ပြီး မိမိကိုယ်တိုင် ခြေပူခံ၍ လမ်းလျှောက်ခဲ့ခြင်း ဖြစ်လေသည်။ ဤစာကိုတွေ့ရပြီးသည့် အချိန်မှစ၍ ကျွန်ုပ်အဖို့မှာ လူတစ်ဦး တစ်ယောက်၏ အပြုအမူနှင့် ပတ်သက်၍ အဆောတလျင် ဆုံးဖြတ်ချက်မပေးဝံ့တော့ဘဲ အကြင်သူ၏ရည်ရွယ်ချက် စေတနာကိုလည်း နာအောင် စူးစမ်းဆင်ခြင်သော အလေ့အထ ဖြစ်ပေါ်လာခဲ့ပါသည်။

## ညာဏ်ကွန့်သူများ

ကြွားသား၊ မြင်သား၊ ရည်သား–တည်းဟူသော အစွန်းသုံးပါးဟု ဆိုရာ၌ ဈေးထဲ၌ရောင်းသော သားငါးသည် ဝယ်ယူစားသုံးမည့် သူများအတွက် ရည်ရွယ်ခြင်း ဖြစ်သောကြောင့် အစွန်းမလွတ်'ရည်သား'ဖြစ်သည်ဟု အချို့က ဆိုချင်ကြသည်။ ဗုဒ္ဓ ဆိုလိုတော်မူသည်မှာ ပုဂ္ဂိုလ်အနေဖြင့် ရည်ရွယ်၍ သတ်ခြင်းမျိုးကိုသာ ဆိုလို၏၊ ဥပမာ အိမ်တစ်အိမ်သို့ ဧည့်သည်အဖြစ်ဖြင့် ရောက်သွားသည့်အခါ ကြက်ကိုသတ်၍ ကျွေးခြင်းမျိုးကို ဆိုလိုခြင်းဖြစ်၏။ သနားကြင်နာတတ်သည်ဆို၍၊ သက်

သတ်လွှတ် ရှောင်သူများကို မည်သို့မျှပြောရန် အလိုမရှိသော်လည်း စျေးမှဝယ်စားခြင်းသည်ပင် အားပေး ကူညီရာရောက်၍ အပြစ်ရှိသည်ဆိုကာ ဉာဏ်ကွန့်ကြသော ဒေဝဒတ်ဂိုဏ်းသားများအတွက်သာလျှင် ရေးသားရခြင်း ဖြစ်လေသည်။

## အသား ရှောင်သင့်သောနေရာ

အသားရှောင်ခြင်းသည် သူ့နေရာနှင့်သူ ကောင်းမွန်ခြင်းကို ဝန်ခံရန် အသင့်ရှိပါ၏။ ဗုဒ္ဓလက်ထက်တော်၌ တစ်နေရာတွင် ရဟန်းအချို့ တရားအားထုတ်ကြရာ၊ ဘီလူးသဘက်များ၏ အနှောင့်အယှက်ကြောင့် ဖြောင့်ဖြောင့်အားမထုတ်နိုင်ဘဲ ရှိကြသည်ဆို၏။ ဤအကြောင်းကို ဗုဒ္ဓအား လျှောက်ထားကြရာတွင် ဗုဒ္ဓက မေတ္တာသုတ် ပရိတ်သာမက ၎င်းဌာန၌ သီတင်းသုံးကြသည့် အခိုက်အတန့်အတွင်း အသားစားခြင်းမှ ရှောင်ကြဉ်ကြရန်ကိုလည်း မိန့်တော်မူဖူးလေသည်။ အဓိပ္ပာယ်မှာ ဘီလူးများသည် အသားစားသမားများ ဖြစ်ကြလေရာ၊ ရဟန်းများက အသားကိုရှောင်ခြင်းအားဖြင့် သူတို့နှင့်မတူသော အခြင်းအရာကိုပြ၍ လေးစားအောင် ပြုလုပ်ရခြင်းဖြစ်သည်ဟု ဆိုလေသည်။ ဤအခြင်းအရာကို ကျွန်ုပ်ယုံကြည်ပါသည်။

## ကိုယ်တိုင် ရှောင်ခဲ့ဖူးခြင်း

အသားရှောင်ခြင်းနှင့် ပတ်သက်၍ ကျွန်ုပ်ကိုယ်တိုင် အလေ့အကျင့်ပြုလုပ်ခြင်းကိုလည်း တင်ပြရဦးမည်။ ကျွန်ုပ်မှာ ကောင်း

မွန်သော ဟင်းလျာများနှင့် မြိန်မြိန်ရှက်ရှက် စားချင်တတ်သော ဝါသနာရှိ၏။ သောက်စားတတ်စဉ်အခါကလည်း အချို့လူများကဲ့သို့ မူးယစ်ချင်၍မဟုတ်။ အနည်းငယ် သောက်ခြင်းသည် လျှာကို ထက်မြက်စေ၍ မြိန်ရှက်သည်ထက် မြိန်ရှက်စေတတ်ခြင်းကိုတွေ့ရသဖြင့် စားကောင်းစေခြင်းငှာ (Appetiser) သောက်ခဲ့မိခြင်း ဖြစ်ပါ၏။ ကျန်းမာရေးစာအုပ်တစ်အုပ်၌ လူသတ္တဝါသည် တစ်နှစ်လျှင် ရက်သတ္တတစ်ပတ်ခန့်မျှ အစာအိမ်ကို အနားပေးသည့်သဘောနှင့် လိမ္မော်ရည် စသည်မျှလောက်နှင့် နေနိုင်လျှင် ကျန်းမာရေးအတွက် အလွန်ကောင်းကြောင်း ဖတ်ရဖူးလေသည်။ ဤတွင် ကျွန်ုပ် အကြံဖြစ်သည်မှာကား ငါသည် မြိန်မြိန်ရှက်ရှက် စားချင်တတ်သော ရသတဏှာ အတွက်ကြောင့် တစ်ခါတစ်ရံ သောက်မိတတ်သည်။ သို့ဖြစ်လျှင် တစ်ချက်ခုတ်-နှစ်ချက်ပြတ်သဘောနှင့် အမဲသား ငါး စသော ကောင်းမွန်သည့် ဟင်းလျာများကို ရက်အပိုင်းအခြားနှင့် ရှောင်ကြဉ်အံ့ဟု အကြံရ၏။ သို့ဖြစ်၍ ရက်သတ္တတစ်ပတ်အတွင်း ထမင်းနှင့် အမဲသားငါးတို့ကို ရှောင်၍၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးကိုသာ စားသောက် အလေ့အကျင့်လုပ်ခဲ့ဖူးသည်။ ဤနည်းသည် ကျန်းမာရေးအတွက် လည်းကောင်း၊ ရသတဏှာကို အထိုက်အလျောက် ဖြတ်ခြင်းအတွက် လည်းကောင်း အလွန်ကောင်းမွန်ကြောင်း တွေ့ရသည်။ မည်သို့ပင် ဖြစ်စေ၊ ဒင်းနာပါတီများ၌ သူတစ်ပါး နည်းတူ စားစား သောက်သောက် ပျော်လုပ်ချင်သော အာသာဆန္ဒကို ချိုးနှိမ်နိုင်ပါတော့သည်။ သို့ရာတွင် သားငါးကို ရှောင်ခြင်းအားဖြင့်

ကုသိုလ်ရစေတော့ဟူ၍ လည်းကောင်း၊ ငရဲလွတ်စေတော့ဟူ၍ လည်းကောင်း ရည်ရွယ်ချက်ကား မရှိခဲ့ပါ။

**စေတနာကို ယုံကြည်ခြင်း**

စေတနာအယူအဆနှင့် ပတ်သက်၍ ကျွန်ုပ်ပြုလုပ်ခဲ့သော အပြုအမူတစ်ခုကို တင်ပြလိုသေး၏။ ကျွန်ုပ်၌ အလွန်ချစ်သော ခွေးတစ်ကောင် ရှိခဲ့ဖူး၏။ တစ်နေ့သ၌ ခွေးကလည်း အိမ်သားနှစ်ယောက်ကို ကိုက်ပြီးနောက်၊ သခင်ဖြစ်သော ကျွန်ုပ်အားလည်း ကိုက်လေတော့သည်။ ထိုအခါကျွန်ုပ်သည် ခွေးကလေး၏ မူမမှန်ခြင်းကိုရိပ်မိ၍ ဆောင်းတစ်ခုနှင့်အုပ်ထားပြီး အကဲခတ်ရာတွင် ရူးသွပ်ကြောင်း တွေ့ရသည်နှင့် ကျွန်ုပ်တို့တစ်အိမ်သားလုံး မြန်မာဆေးနည်းအနောက်တိုင်းဆေးနည်းများဖြင့် စေ့စုံအောင် ကုသရ၏။ ခွေးကလေးမူကား ဆောင်းထဲမှမထုတ်ဝံ့ဘဲ လှောင်ထားရတော့ပေရာ ရူးလိုက်သည်မှာ သွက်သွက်ချာလျက်ရှိသေပြီ။ အစာလည်းမစား၊ ရေလည်းမသောက်၊ ညတိုင်လျှင်လည်း တအော်တည်း အော်ညည်းလျက်သာ နေရှာတော့သည်။ ခက်ချေပြီ။ မည်သို့ ပြုရချေမည်နည်း။ အကြိမ်ကြိမ် အဖန်ဖန်၊ အတန်တန် အထပ်ထပ် စဉ်းစားပြီးသည်နောက် မတတ်နိုင်တော့သည့်အဆုံး၌ ဆေးရုံသို့ အကြောင်းကြားလိုက်ရာ လူတစ်ယောက် စေလွှတ်၍ ခွေးကလေးကို သေနတ်နှင့်ပစ်သတ်ပြီး အသေကောင်ကိုပါ ယူသွားလေတော့သည်။ ဆေးရုံကို အကြောင်းကြားလိုက်လျှင် ဤသို့ ပြုလုပ်လိမ့်မည်ကို မသိဟူ၍ ကျွန်ုပ် ဟန်မဆောင်လိုပါ။ ကြိုတင်၍ သိပြီးဖြစ်ပါ၏။ လက်

သပ် မွေးထားသော ခွေးကလေးဖြစ်၍ သတ်ပစ်လိုသော စေတနာ အလျဉ်းမရှိရုံသာမက ရင်ထုမနာ ဖြစ်မိခြင်းလည်း အမှန်ဖြစ်ပါသည်။ မည်သို့ တတ်နိုင်မည်နည်း။ ကျွန်ုပ်သည် ဗုဒ္ဓ ဟောတော်မူသည့် စေတနာအကြောင်းကိုယုံကြည်သူဖြစ်၍ ဤအပြုအမူကြောင့် အပြစ်မရှိနိုင်ဟု စိတ်ချပြီးဖြစ်သည်။ အပြစ်ရှိသည် ဆိုလျှင်လည်း ခံရုံသာ ရှိမည်။ အခြားနည်းလမ်း ရှာကြံ၍ မရတော့ချေ။

**စေတနာကို စစ်ဆေးပါ**

ကျွန်ုပ်သည် ဗုဒ္ဓဟောတော်မူသည့် စေတနာအကြောင်းကို ယုံကြည်သူ ဖြစ်သည့်အလျောက် တောခိုကြသော ကွန်မြူနစ်များနှင့် ပတ်သက်၍ ကျွန်ုပ်၏ထင်မြင်ချက်ကို ဖော်ထုတ် ရေးသားခဲ့ဖူး၏။ ၎င်းတို့သည် မိမိယုံကြည်သော တော်လှန်ရေးအလုပ်ကို ဆောင်ရွက်ကြရာတွင် (၁) အလုပ်သမား၊ လယ်သမား လူများစု ချောင်ချိသက်သာရေးအတွက် စေတနာထားသော ကြောင့်ပေလော၊ သို့တည်းမဟုတ် (၂) အရင်းရှင်သူဌေးများ အချောင် ကောင်းစားသည်ဆို၍ ပျက်စီး ဆုံးရှုံးစေလိုသော ဣဿာ မစ္ဆရိယ ဒေါမနဿ စေတနာကြောင့်ပေလော၊ သို့တည်းမဟုတ် (၃) မိမိတို့ ကြီးပွားရေးအတွက် လမ်းကောင်းတစ်ခုဟူ၍ ယူဆသောကြောင့်ပေလော ဟူသည်ကို ကိုယ့်ကိုယ်ကို စစ်ဆေးထိုက်ကြောင်းကို သုံးခုအနက် နံပါတ် (၁)သည် အကောင်းဆုံး ဟူ၍လည်းကောင်း၊ နံပါတ် (၃) သည် အလတ်စားဟူ၍လည်းကောင်း၊ နံပါတ်(၂)သည် အညံ့

စား ဟူ၍ လည်းကောင်း (ဗုဒ္ဓဝါဒ အထောက်အထားဖြင့်) ကျွန်ုပ် ဆုံးဖြတ်ခဲ့ဖူးသည်။ မည်ကဲ့သို့ စေတနာထားသည်ဖြစ်စေ အလုပ်မှာ တစ်ခုတည်း ဖြစ်သော်လည်း စေတနာ ခြားနား သလောက် တန်ဖိုးခြားနားခြင်းမှာ ဗုဒ္ဓဝါဒ၏ အယူအဆ ဖြစ်သည်ဟု ကျွန်ုပ် နားလည်သည်။

## သနားပုံချင်း မတူ

ဤနေရာ၌ ဆောင်းပါးအစတွင် ဖြတ်ထားခဲ့သည့် မဟာ ကရုဏာအကြောင်းကို ပြန်ကောက်ရပေဦးမည်။ ကျွန်ုပ်သည် ဗုဒ္ဓ၏သြဝါဒအတိုင်း 'ဒိဋ္ဌေ ဒိဋ္ဌမတ္တံ'နည်းဖြင့် စိတ်သဘာဝကို လေ့လာခဲ့ရာတွင် အခြားလူများနှင့် ကွဲလွဲသော အမြင်အတွေ့ မျိုး ကြုံခဲ့ရသည်။ ကွဲလွဲချက်များအနက် တစ်ချက်မှာ မဟာ ကရုဏာအကြောင်းပင် ဖြစ်၏။ လူအများ မှတ်ထင်ကြသည် မှာ ကရုဏာဟူသည် ကြင်နာသနားတတ်ခြင်းပင်ဖြစ်၍ မဟာ ကရုဏာ ဟူသည်မှာ သနားခြင်းအကြီးစားဖြစ်ရမည်ထင်ကြ၏။ ဥပမာ– လူတစ်ယောက် ဓားခုတ်မိ၍ လက်တစ်ဖက် ပြတ်သွား သည့်အခါဖြစ်စေ၊ ကလေးတစ်ယောက် လှည်းနင်းမိ၍ အူထွက် ပြီးသေရှာသည်ဖြစ်စေ၊ မြင်တွေ့ရသောကျွန်ုပ်တို့မှာ ရင်ထုမနာ ယူကျုံးမရ ဖြစ်ရသည်ဆိုလျှင် ဗုဒ္ဓကိုယ်တော်မြတ်အဖို့မှာ မဟာ ကရုဏာတော်ရှင်ဖြစ်၍ ထိုမျှမက အဆပေါင်းများစွာ အခံရ ခက်တော်မူရှာလိမ့်မည်ကဲ့သို့ တွေးထင်တတ်ကြ၏။ ဗုဒ္ဓ၏ မဟာ ကရုဏာတော်သည် ထိုသို့သောသနားခြင်းမျိုး ဖြစ်ခဲ့ပါမူကား

သားတော်ရာဟုလာကလေး ငယ်ရွယ်နုနယ်စဉ်တွင် တောထွက်တော် မူနိုင်လိမ့်မည် မဟုတ်ချေ။

## လုံးဝမတူခြင်း

မဟာယာနဂိုဏ်း စာပေမျိုးတွင် ဂေါတမ ဗုဒ္ဓ၏ မေတ္တာ (Love)အကြောင်းကို လည်းကောင်း၊ ကရုဏာတော် (Compassion)အကြောင်းကိုလည်းကောင်း အကြီးအကျယ် အသားပေး၍ ရေးသားကြခြင်းများကို ဖတ်ရဖူး၏။ ၎င်းစာပေမျိုး၌ ဗုဒ္ဓ၏ မေတ္တာတော်ကို ဖော်ပြရာတွင် သားသမီး အပေါ်၌ မိခင်၏မေတ္တာနှင့် နှိုင်း၍လည်းကောင်း၊ အကြီးစားမျိုး ဖြစ်လေဟန် တင်ပြကြသည့် အခြားသော ကွဲလွဲချက်များကို အပထား၍ မဟာယာန ဂိုဏ်းသားများသည် ထေရဝါဒ ဂိုဏ်းမှ ဗုဒ္ဓ၏ မဟာကရုဏာတော် အကြောင်းကို နားလည်ကြပုံ မရချေ။ စင်စစ်သော်ကား ဗုဒ္ဓ၏ မဟာကရုဏာတော်သည် လူအများ နားလည်ကြသည့် ၁၅၀၀ ချစ်ခြင်းနှင့်လည်းကောင်း၊ ၅၂၈ မေတ္တာနှင့်လည်းကောင်း လုံးဝ နှိုင်းယှဉ်ဖွယ်ရာလည်း မဟုတ်ချေ။

## အထူးအဆန်းမဟုတ်ခြင်း

ရှင်းဦးအံ့။ ဗုဒ္ဓ မဟာကရုဏာတော် ဆိုသည်မှာ လူ တစ်ယောက် လက်ပြတ်ခြင်း၊ ကလေးတစ်ယောက် အူပေါက်သေခြင်းကို မဆိုထားဘိ။ မာဂဏ္ဍီ၊ စိဉ္စမာဏ၊ ဒေဝဒတ် အစရှိသော ပုဂ္ဂိုလ်များ အဝီစိငရဲသို့ ကျဆင်းကြရခြင်း- အတွက်ပင်

(ကျွန်ုပ်တို့လူစု နားလည်ကြသည့်) စိတ်တသတ်သတ် ရင်တမမနှင့် ယူကျုံးမရဖြစ်သည့် သနားကရုဏာမျိုး မဟုတ်ချေ။ ဗုဒ္ဓ၏ မျက်စိ၌ လက်ပြတ်ခြင်း၊ အူပေါက်သေခြင်း၊ လှန်စွာအဆုံး အစီစီငရဲသို့ ကျခြင်းများသည် အဆန်းမဟုတ်ချေ။ သံသရာ၌ တပြောင်းပြန်ပြန် ကျင်လည်နေကြသော သတ္တဝါဟူသမျှသည် လက်ပြတ်သောဘေး၊ အူပေါက်သောဘေး၊ အပါယ်ငရဲသို့ ကျသော ဘေး စသည်များနှင့် စာချုပ်ထားကြသကဲ့သို့ အခိုက်အတန့်အားဖြင့် လွတ်သူများ လွတ်နေကြသေးသော်လည်း ဘေးသင့်သူများသည် နာရီပိုင်း မိနစ်ပိုင်းအတွင်း တစ်ဖျောက်ဖျောက် အလှည့်ကျလျက် ရှိကြသောကြောင့် မျက်စိအောက်တွင် တစ်ယောက်တစ်လေ မြင်လိုက်ရခြင်းအတွက် ဗုဒ္ဓ ကိုယ်တော်မြတ်မှာ သနားပြီး စိတ်သတ်နေတော်မူစရာ မဟုတ်ချေ။

## ဥပမာဆောင်ခြင်း

ထပ်၍ရှင်းဦးအံ့။ ဗုဒ္ဓမျက်စိ၌ကား သံသရာဝဲဩဃကြီးထဲ၌ မည်သူမည်ဝါ အထက်သို့ခဏတဖြုတ်ပေါ်တက်လာ၍၊ မည်သူမည်ဝါ အောက်သို့ မြုပ်ဆင်းခြင်းအတွက် အရေးမကြီးလှ။ ဩဃဝဲကြီးထဲမှ တစ်ယောက်တစ်လေ တင်ဆောင် ကယ်ထုတ်ခြင်းသည်သာ အရေးကြီး၏။ မိလိန္ဒပဉှာ၌ မာဂဏ္ဍီ အဝီစိသို့ ကျမည့်အဖြစ်ကို ဗုဒ္ဓသိတော်မူလင့်ပါလျက် မသနားတတ်သည့် အနေမျိုး ပြတော်မူခြင်းအတွက် မကျေနပ်သည့် လက္ခဏာနှင့် မိလိန္ဒမင်းကြီးက ရှင်နာဂသိန် ထေရ်အား စောဒကတက်ဖူးရာ ရှင်နာဂသိန်ထေရ်က ကြံရည်ညှစ်သော ယောကျ်ားသည် ကြံ

ယော့မင်းကြီးစာပေ

ထဲ၌ပါသော ပိုးကောင်သေခြင်းကို ဂရုမစိုက်နိုင်ဘဲ ကြံရည်ရမှုအတွက် ကြံရည်ညှစ်သကဲ့သို့ ဗုဒ္ဓသည်လည်း မည်သူမည်ဝါ ငရဲသို့ကျခြင်းကို ဂရုမစိုက်နိုင်၊ ကျွတ်ထိုက်သော သတ္တဝါတစ်ဦးတစ်ယောက် ကျွတ်ခြင်းအတွက်သာ ဒေသနာတော်မူကြောင်းဖြင့် ဥပမာဆောင်၍ ဖြေဆိုတော်မူလေသည်။ ဤမျှလောက် ဆိုလျှင် လက်သပ်မွေးထားသော ကြက်ကလေး၏ အသားကို စားရက်မည်မဟုတ် ဆိုသော ပြဿနာမှာ ပြေလည်လောက်ပြီ ထင်ပါသည်။

## လမ်းကြုံမှ အသက်ကယ်ခြင်း

အခါတစ်ပါး၌ ဗုဒ္ဓသည် ဒေသစာရီ လှည့်လည်တော်မူရာတွင် တစ်ခုသောအိုင်ကြီး၌ ရေခန်းခြောက်လုမတတ်နည်းပါး၍ အိုင်တွင်းရှိငါးများမှာ ဖျတ်ဖျတ်လူးမျှ သေလုမြောပါး ခံနေကြရခြင်းကို ဗုဒ္ဓ တွေ့မြင်တော်မူ၏။ ဤတွင် ဗုဒ္ဓသည် သစ္စာဆို၍ ရေသနုပ်တော်ကို ညှစ်ချလိုက်ရာ အိုင်ကြီးတစ်ခုလုံး ရေပြည့်လျှံ၍ ငါးသတ္တဝါတွေ ချမ်းသာရာ ရကြသည်ဟု ဖတ်ရဖူးလေသည်။

အခါတစ်ပါး၌လည်း ဗုဒ္ဓသည် ထုံးစံအတိုင်း ကျွတ်ထိုက်သော သတ္တဝါ ရှိလေသလောဟု ရွှေဉာဏ်တော် ကွန်ယက်ဖြင့် ဖြန့်ကြည့်တော် မူလေရာ တစ်လပတ်လုံး ကျွတ်ထိုက် သောသတ္တဝါ တစ်ဦးတစ်ယောက်မျှ မြင်တော်မမူသည်နှင့် နားနေတော်မူရဖူးသည် ဆို၏။ ဗုဒ္ဓ၏ မဟာကရုဏာသည် အချို့လူ

များ နားလည်သော သနားကြင်နာခြင်းမျိုးများ ဖြစ်ခဲ့ပါမူ တရားဟောရန် မရှိသေးသည့်အတူတူ ရေခန်းခြောက်နေသော အင်းအိုင်များကို ဉာဏ်တော်ဖြင့်ရှာ၍ ရေသနုပ်တော် ညှစ်ချ ပေးနေတော်မူဖို့ ရှိ၏။ ဗုဒ္ဓသည် အသက်ကယ်ခြင်း စသော အလုပ်မျိုးကို ကိုးကြိုက်သည့် အခါများတွင် အကြောင်းအား လျော်စွာ ပြုလုပ်တော်မူခတ်သော်လည်း သံသရာဝဋ်ဆင်းရဲမှ ကယ်တင်ခြင်းကဲ့သို့ အရေးတကြီး သဘောထားတော်မူသည် မဟုတ်ချေ။ အကြောင်းမူကား လေးသင်္ချေနှင့် ကမ္ဘာ တစ် သိန်း ပါရမီတော် ဖြည့်ခဲ့ခြင်းမှာ သတ္တဝါတွေကို သေဘေးမှ ကယ်တင်ရန်မဟုတ်။ မသေသောနည်းကို ညွှန်ပြတော်မူလိုသော ကြောင့်ပေတည်း။

### ဒေဝဒတ်နောက် မလိုက်နိုင်

ကျွန်ုပ်သည် ဤဆောင်းပါးကို ရေးသားရာ၌ အသားစား ခြင်း၊ မစားခြင်း တည်းဟူသော ပြဿနာကို အရေးတကြီး သဘောထားသောကြောင့် မဟုတ်။ ဗုဒ္ဓ ဟောတော်မူခဲ့သည့် ပါဠိတော်မူရင်းအဓိပ္ပာယ်ကို ဖောက်ဖျက်ကာ အခြားဘာသာ မျိုးမှ ကောင်းနိုးယောင်ယောင် အယူအဆမျိုးများ ဝင်လာ ခြင်းကို ကာကွယ်ရန်အတွက်မျှသာ ဖြစ်၏။ သနားတတ်သည် ဆို၍ မစားဘဲ ရှောင်လိုက ရှောင်ကြပါ။ ချီးမွမ်းပါသည်။ သို့ရာတွင် ငါးအသားကို ဝယ်စားခြင်းသည် အားပေး ကူညီရာရောက်ခြင်းကြောင့် အပြစ်ရှိသည်ဆိုကာ ဗုဒ္ဓဟောတော် မူခဲ့သည့် "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဟူသော ပါဠိ

တော်ကြီးကိုတော့ တိုက်ရိုက် မဆန့်ကျင်ကြပါနှင့်။ ထိုကဲ့သို့ ဗုဒ္ဓကိုယ်တော်မြတ်က မပညတ်သည်ကို လူတတ်လုပ်ပြီး ပညတ်ခြင်းသည် ဒေဝဒတ်ဂိုဏ်းသားမျိုးသာ ဖြစ်သည်ဟု စွပ်စွဲလိုက်ရသည်။ မည်သို့ပင် ဖြစ်စေ၊ ကျွန်ုပ်အဖို့ရာ၌ကား ' အစွန်း သုံးပါး' လွတ်သည်ဆိုသော်လည်း စျေးမှသားငါးကို ဝယ်စားမိပါက မှားသည်ဟုဆိုကြလျှင် ဗုဒ္ဓနှင့်အတူပင် မှားပါလိမ့်မည်။ ညာဏ်ကြီးရှင် ဒေဝဒတ် ဂိုဏ်းသားကြီးများနောက်သို့ ဘယ်တော့မှ လိုက်လိမ့်မည်မဟုတ် ဖြစ်ပါသတည်း။ ဝ

---

ခုတိယအကြိမ်

# ဓမ္မတာနှင့် သဘာဝဓမ္မ

ဓမ္မတာကို လွန်ဆန်နိုင်အောင် ကြိုးစားပါမှ တိုးတက်ခြင်း ရှိနိုင်မည်။

မိမိကိုယ်ကို တွန်းတက်သို့ လှည့်၍ ပြုသော အလေ့အကျင့်သည် လောက၌လည်းကောင်း နိဗ္ဗာန်အထိ ပေါက်ရောက်နိုင်ခြင်း။

ဓမ္မတာ (လူ့ဓမ္မတာ Human ·Nature) ဟူသည်မှာ လူသတ္တဝါတို့၌ ရှိတတ်သော စိတ်နေသဘောထားနှင့် ထုံးစံဓလေ့များဟူ၍ နားလည်ရပေရာ သဘာဝဓမ္မဟူသည်မှာ ခပ်သိမ်းသော သဘောတရားတို့နှင့် ဆိုင်သည့် စည်းကမ်း ဥပဒေများ (Natural Laws နိယာမတရား) ဟူ၍ ဆိုလိုပေသည်။ ကိုယ့်ကိုယ်ကို ချစ်တတ်ခြင်း (ထို့ကြောင့် တစ်ကိုယ်ကောင်းကြံတတ်ခြင်း)၊ ယောကျ်ားသည် မိန်းမကို လည်းကောင်း၊ မိန်းမသည် ယောကျ်ားကို လည်းကောင်း ချစ်ကြိုက်တတ်ခြင်း စသည်တို့သည် လူ့ဓမ္မတာ (သတ္တဝါ၏ ဓမ္မတာ) ဟူ၍ ဆိုရမည်ဖြစ်ရာ (ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရီ) တရားစောင့်သောသူကို တရားက စောင့်သည် ဆိုခြင်းမျိုးမှာ သဘာဝဓမ္မဟူ၍ ဆိုသင့်

ပေသည်။ လူ့ဓမ္မတာဟူသည်မှာ မလွန်ဆန်နိုင်သော အလုပ်မျိုးမဟုတ်။ (အချို့ကိစ္စများတွင်) လွန်ဆန်နိုင်မှု အကျိုးများခြင်းကို တွေ့ရသည်။သဘာဝဓမ္မဟူသည်မှာကား မည်သည့်သတ္တဝါမှ မလွန်ဆန်နိုင်သော အရာမဟုတ်ဟူ၍ နားလည်ကြရပေမည်။

## ဓမ္မတာကို လွန်ဆန်ဖို့ လိုခြင်း

ရှင်းဦးအံ့။ ကိုယ့်ကိုယ်ကို ချစ်ခြင်းသည် ဓမ္မတာ (ထုံးစံ) ဖြစ်၍ ဂုဏ်းသဘောထားအတိုင်း တစ်ကိုယ်ကောင်းကြံခြင်းသည် အထူးအဆန်းမဟုတ်သော်လည်း ဤအတိုင်း ကျင့်ကြံသောလူသည် လူကောင်းတစ်ယောက် ဖြစ်မလာနိုင်ဟု နားလည်ကြ၍ လွန်မြောက်အောင် ကြိုးစားကြရသည်။ သတ်ခြင်း၊ ခိုးခြင်း စသော ဒုစရိုက်မှုအပေါင်းတို့သည် မိမိကိုယ်ကို ချစ်မိခြင်း တည်းဟူသော သဘောတရားတွင် အရင်းခံရှိ၍ ပေးလှူခြင်း၊ သီလစောင့်ထိန်းခြင်း စသော ကာမာဝစရ ကုသိုလ်မှုများမှာ ကိုယ်ကျိုးကို စွန့်လွှတ်ခြင်းဟူသော သဘောထားပေါ်တွင် အခြေစိုက်လျက်ရှိသည်။ အကျဉ်းချုပ်လိုက်သော် အကုသိုလ်မှုဟူသမျှသည် တစ်ကိုယ်ကောင်းကြံခြင်း သဘောမျှသာဖြစ်၍ ကာမာဝစရ ကုသိုလ်မှုများသည် ကိုယ်ကျိုးစွန့်လွှတ်ခြင်း သဘောမျှသာ ဖြစ်၏။ ဤသည်ကို ထောက်ခြင်းဖြင့် ဓမ္မတာသဘောကို ဆန့်ကျင်ဖို့လိုသည်။ ဆန့်ကျင်နိုင်လျှင် မိမိအဖို့ အကျိုးရှိသည်ဟု ဆိုလိုခြင်း ဖြစ်လေသည်။

---

ဒုတိယအကြိမ်

## အပြင်ဘက်သို့ ခံလင့်ခြင်း

သတ္တဝါသည် မိမိကိုယ်ကို (အတွင်းဘက်သို့) လှည့်၍ ကြည့်တတ်သော ဓမ္မတာ မရှိ။ သူတစ်ပါး (အပြင်ဘက်သို့) ကြည့်တတ်သော ဓမ္မတာ ထုံးစံရှိလေသည်။ ဤအချက်တွင် သဘာဝဓမ္မကလည်း ဖြည့်စွက်ကူညီလျက် ရှိ၏။ ပမာဆိုသော် မျက်စိ နှစ်လုံးသည် ပြင်ဘက်သို့ လှည့်လျက် ပေါက်နေသည် ဖြစ်၍၊ အပြင်သို့ (သူတစ်ပါးကို) ကြည့်ဖို့ တကဲကဲပြင်လျက်သာ ရှိ၏။ နားနှစ်ဘက်သည်လည်း အပြင်ဘက်မှ အသံကို နားထောင်ဖို့အတွက် သက်သက် ဖြစ်နေသည့်အလား အပြင်သို့သာ လှည့်လျက်ရှိ၏။ ထိုနည်းအတူ နှာခေါင်း၊ လျှာ၊ ကာယ စသည့် ပသာဒရုပ်များသည်လည်း အပြင်မှအာရုံကို ခံလင့်နေကြသည့်အလား အပြင်ဘက်သို့သာလှည့်လျက် ဖြစ်ပေါ်နေကြ၏။ ထို့ကြောင့်သတ္တဝါသည် မိမိကိုယ်ကို ဝေဖန် စစ်ဆေးခြင်း မပြုဘဲ သူတစ်ပါးကိုသာ စစ်ဆေး ဝေဖန်ချင်တတ်ခြင်းသည် ဓမ္မတာဖြစ်ရုံသာမက သဘာဝဓမ္မကလည်း ဖြည့်စွက်ကူညီ အားပေးသကဲ့သို့ ဖြစ်နေတော့သည်။

## သူတစ်ပါး၏ အပြစ်ရှာတတ်ခြင်း

ဓမ္မတာအတိုင်း ပြုကျင့်ခြင်းသည် ရေစုန်မျှောချခြင်းနှင့် တူပေရာ၊ ပါရမီ ရင့်ကျက်လိုသူ၊ သို့မဟုတ် တိုးတက်ခြင်းကို အလိုရှိသောသူတို့သည် ဓမ္မတာအတိုင်း မကျင့်ကြံမူ၍ ရေစုန် ကူးသောလူကဲ့သို့ ဓမ္မတာ(ထုံးစံ)ကို လွန်ဆန်ဖို့ ကြိုးစားအား

ထုတ်ကြရပေမည်။ လူဦးရေ တစ်ရာအနက်တွင် သူတစ်ပါး၏ အပြစ်ကိုမရှာဘဲ မိမိကိုယ်ကို ဆန်းစစ်ဝေဖန်သော အလေ့အကျင့်ရှိသူ ရာခိုင်နှုန်းမည်မျှရှိလိမ့်မည် ကင်ကြသနည်း။ ဆိုးရွားသော ဓမ္မတာတစ်ခုမှာလည်း အခြားသူတစ်ယောက်ကို စစ်ဆေး ဆင်ခြင်သည့်အခါ ထိုလူ၏ ကောင်းသောအချက်များကို မမြင်လွယ်တတ်ဘဲ အပြစ် အနာအဆာများကိုသာ ရှေးဦးစွာ မြင်လာတတ်ပေသည်။ အသိမိတ်ဆွေ တစ်ယောက်ယောက်ကို အာရုံပြု၍ ဆန်းစစ်လိုက်သည်ရှိသော် ထိုလူ၏ ချွတ်ယွင်းချက်များသည် ကွက်ကွက်ကွင်းကွင်း ပေါ်လာတတ်သလောက် ကောင်းသော အချက်အလက်များသည် ရုတ်တရက် ထွက်မလာတတ်ဘဲ အတော်ကလေး တွေးဖော်ယူမှ ပေါ်လာတတ်ပေသည်။ ဤသည်ကား ဓမ္မတာပင်ဖြစ်သည်။

လက်ာဆရာကြီး ရှောဘတ်ဟန်းစ်

မိမိကိုယ်ကို အကြမ်းအားဖြင့် ခန့်မှန်းချက် ထုတ်သားသည့် လက္ခဏာနှင့် အသင့်ကြီးနေကြသော လူများသည် ပေါချား လှ၏။ မိမိကိုယ်ကို မညှာမတာ ဆန်းစစ်ဝေဖန်၍ အပြစ်အနာ အဆာရှာတတ်သော အလေ့အကျင့် ပြုလုပ်ထား သူတို့သည် အလွန်တရာရှားပါးလှ၏။ ကိုယ့်ကိုယ်ကို မည်မျှင် ဆန်းစစ် ဝေဖန်တတ်ပါသည် ဆိုစေကာမူ ချွတ်ယွင်းချက်များကို တွေ့အောင် ရှာတတ်သူတို့မှာ သာ၍ပင် နည်းပါးသေး၏။ လူသတ္တဝါသည် မိမိကိုယ်ကို ဟုတ်မှန်သည့် အတိုင်း သိမြင်ဖို့ ခဲယဉ်းလှသည်။ ထိုကြောင့် စကော့လက်ာဆရာကြီး ရောဘတ်

ဘန်းစ် (Robert Burns) က "အခြားသူတို့က ကျွန်ုပ်တို့ကို မြင်ကြသည့်အတိုင်း မိမိတို့ကိုယ်ကို မိမိတို့မြင်နိုင်ကြလျှင် ကောင်းလေစွာတကား" ဟူ၍ စိတ်ကူးချဲ့သားဖူးလေသည်။

## သူ့အထင်နှင့် ကိုယ့်အထင်

လက်တွေ့ဆရာကြီးဆိုလိုသည်မှာ လူသဘာဝါသည် သူတစ်ပါးတို့က မိမိကိုမြင်ကြသည့်အတိုင်း မိမိကိုယ်ကို မိမိမြင်ဖို့ အလွန်တရာ ခဲယဉ်းလှသည်ဟု အဓိပ္ပာယ်ရသည်။ ဟုတ်လည်း ဟုတ်ပေသည်။ မိမိကိုယ်ကို မိမိမြင်ခြင်းသည် တစ်မျိုးတစ်ဖုံဖြစ်၍ သူတစ်ပါးတို့က မိမိကိုမြင်ကြခြင်းသည် တစ်မျိုးတစ်ဖုံချည်းသာ ဖြစ်တတ်၏။ တစ်မျိုးတစ်ဖုံစီဖြစ်ရခြင်းလည်း မိမိကိုယ်ကို မိမိဆုံးဖြတ်ချက်သည် သူတစ်ပါးတို့က မိမိအား ဆုံးဖြတ်ချက်ထက် မြင့်နေတတ်သည်သာ ဖြစ်၏။ ဖြစ်တတ်သည်မှာ လူတစ်ယောက်သည် မိမိကိုယ်ကို တစ်ပိဿာလောက်တတ်သည် ကောင်းသည်ထင်လျှင် အခြားသူများက ကိုလူအား ငါးဆယ်သားလောက်မျှပင် တတ်သည် ကောင်းသည်ဟု ထင်ကောင်းမှ ထင်ကြပေမည်။ ထို့ကြောင့် အကြင်သူသည် အခြားသူများက မိမိအား ဘယ်ကဲ့သို့ အကဲဖြတ်ကြသနည်းဟု သိလိုခဲ့လျှင် မိမိကိုယ် မိမိခန့်မှန်းခြေကို ၂ သို့မဟုတ် ၃ လောက်နှင့်စားပါမှ တော်ကာကျပေလိမ့်မည်။ အဓိပ္ပာယ်မှာ ကိုယ့်ကိုယ်ကို တစ်ပိဿာလောက်တတ်သည်၊ တော်သည်၊ ကောင်းသည်ထင်မိလျှင် အနည်းဆုံး တစ်ဝက်ခန့်လျှော့ပစ်ပါမှ အခြားလူများ၏ ခန့်မှန်းခြေကို စမ်းဝါးမိပေလိမ့်မည်။

---

ယောမင်းကြီးစာပေ

## လူတတ်နှင့်လူကောင်း

ဤနေရာ၌ လူတော် သို့မဟုတ် လူတတ်နှင့် လူကောင်းတို့ကို ပိုင်းခြား ဖော်ပြရပေဦးမည်။ လူတော် လူတတ်ဟူသည်မှာ ကျွမ်းကျင် နားလည်ခြင်းတည်းဟူသော အရည်အချင်းကို ဆိုလိုပေရာ လူကောင်းဟူသည်မှာ အကျင့်စာရိတ္တ ကောင်းမွန်ခြင်းကို ဆိုလိုပေသည်။ တော်ခြင်း၊ တတ်ခြင်းဟူသည်မှာ ဗဟုသုတပြည့်စုံခြင်း၊ ဉာဏ်ကောင်းခြင်း၊ တွေးတတ်ခေါ်တတ်ခြင်း၊ စီမံခန့်ခွဲတတ်ခြင်း စသည်တို့ပါဝင်၍ (ဦးနှောက်၏ အလုပ်) ဖြစ်ရာ ကောင်းခြင်းဟူသည်မှာကား ကိုယ်ချင်းစာနာတတ်သည့် နှလုံးရည်ကောင်းခြင်းကို ဆိုလိုသည်။ ကျွန်ုပ်၏ အဆုံးအဖြတ်မှာ အရက်မသောက်ရုံနှင့် လူကောင်းကြီးတစ်ယောက် ဖြစ်လာနိုင်မည်ဟု မယူဆချေ။

## ရှက်အုပ်သီး

တော်ခြင်း သို့မဟုတ် တတ်ခြင်းနှင့် ကောင်းတို့အပိုင်ရာတွင်သူတစ်ပါး၏အဆုံးအဖြတ်နှင့် မိမိ၏ အဆုံးအဖြတ်တို့အကြောင်းကို ဖော်ပြရပေဦးမည်။ တော်ခြင်းကိစ္စတွင် မိမိအဆုံးအဖြတ်နှင့် အခြားသူတို့ကအဆုံးအဖြတ်ကွာခြားသည့်အခါ ယေဘုယျအားဖြင့် သူတစ်ပါးတို့၏ အဆုံးအဖြတ်က မှန်ချင်မှန်တတ်သော်လည်း အခါခပ်သိမ်း မှန်ကန်သည်ဟူ၍ တစ်ထစ်ချ မယူဆထိုက်ချေ။ တကယ်တော် တကယ်တတ်သည့်'ရှက်အုပ်သီး' များသည် ဤဒေသ ထိုဒေသ စသည်များ၌ ရှိတတ်ကြ၏။ သို့

ရာတွင် အခြားလူများက တော်သည်တတ်သည် မထင်သော ကြောင့် တိမ်မြုပ်နေရခြင်းလည်း ဖြစ်နိုင်ပေသေးသည်။

ကျော်ကြားခြင်း၏ အကြောင်းနှစ်ရပ်

တော်ခြင်းတတ်ခြင်းကားတခြား။တတ်သလောက်ထင်ပေါ် ကျော်စောခြင်း ဖြစ်၏။ ထင်ပေါ်ကျော်စောခြင်း သို့မဟုတ် လူသိများခြင်းဟူသည်မှာ အကျိုးပေးတစ်မျိုးဖြစ်၏။ထင်ပေါ် ကျော်စောခြင်းဟူသည်မှာ (ပရိုရခေါ်) အတိတ်ကံကြောင့် လည်းဖြစ်နိုင်၏။ ဤဘဝ၌ ထင်ပေါ်အောင် လုပ်တတ်သော ကြောင့်လည်း ဖြစ်နိုင်၏။ အတိတ်ကံပါသော ပုဂ္ဂိုလ်အချို့မှာ ထင်ပေါ်ကျော်စောအောင် မိမိတို့ကကြိုးစားမနေရဘဲ လုပ်ခါ လှည့်ခါဖြင့် လူသိများသော အဖြစ်သို့ ရောက်လာကြကာ အချို့မှာ ၎င်းတို့တကယ်တတ်သည်ထက်ပင် ပို၍ နာမည်ကြီး တတ်ကြသေး၏။ ထိုကဲ့သို့ အတိတ်ကံ အထောက်အခံမရသော်လည်း ထင်ပေါ်အောင် ကိုယ့်ဟာကိုယ် လုပ်တတ်ခြင်းကြောင့် လူသိများ၍ ကျော်ကြားသောအဖြစ်သို့ ရောက်ကြရသူများ လည်း ရှိဘတ်ပေသည်။ လုပ်ပုံလုပ်နည်းမှာ ပစ္စည်းတစ်ခုရောင်း ချင်သောလူသည် ထိုပစ္စည်း၏ ကောင်းသော အခြင်းအရာများ ကို လူသိအောင် လုပ်တတ်သည့် (Salesmanship) ဈေးသည် ပညာတတ်ရဘိသကဲ့သို့ ထင်ပေါ်လိုသော လူသည်လည်း မိမိ၌ တော်သောအချက်အလက်ရှိလျှင် ယင်းအချက်ကို လူမြင်အောင် လုပ်တတ်ရသည်။ မလုပ်တတ်လျှင် သို့မဟုတ် မလုပ်ချင်လျှင် လည်း မကျော်ကြားတတ်၊ သို့ရာတွင် လုပ်ချင်အားကြီးနှင့်

နေရာဘကျ မလုပ်တတ်ဘဲ လုပ်မိလျှင်လည်း "လူပေါ" တစ်ယောက်အဖြစ်နှင့်သာ ကျော်ကြားတတ်ပေသည်။

## အခြားလူ၏ အဆုံးအဖြတ်ကို ခံသင့် မခံသင့်

တော်ခြင်း၊ သို့မဟုတ် တတ်ခြင်း တည်းဟူသော အရည်အချင်းနှင့်ပတ်သက်၍ ကိုယ့်ဟာကိုယ် အကဲဖြတ်ပုံနှင့် အခြားသူများ အကဲဖြတ်ပုံတို့ ကွာခြားသည့်အခါ ကိုယ့်ဟာကိုယ် အကဲဖြတ်ခြင်းက မှန်ချင် မှန်နိုင်သည်ဟု ဖော်ပြခဲ့သော်လည်း လူကောင်းတစ်ယောက် ဟုတ်မဟုတ်နှင့် ပတ်သက်၍မူ ထိုကဲ့သို့ မဟုတ်ချေ။ ကျွန်ုပ်အဖို့ရာ၌ကား တတ်ခြင်း၊ သို့မဟုတ် တော်ခြင်းနှင့် ပတ်သက်၍ အခြားလူများ၏ အဆုံးအဖြတ်ကို လက်ခံသော နေရာများလည်းရှိ၏၊ လက်မခံသော နေရာများလည်း ရှိ၏။ စာရေးသားခြင်း၊ ဘာသာပြန်ခြင်း စသည်တို့၌ ကျွန်ုပ်၏ ညံ့ဖျင်းပုံကို ထောက်ပြသူ ရှိပါက ဟုတ်ကောင်း ဟုတ်ပေမည်ဟု လက်ခံရန် အသင့်ရှိ၏။ သို့ရာတွင် စိတ်သဘာဝ အကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်ရေးသားခဲ့သော ဆောင်းပါးများမှာ ကိုယ်တွေ့ဖြစ်သောကြောင့် မည်သူက မှားသည်ဟု ဆိုစေ လက်ခံနိုင်လိမ့်မည် မဟုတ်ချေ။ (မှားလည်းမှားပေမည်၊ လက်မခံနိုင်ဟု ဆိုလိုခြင်းမျှသာ ဖြစ်ပေသည်။ လက်တွေ့ စမ်းသပ်ထားသဖြင့် သေချာသည် ထင်သော ကိစ္စမျိုးတွင် ဝေဖန်မှု လက်မခံနိုင်ခြင်းမှာ မမှားပေတည်း။ သို့ရာတွင် လက်တွေ့မဟုတ်ဘဲ မှန်းခြေနှင့်ရေးသော အလုပ်မျိုးတွင်ကား ဝေဖန်ခြင်း ခံယူရန် အသင့် ရှိပါသည်။)

---

ဒုတိယအကြိမ်

## အခြားလူများက သိသော အချက်

ကောင်းခြင်း၊ မကောင်းခြင်းနှင့် ပတ်သက်၍မူကား ကျွန်ုပ်သည် "ဓာတ်သိ" များ၏ အဆုံးအဖြတ်ကို လက်ခံရန် အသင့်ရှိပါ၏။ ကောင်းခြင်းဟူသည်မှာ ကိုယ်ချင်းစာတရားကပ်ခြင်းဟူ၍ ကျွန်ုပ် နားလည်ပေရာ ကိုယ့်ဘာကိုယ်ဟုတ်လှပြီထင်နေ၍ မပြီး၊ ကိုယ်နှင့် ဆက်ဆံသော လူများက ဟုတ်ပေသည်ဆိုမှ ဟုတ်သင့်ပေသည်။ တစ်နည်းဆိုသော် ပေါင်းသင်းဆက်ဆံရာ၌ တင်းစီးတတ်ခြင်း၊ ကောက်ကျစ်ညစ်ပတ်ခြင်း၊ ကိုယ်ချင်းမစာနာတတ်ခြင်း စသော အခြင်းအရာမျိုးကို ကိုယ့်ဟာကိုယ် သိခြင်းထက် မိမိနှင့် ဆက်ဆံရသော လူများက ပို၍ သိသင့်သည်ဟု လက်ခံဆိုက်သည်။ ဥပမာဆိုသော် မိမိ၏ လက်ဖဝါး ကြမ်းတမ်းခြင်းကို ကိုယ့်ဟာကိုယ် သိချင်မှ သိမည်။ ကိုင်စမ်းသော လူများကမူ သိကြမည် ဖြစ်သကဲ့သို့ပင်။ သို့ဖြစ်၍ အခြားလူတစ်ယောက်က "ခင်ဗျားကြီး မကောင်းဘူးဗျာ" ဟု ပြောသည်ဆိုလျှင် ချက်ချင်း ငြင်းချက်မထုတ်ဘဲ ကိုယ့်ဟာကိုယ် ပြန်လှန် စစ်ဆေးခြင်းသည်သာလျှင် နည်းလမ်း ကျပေလိမ့်မည်။ သို့ရာတွင် မိမိ၏ စေတနာကို မသိသောကြောင့် အထင်မှားပြီး စွပ်စွဲခြင်းများလည်း ရှိနိုင်သဖြင့် မဖြေရှင်းထိုက်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ယေဘုယျအားဖြင့်မူကား လူတစ်ယောက်၏ ကောင်း မကောင်း၊ သို့မဟုတ် ကိုယ်ချင်းစာတရားကပ် မကပ်ကို ကိုယ့်ဟာကိုယ်ထက် သူတစ်ပါးတို့က သာ၍ သိတတ်သည် ဟူလို။

## မစစ်ဆေးတတ်သူများ၏ အပြစ်

မိမိကိုယ်ကိုအတွင်းဘက်သို့လှည့်၍ကြည့်တတ်ခြင်း၊ သို့မဟုတ် ဆန်းစစ်ဝေဖန်ခြင်း ပြုလုပ်သူ ရှားပါးသည်ဟုဆိုခဲ့ရာ၊ ထိုကဲ့သို့ ဆန်းစစ်တတ်သူ အနည်းငယ်ရှိပါသည်ဟု ဆိုလျှင်လည်း မိမိကိုယ်ကို စစ်ဆေးသည့်အခါ၌ ချွတ်ယွင်းချက်များကို ဖုံးဖုံးဖိဖိ ညှာညှာတာတာ စစ်ဆေး၍ ကောင်းသော အချက်အလက်များကို မှန်ဘီလူးဖြင့် ကြည့်သကဲ့သို့ ကြီးမားအောင်မြင်တတ်သည့်နည်းတူ သူတစ်ပါး၏ ကောင်းသောအကွက်များကို မမြင်တတ်ဘဲ အပြစ်အနာအဆာများကိုမူ မှန်ဘီလူးနှင့် ကြည့်တတ်လေသည်။ မကြာခဏ ကိုယ့်ကိုယ်ကို စစ်ဆေးသော အလေ့အကျင့် ပြုလုပ်မထားဘဲ တစ်ခါတစ်ရံမှ သာမန်ကာလျံကာ စစ်ဆေးတတ်သူ ဟူသမျှမှာ ဤနည်းနှင်နှင် မြင်တတ်ကြသည်ချည်း ဖြစ်လေသည်။

## စစ်ဆေးလေ့ရှိသူ၏ အမြင်

အတွင်းသို့လှည့်၍ နိုက်နိုက်ချွတ်ချွတ် စစ်ဆေးသော အလေ့အကျင့်ပြုလုပ်ထားသော လူများမှာကား ထိုကဲ့သို့မဟုတ်ချေ။ ပထမ၌ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ညှာညှာတာတာ စစ်ဆေးတတ်ရာမှ နိုက်နိုက်ချွတ်ချွတ် စစ်ဆေးလာသောအခါတွင် အပြစ်အနာအဆာများကို ပို၍ ပို၍ မြင်လာတတ်သည်။ ထိုထက် တိုးတက်၍ လေ့ကျင့်ပြန်သောအခါတွင်မူကား မိမိကိုယ်ကို မိမိ စစ်ဆေးသကဲ့သို့ မဟုတ်တော့ဘဲ အခြားလူ တစ်

ယောက်ကို မိမိက စစ်ဆေးသကဲ့သို့ (Objectively) ရရှိဘင်း
တင်း ကွင်းကွင်းကွက်ကွက် ပေါ်ထွက်လာအောင် ရှုကြည့်ဘတ်
လာလေတော့သည်။

## ဝန်ကြီးများ လေ့ကျင့်သင့်ခြင်း

ပါရမီရှင့် ဝန်လိုသူများ၊ တိုးတက်ခြင်းကို အလိုရှိသူများ
သည် အတွင်းဘက်သို့ လှည့်၍ စစ်ဆေးဝေဖန်သော အလုပ်ကို
လုပ်ထိုက်သည်ဟု ဖော်ပြခဲ့ရာ တိုင်းပြည်ကို စီမံအုပ်ချုပ်သည့်
တာဝန်ကို ယူကြသော ဝန်ကြီးများအဖို့မှကား ၎င်း အလေ့
အကျင့် မလုပ်ဘဲ မနေသင့်ဟု ဆိုချင်၏။ ဝန်ကြီးဆိုသူများသည်
ငါတို့၌ အကျိုးပေးသန့်၍ ကြီးပွားသည်ဟုသာ မမြင်ကြဘဲ
တိုင်းပြည်၏ တာဝန်ကို ထမ်းရသည့်အဖြစ်သို့ ရောက်ကြရသည်
ဟု မြင်တတ်ကြပါမူ ကိုယ့်ကိုယ်ကို ဆန်းစစ် ဝေဖန်သော
အလေ့အကျင့်မျိုး မရမနေ ပြုလုပ်လိမ့်မည်၊ ထိုကဲ့သို့သော
ဝန်ကြီးမျိုးသည် သတင်းစာများ၏ ဝေဖန်ခြင်းကြောင့်
'ကျွံမြီးတို' လိမ့်မည်လည်း မဟုတ်။ မိမိရာထူး တည်မြဲအောင်
လုပ်သော အလုပ်မျိုးနှင့် တိုင်းပြည် ကောင်းစားအောင် လုပ်
သော အလုပ်မျိုးတို့၏ ခြားနားခြင်းကိုလည်း သိမြင်၍ မိမိ
ကိုယ်ကို လှည့်စားလိမ့်မည်မဟုတ်ဘဲ တိုင်းပြည်လူထု ကြာရှည်စွာ
ဆင်းရဲစေမည့် အလုပ်မျိုးကို (ကိုယ်ချင်းစာတရား ကပ်သော
အားဖြင့်)ရှောင်ကြဉ်လိမ့်မည်သာ ဖြစ်လေရာ ဝန်ကြီးအားလုံး
သည် ကိုယ့်ကိုယ်ကို ဆန်းစစ်သော အလေ့အကျင့်ရှိကြပါမူ

မိမိကိုယ်ကို အထင်ကြီးပြီး ယခုကဲ့သို့ ကွဲကြပြဲကြမည်လည်း မဟုတ်ချေ။

## ထိပ်ဆုံးအထိ အကျိုးပေးခြင်း

အတွင်းဘက်သို့လှည့်၍ ကိုယ့်ကိုယ်ကို စစ်ဆေးဝေဖန်တတ်သော အလေ့အကျင့်သည် လောက အတွက်သာမက သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးအတွက်ပါ အရေးကြီး၍ တန်ဖိုးရှိ၏။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ တည်းဟူသော အလုပ်များသည်လည်း မိမိကိုယ်ကိုမိမိ ရှုဆင်ခြင်ခြင်းပင်ဖြစ်၏။ အာနာပါနတည်းဟူသော သမထဘာဝနာ အလုပ်သည် သူတစ်ပါး၏ ထွက်သက်ဝင်သက်ကို ရှုမှတ်ရခြင်း မဟုတ်။ မိမိ၏ ထွက်သက်ဝင်သက်ကို ရှုမှတ်ရခြင်းဖြစ်၏။ ကာယာနုပဿနာ၊ စိတ္တာနုပဿနာ စသော ဝိပဿနာအလုပ်များသည်လည်း သူတစ်ပါး၏ ကိုယ်၊ သူတစ်ပါး၏ စိတ်တို့ကို စောင့်၍ ကြည့်ရန် မဟုတ်။ မိမိ၏ကိုယ်၊ မိမိ၏စိတ်တို့ကို သတိနှင့် စောင့်ကြည့်ရှုမှတ်ရခြင်းပင် ဖြစ်၏။

လူတစ်ကိုယ်လျှင် စိတ်တစ်မျိုးစီရှိဒပရာ သူတစ်ပါး၏စိတ်ကို မြင်စွမ်းနိုင်သည် မဟုတ်။ မိမိ၏စိတ်ကို မိမိ စောင့်ကြည့်မှသာ စိတ်အကြောင်းကို သိနိုင်ခွင့်ရှိပေမည်။ စိတ်အကြောင်းကိုကျမ်းစာထဲ၌ ဖတ်ခြင်းဖြင့်လည်း မဟုတ်။ ဆိုက်ကော်လိုဂျီ စာအုပ်များကို ဖတ်ရှုခြင်းဖြင့်လည်း မဟုတ်။ မိမိ၏စိတ်ကို မိမိ စောင့်ကြည့်၍ ယထာဘူတကျကျ သိမြင်ရသောအခါ မဂ်တရား၊ ဖိုလ်

တရား၊ နိဗ္ဗာန်တရားသို့ တိုင်အောင် သိမြင်နိုင်သည်ဟု ဗုဒ္ဓ ဟောတော်မူသည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အမှား နည်းစေရုံသာမက လူသာဝုခေါ် နတ်ယာဝုခေါ် ဖြစ်စေနိုင်၍ သံသရာ ဝဋ်ဆင်းရဲမှ ထွက်မြောက်ပြီး နိဗ္ဗာန်သို့ ရောက်သည့် တိုင်အောင် အကျိုးပေးနိုင်သည့် ဤအလေ့အကျင့်ကို ဤ စာဖတ်သည့်နေ့မှ စ၍ အလေ့အကျင့် ပြုလုပ်ပါတော့မည်ဟု သန္နိဋ္ဌာန် ချမှတ်ကြပါရန် လေးနက်စွာ တိုက်တွန်းအပ်ပါ သတည်း။ ဝ

# ယခင်ခေတ်နှင့် ယခုခေတ်

စိတ်ငြိမ်းချမ်းခြင်းနှင့်စိတ်ပျော်ရွှင်ခြင်းတို့၏ခြားနားချက်၊ တတ်နိုင်သူများက ကြွားကြသည့်အခါ မတတ်နိုင်သူများအဖို့ သွားရည်ကျရခြင်း။

မျှော်လင့်ချက် နှစ်ခုတော့ ရှိပါသည်။ သို့သော် ကိုယ့်ကိုယ်ကိုယ် ပြုပြင်ထားနိုင်မှ စိတ်သက်သာရာ ရကြမည်။

စိတ်ချမ်းသာခြင်း သို့မဟုတ် စိတ်၏ငြိမ်းချမ်းခြင်း ဟူသည်မှာ ပုဂ္ဂိုလ်အသီးသီး၏ 'စိတ်ထား' အပေါ်၌ တည်သည်။ (ဗုဒ္ဓဝါဒအရ) အာသဝေါကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်များအဖို့မှာ မည်သည့်ခေတ် မည်သည့်အခါသမယ၌ ဖြစ်စေ၊ စိတ်၏ငြိမ်းချမ်းခြင်းနှင့် ပြည့်စုံကြသည်ချည်းဖြစ်သည်ကား မှန်သည်။ သို့ရာတွင် ဤဆောင်းပါး၌ ကျွန်ုပ်တင်ပြလိုသော အခြင်းအရာမှာ ဤခေတ်လူများသည် ကျွန်ုပ်တို့၏ ဘိုးဘွားမိဘများ လက်ထက်ကလူများထက် စိတ်၏ ငြိမ်းချမ်းမှုပိုသည် သို့မဟုတ် လျော့သည် ဆိုခြင်းကို နှိုင်းယှဉ်၍ ကောက်နုတ်ချက်ထုတ်ရန် ဖြစ်ပေသည်။

---

ဒုတိယအကြိမ်

## ငြိမ်းချမ်းခြင်းနှင့် ပျော်ရွှင်ခြင်း ခြားနားပုံ

ပထမဦးစွာ စိတ်ငြိမ်းချမ်းမှုနှင့် စိတ်ပျော်ရွှင်မှုတို့သည် အဓိပ္ပာယ်တစ်မျိုးစီရှိခြင်းကို ရှင်းလင်းဖော်ပြရန် လိုပေသည်။ စိတ်ငြိမ်းချမ်းမှု ဆိုသည်မှာ နှလုံးပူပန်မှု၊ စိုးရိမ်ကြောင့်ကြမှု၊ သောကဗျာပါဒစသည်တို့မှကင်းလွတ်၍ ချမ်းမြေ့ငြိမ်သက်စွာ ရှိခြင်းကို ဆိုလိုသည်။ ဤအခြင်းအရာတွင် ရဟန္တာ ပုဂ္ဂိုလ်တို့သည် အထွတ်အထိပ် ဖြစ်သည်ဟု ဗုဒ္ဓဘာသာဝင်များ လက်ခံယုံကြည်ကြ၏။ စိတ်ပျော်ရွှင်မှု ဟူသည်မှာ လိုချင်သော အရာကို ရ၍ ကာမဂုဏ်ခံစားရသည့် အခိုက်အတန့် ကလေးများ၌ ကစားစရာ အသစ်အဆန်းကလေး ရရှိသော ကလေးသူငယ်ကဲ့သို့ တရယ်ရယ်တပြုံးပြုံး ရှိနေသောအဖြစ်မျိုးကို ဆိုလိုသည်။

## ဘောကျေးလက်တောင် ပျော်နိုင်သည်

ဤခေတ်မှာ ဝတ္ထုပစ္စည်း အသစ်အဆန်းတွေ၊ ရေဒီယို၊ ဘိုင်စကုပ်၊ မိုတာကား၊ လေယာဉ်ပျံ စသည့် ဇိမ်ခံစရာ အမျိုးမျိုးတွေ တစ်ခုပြီးတစ်ခု ပေါ်ပေါက်လျက်ရှိသည့် အတွက်ကြောင့်(တတ်နိုင်သူများအဖို့မှာ)စိတ်ပျော်ရွှင်စရာ ကောင်းလှသည်ကား မှန်ပေသည်။ မမြင်ဖူး၊ မသုံးဖူးသော ကျွန်ုပ်၏ မိဘဘိုးဘေးများ လက်ထက်ကို ပြန်ကြည့်လိုက်လျှင် ပျင်းရိငြီးငွေ့ဖွယ်ရာကြီး ဖြစ်ပေလိမ့်မည်ဟု ဆိုချင်ကြပေလိမ့်မည်။ အထူးသဖြင့် တတ်နိုင်၍ ခံစားနိုင်သည့် အထက်လွှာများက

ထိုကဲ့သို့ သာရှိ ဆိုချင်ကြပေလိမ့်မည်။ ပတတ်နိုင်သဖြင့် မိုတာကား စီးရပေကာမူ၊ ကျေးလက်တောရွာ၌ ရုပ်ရှင်မရှိစေကာမူ မြို့သို့ တစ်ခါတစ်ခေါက် ရောက်သောအခါ၌ ကြည့်နိုင်သေးသောကြောင့် ရှေးလူများထက်တော့ ပျော်စရာကောင်းသေးသည်ဟု ဆိုနိုင်ကြပေလိမ့်မည်၊ ဤအယူအဆကို ကျွန်ုပ် လက်ခံနိုင်ပါသည်။

## နတ်သည် လူထက် ပျော်နိုင်၏

အချို့ကမူ ဤမျှမက အတွေးခေါင်သေး၏။ မိတ်ဆွေတစ်ယောက်သည် အိုက်စ်ကရင် (ရေခဲမုန့်) စားလျက်ရှိစဉ် သူ၏ အဘိုးအဘွားများမှာ ဤစားစရာကလေးမျိုးမှ စားဖူးမသွားရရှာသောကြောင့် သနားပါတော့သည်ဟု ပြောသံကြားရဖူး၍ ပြုံးခဲ့ရပေသေးသည်။ မခံစားရဖူးသည့် ကာမဂုဏ် (ရသာရုံ) ကို တောင့်တောင့်တတ ရှိမည်မဟုတ်သောကြောင့် မခံစားရရှာလေခြင်းဟု သနားကရုဏာ ဖြစ်ဖို့မလိုချေ။ စိတ်၏ သဘာဝမှာ တောင့်တ၍မရလျှင် ဆင်းရဲတတ်၍ တောင့်တ၍ ရလျှင် ပျော်ရွှင်တတ်ပေရာ မတောင့်တသောအရာကို မရသည့်အတွက် သနားသည် ဆိုခြင်းသည် အလုပ်ပိုသက်သက်ဖြစ်၏။ စတုမဟာရာဇ် စသော နတ်ပြည်ခြောက်ထပ်၌ နတ်များ၏ စည်းစိမ်သည် အလွန်ကြီးကျယ်သည် ဆိုရာ နတ်သမီး ၅၀၀ ခြံရံသော ကာမဂုဏ်ခံစားသော နတ်သားတစ်ယောက်က တစ်လင်တစ်မယား နေရှာကြရသော လူသားများအား သနားလှသည် ဆိုလျှင် အဓိပ္ပာယ်မရှိချေ။ (လူသားများအဖို့မှာ တစ်မယားကို

ဝအောင်ကျွေး၊ လှအောင်ဆင်၍၊ သားသမီးကို ကျောင်းထား ရသော တာဝန်သည်ပင် အဘော် ကြီးလေးလျက် ရှိလေပြီး) ကာမဂုဏ် ခံစားမှု၌ နှတ်ကိုတုပဝံ့သော လူယောကျ်ားမျိုးမှာ ရာခိုင်နှုန်း အလွန်နည်းပါးပေလိမ့်မည်။

နိုင်ငံခြားသို့ ရောက်လိုခြင်း

မိမိမခံစားဖူးသောအရသာကို တောင့်တမှုမရှိ၍ မဆင်းရဲပုံ၊ ခံစားဖူးမှသာ တောင့်တလာ၍ မရသောအခါ၌ ဆင်းရဲရပုံ ကိုယ်တွေ့ အဖြစ်အပျက်တစ်ခုကို တင်ပြရပေဦးမည်။ ကျွန်ုပ် မှာ နိုင်ငံခြားတိုင်းပြည်များသို့ မရောက်ဖူးခဲ့စဉ်က ရောက်ချင် သော ဆန္ဒသည် အတော်ပြင်းထန်ဖူး၏။ ၁၉၅၂- ခုနှစ်တွင် တရုတ်ပြည် ပီကင်းမြို့၌ ကျင်းပသော ကမ္ဘာ့ ငြိမ်းချမ်းရေး ညီလာခံကြီးသို့ တက်ရောက်ရမည် ဆိုသောအခါ ထိပေါက်ရ သလောက် ဝမ်းသာမိခဲ့သည်။ ဝမ်းသာမိခြင်းမှာ ဂုဏ်ယူလို သောကြောင့်မဟုတ်ပါ။ နိုင်ငံခြားစာပေများကို အတော်များ များ ဖတ်ထားခဲ့သူတစ်ယောက်ဖြစ်၍ စာတွေ့နှင့်ငါတွေ့ ဘယ် လိုများရှိမည်ကို သိလိုသည့် အကြောင်း၊ ကျွန်ုပ် ရေး သော (အမှန်မှာ မှီး၍ရေးသော) ပထမံဆရာသိန်း ဝတ္ထုထဲ၌ ပီကင်း မြို့တော် မြို့ရိုးကြီးအကြောင်းကို ဖော်ပြခဲ့ဖူးသည်ဖြစ်ရာ၊ မျက် မြင် ကိုယ်တွေ့ မြင်ရသောအခါ၌ စိတ်ထဲတွင် ဘယ်လိုလူများ လွမ်းဆွတ်ဖွယ်ရာ ဖြစ်ပါလိမ့်မည်နည်း ဟူသော တွေးတောမှု များကြောင့် ကြည့်ချင်မြင်ချင် ရောက်ချင်သောစိတ် ပြင်းထန် ခဲ့ခြင်းဖြစ်ပါသည်။

---

## အကောင်းတွေ မြင်ရခြင်း

တရုတ်ပြည်သို့ ရောက်သွားသော အခါ၊ မမြင်ဖူးသော အရာများ၊ ရှုခင်းများ၊ အဆောက်အဦများ စသည်တို့အပြင်၊ အစားအသောက်အနေအထိုင် စသည်တို့မှာလည်း ပထမတန်းချည်း စံစားခဲ့ရသည်။ (တကယ် ပထမတန်းကား ဟုတ်ချင်မှ ဟုတ်မည်။ သို့သော် ကျွန်ုပ်၏အနေအထိုင် အစားအသောက် အဆင့်အတန်းနှင့် နိုင်းစာလျှင်ကား တက်တက်စင်ကွာခြားပေသည်။) လူတွေကို ကြည့်ပြန်လျှင်လည်း စည်းလုံးညီညွတ်စွာနှင့် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွ ရှိကြသည်ကိုတွေ့ရ၍ အားရခဲ့သည်။ တရုတ်ပြည်အတွင်း လှည့်လည်ခဲ့စဉ် အခိုက်တွင် စိတ်ဆင်းရဲစရာ ကြုံရခဲ၍၊ ကြည်နူး ပျော်ရွှင်စရာတွေချည်း များပြားလှသည်။ စာရေးဆရာကြီးတစ်ယောက်၏နေအိမ်သို့အလည်ရောက်ပြန်တော့လည်း အုတ်တံတိုင်း ကာရံထားသောဝင်းကြီးအတွင်း အဆောင်အခန်းခန်းဖြင့် သပ်သပ်ရပ်ရပ် သိုက်သိုက်မြိုက်မြိုက် ရှိလှသည်ကို မြင်ခဲ့ရသည်။

## ခံစားဖူးလျှင် တောင့်တ၍ဆင်းရဲခြင်း

ကိုယ့်တိုင်းပြည်သို့ ပြန်ရောက်လာသောအခါ ပထမ၌ပျော်ပျော်ရွှင်ရွှင်ရှိနိုင်သေးသော်လည်း တဖြည်းဖြည်းတွင် တောင့်တမှုများ ဖြစ်ပေါ်လာ၍၊ စိတ်ညှိုးငယ်သယောင်ယောင် ဖြစ်လာခဲ့သည်။ စိတ်ဆင်းရဲသည်ဟူ၍ကား မဆိုလိုပါ။ သို့သော် စိတ်တိုင်းမကျချင်သလိုလို ဖြစ်လာခဲ့သည်။ ဥပမာ ဟိုဘယ်ကြီး

များ၌ ကြွေရည်သုတ် ရေကန်ကြီးထဲသို့ ရေပူနှင့်ရေအေးတို့ကို လိုသလောက်စပ်ပြီး တစ်ကိုယ်လုံးဆင်း၍စိမ်ရခြင်းသည် အလွန် ဇိမ်ရှိလှပေရာ နေအိမ်၌ ဤနည်းအတိုင်းလုပ်နိုင်လျှင် ကောင်း လေစွဟု တောင့်တမိသည်။ သို့ရာတွင် ယခုလည်း မတတ်နိုင်။ နောင်တွင်လည်း တတ်နိုင်ဖို့မမြင်ချေ။ စားစရာများကို တရုတ်လို တစ်လှည့် ဗိုလ်လိုတစ်လှည့် မှာယူ စားသောက်ရခြင်းသည် (အပြောင်းအလဲကြောင့်) အလွန်တရာ ဇိမ်တွေ့၏။ ယခုကား မတတ်နိုင်တော့ချေ၊ တရုတ်စာရေးဆရာကြီးကဲ့သို့ စိတ်တိုင်းကျ ဆောက်လုပ်ထားသော နေအိမ်မျိုးတွင် နေရလျှင် ကောင်း လေစွဟု တစ်ခါတစ်ရံတောင့်တမိ၏။ ဤသည်မှာလည်း စာရေး ဆရာချင်းဖြစ်သောကြောင့် တောင့်တမိခြင်း ဖြစ်၏။ သူဌေး၏ နေအိမ်မျိုးကို တောင့်တမိခြင်းမဟုတ်ရပါ။ ယင်းသည်လည်း မဖြစ်နိုင်ချေ။ တိုင်းသူပြည်သားများကို ကြည့်ပြန်လျှင်လည်း တရုတ်ပြည်မှာကဲ့သို့ စည်းလုံးညီညွတ်စွာနှင့် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွအလုပ်လုပ်ကြသည်ကိုမြင်လိုတွေ့လို၏။ ဤသည် လည်း မဖြစ်နိုင်၊ ကိုယ်ကလည်း ဘာမျှမတတ်နိုင်ချေ။ ကိုယ့် အတွက်လည်း ဘာမျှမတတ်နိုင်။ တိုင်းပြည်အတွက်လည်း ဘာ မျှမတတ်နိုင်။ လက်မှိုင်ချ၍သာ နေရတော့သည်။ ဤသို့ဖြစ်ရ ခြင်းမှာ တရုတ်ပြည်သို့ ရောက်ခဲ့ဖူး၍ အားကျခဲ့မိခြင်း၊ ခံစား စံစားခဲ့ဖူးခြင်း တို့ကြောင့် ဖြစ်ရ၏။ ပြင်းပြင်းထန်ထန်ကြီး မဟုတ်သော်လည်း တောင့်တမှုကလေးများ ရံဖန်ရံခါဖြစ်ပေါ် တတ်၍ ဖြစ်ပေါ်သလောက်လည်း စိတ်ပင်ပန်းခြင်းခံရပေရာ ဤအခြင်းအရာကို စဉ်းစားမိတိုင်း နိုင်ငံခြားတိုင်းပြည်များသို့

ရောက်လို၊ ကြည့်လိုမြင်လိုသော စိတ်မျိုးမှာ ခေါင်းပါးလျက် ရှိပါတော့သည်။ ဤအခြင်းအရာကိုတင်ပြရခြင်းမှာ နိုင်ငံခြားသို့ အကြည့်အရှု သွားလိုသူများအား စိတ်ပျက်စေရန် အတွက် မဟုတ်။ ခံစားဖူးလျှင် တောင့်တတတ်သော အာသာဆန္ဒ ဖြစ်ပေါ်လာခြင်း၏ သဘာဝကို ထင်ရှားစေလိုသောကြောင့်မျှသာ ဖြစ်ပါသည်။ (တောင့်တခြင်းသည် ဆင်းရဲခြင်းပင်ဖြစ်သည်ဟု လက်မခံချင်သောလူများလည်း ရှိကြပေလိမ့်မည်။)

## လွန်၍လွန်၍တက်သော လောဘ

ကမ္ဘာသူ ကမ္ဘာသားများကို အကြမ်းအားဖြင့် ပိုင်းခြားလိုက်သော် ခေတ်ပေါ် အဆန်းအသစ်များကို ဝယ်ယူခံစားနိုင်သူများနှင့် မဝယ်ယူ မခံစားနိုင်သူများဟူ၍ နှစ်မျိုးနှစ်စား ရှိကြပေသည်။ ဝယ်ယူခံစားနိုင်သည့် အထက်လွှာလူများကို ကြည့်လိုက်လျှင် အလွန်ပျော်ရွှင်ကျေနပ်ကြသည်ဟု ထင်မှတ်ဖွယ်ရှိ၏။ တကယ်ဟုတ်ပါ၏လော၊ ဤသို့ကား မဟုတ်ချေ။ ကာမဂုဏ်စည်းစိမ်တို့မည်သည်မှာ ခံစားရကာစ အခိုက်အတန့်၌ အတော်ကျေနပ်ခြင်းကား မှန်ပါ၏။ မိုတာကား ဝယ်စီးချင်လှသော သူတစ်ယောက်သည် မတတ်နိုင် တတ်နိုင်နှင့် ကားဟောင်းကလေးတစ်စီး ဝယ်စီးရာတွင် အစပထမ၌ တော်တော်ပျော်ရွှင်ကျေနပ်၏။ မိသားဖသားတစ်စု မကြာခဏ ကားနှင့်ထွက်ကြပြီး တပျော်ပျော်ရှိနေကြ၏။အတန်ကလေးကြာလတ်သော် ကားဟောင်းနှင့် မကျေနပ်ချင်ကြတော့ဘဲ ကားသစ်ဝယ်စီးချင်သော လောဘစိတ်ဝင်လာတတ်ကြလေသည်။ ထိုအချိန်မှစ၍

စိတ်ကျေနပ်မှုကို ပြဒါးတိုင်ဖြင့်တိုင်းတာ၍ ဖြစ်နိုင်သည်ဆိုပါက ကားဟောင်းကလေး ဝယ်မစီးနိုင်မီက ဒီါရီသို့ပင် လျှောဆင်း သွားခြင်းကို တွေ့ရပေလိမ့်မည်။ အကယ်၍ ကားဟောင်း ကလေးပင် မစီးနိုင်တော့သဖြင့် ရောင်းစားလိုက်ရသည်ဆိုဘြား အံ့။ ယခင် ကားမဝယ်စီးနိုင်စဉ် အခါကထက်ပင် စိတ်ဆင်းရဲ သွားကြပေလိမ့်ဦးမည်။ ဆိုလိုရင်းမှာ ပစ္စည်းတစ်ခုရခြင်းကြောင့် ကျေနပ်မှုသည် ကြာရှည်မခံ။ လောဘသည် လွန်၍လွန်၍တက် တတ်သော သဘာဝရှိပေရာ ကြာရှည်ကြီး ပျော်ရွှင်မကျေနပ် နေနိုင်သော လူဟူ၍ အလွန်ရှားလှသည်။ လိုတိုင်းလိုတိုင်း ဆက် ၍ ဆက်၍ ရရှိနေသူဖြစ်ခဲ့လျှင် - တလျှောက်တည်း ပျော်ရွှင် ကျေနပ်နေလိမ့်မည်ဟု ထင်စရာရှိ၏။ သို့ရာတွင် ထိုသို့သော ပုဂ္ဂိုလ်မျိုးမှာ တစ်ကမ္ဘာလုံးတွင်မှ ဘယ်နှစ်ယောက်ရှိလိမ့်မည် မဆိုနိုင်ပေ။ အကယ်၍ ရှိခဲ့ပါလျှင်လည်း ထိုသူများ တို့လည်း စိတ်ပျော်ခြင်းမျှသာဖြစ်၍ စိတ်ငြိမ်းချမ်းခြင်းမဟုတ်သေးချေ။

## ကိုယ့်ထက်သာ မနာလို

တစ်ဖန် ဇိမ်ပစ္စည်းများဝယ်ယူသုံးစွဲနိုင်သည့်အထက်လွှာရှိလူ များ၏စိတ်ကို အမြဲနှိပ်စက်တတ်သော အခြင်းအရာတစ်ခုရှိသေး ၏။ ထိုအခြင်းအရာသည်ကား သာလို-ဝါလို- ဂုဏ်ပြိုင်လိုသော စိတ်မျိုး ပေတည်း။ "ကျုပ်တို့ဖြင့် ဒီစိတ်မျိုး မရှိပါဘူး"ဟု လွတ်ခနဲ မပြောမှားလေနှင့်။ အနည်းနှင့်အများရှိတတ်ကြသည် သာဖြစ်သည်။ ဥပမာ ပွဲထိုင် အခမ်းအနားတစ်ခုသို့ သွားရာ တွင် ကိုယ်ပိုင်ကားသစ်နှင့် သွားနိုင်သော လူသည် အတော်

ကျေနပ်မှု ရှိပေလိမ့်မည်။ သို့ရာတွင် မိမိ၏ ကားဆိုက်သည်နှင့် တစ်ပြိုင်နက် မာစဒီဘင့် ကားသစ်တစ်စီးက မိမိ၏ကားနှင့် ယှဉ်ကာ ထိုးဆိုက်လာသည်ဆိုလျှင် ကိုယ့်ကားနှင့်ကိုယ်အတော်ကလေး ကျေနပ်ခဲ့သော လူဖြစ်ပါလျှင် ယုတ်စွအဆုံးအားဖြင့် ကျေနပ်မှု ဒီဂရီတော်တော် လျော့ဆင်းသွားပေလိမ့်မည်။ မိမိနှင့် ဂုဏ်ရည်တူ ပြိုင်ဘက်တစ်ယောက် ဖြစ်ခဲ့ပါမူ ထိုမျှမက အခံရခက်ဖွယ်ရာပင် ရှိသေး၏။ အလွန်ကြွားချင်သော လူတစ်ယောက် ဖြစ်ပါမူကား မျက်နှာညိုသည်အထိ ဖြစ်သွားဖွယ်ရာ ရှိ၏။ အထက်လွှာဆိုသော လူများအဖို့၌ အလားတူအဖြစ်အပျက် ကလေးမျိုးတို့သည် မကြာခဏ ကြုံရတတ်သည်ဖြစ်၍ ထင်ရသလောက် ပျော်ရွှင်ကျေနပ်မှု ရှိကြသည် မဟုတ်ချေ။ စိတ်၏ ငြိမ်းချမ်းမှုဆိုသည်မှာကား ဝေးပါသေးသည်။

## စိတ်မသက်သာဖို့ အကြောင်းတွေ

ဇိမ်ပစ္စည်းများဝယ်ယူသုံးစွဲနိုင်သော အထက်လွှာဆိုသူများ၌ပင် ထင်ရသလောက် ပျော်ရွှင်ကျေနပ်မှု မရှိကြဟုဆိုပါလျှင် ဤခေတ်တွင် သူတစ်ပါးနည်းတူ ဝယ်ယူသုံးစွဲရန် မတတ်နိုင်သဖြင့် အထက်လွှာ လူတန်းစား၏ အသုံးအဆောင်များကို တမော့မော့နှင့်သွားရည်ကျလျက်ရှိသော အလုပ်သမားလူတန်းစားများအဖို့၌ ဘယ်ကဲ့သို့ရှိလေမည်နည်း။ "သူ့ကုသိုလ်နှင့်သူဖြစ်သည်။ မနာလိုစရာမရှိ"ဟု စကားဆိုသော်လည်းစာအတိုင်း ကျင့်ကြံနိုင်သူ နည်းပါးပေလိမ့်မည်။ အကယ်၍သူတော်ကောင်းစိတ် ရှိသူဖြစ်သောကြောင့် မနာလိုစိတ် မဖြစ်ဟု ထားဦး၊

မည်သည့်နည်းနှင့်မဆို ကာမဂုဏ်ခံစားချင်သော ဘိုသားများ ဖြစ်ကြသောကြောင့် ထိုသူတို့ကဲ့သို့ခံစားနိုင်လျှင်ကောင်းလေစွ ဟူသော တောင့်တသည့်သဘောစိတ်မှုကား ဝင်လာရသည်သာ ဖြစ်လေသည်။ သို့ဆိုကာဘည်းက မခံစားနိုင်သော အောက်လွှာ လူများ၏ အနေအထိုင် အသုံးအဆောင်တို့ကို တွေ့မြင်ရခြင်း အတွက်ကြောင့် စိတ်နှလုံး ညှိုးငယ်ခြင်း ဖြစ်ရလေပြီ။ ကောက်နုတ်ချက်ဆုတ်လိုက်သော် ဇိမ်ပစ္စည်း အဆန်းအပြား တွေ ပေါများလှသော ဤခေတ်တွင် အထက်လွှာဆိုသူများ လည်း ထင်ရသလောက် ပျော်ရွှင်ကျေနပ်မှုမရှိလှ။ အောက် လွှာ ဆိုသူများအဘွက်လည်း သွားရည်တမျှားမျှား(အချို့မှာ အံဘကြိတ်ကြိတ်)နှင့် နေကြရသောကြောင့် ကောင်းလှသော ခေတ်ကြီးဟူ၍မဆိုနိုင်ချေ။ ဤသည်မှာ သူ့ဘာသာစိတ်ဆင်းရဲ ရခြင်းမျှကိုသာ တင်ပြခြင်ဖြစ်လေရာ သွားရည်ကျရုံမနေဘဲ ရက်ရက်စက်စက် သတ်ဖြတ်လုယက်ကြခြင်းများကိုပါ(ယခင်လ က ဆောင်းပါး၌ ဖော်ပြခဲ့ဖူးသည်အတိုင်း)တင်ပြလိုက်ရလျှင် လားလားမျှမကောင်းသော ခေတ်ဟူ၍ပင်ဆိုချင်စဖွယ်ဖြစ်လာ ပေလိမ့်မည်။

## ကြွားရခြင်းကို ရှက်တတ်သော ရှေးခေတ်

အခြားတစ်ဖက်၌ ကျွန်ုပ်မမီလိုက်သည့်ဘိုးဘေးတို့၏ခေတ် ကို ချန်လှပ်၍ လွန်ခဲ့သည့်နှစ်ပေါင်း ၆၀ ခန့်က ကျွန်ုပ်ကျောင်း သားအရွယ်တွင် ကြုံခဲ့ရသောခေတ်အကြောင်းကို တင်ပြလိုပေ သည်။ ထိုစဉ်က မိုဘာကား မပေါ်သေးသဖြင့် ကိုယ်ပိုင်

ရထားလုံး ဒေါက်ကတ်၊ ဘာဂီ စသည့်ယာဉ်မျိုးကို လူကုံထံအချို့ စီးကြ၏။ စီးကြသူများမှာလည်း အင်္ဂလိပ်အရာရှိကြီးများနှင့် မြန်မာအထက်တန်းအရာရှိတစ်ယောက်တစ်လေသာ ဖြစ်ကြသည်။ ကုန်သည်ပွဲစားပိုင်းကမူ ကြွားချင်ဝါချင်သော စက်ပိုင် တစ်ယောက်တစ်လေသာ စီးကြ၏။ ထိုခေတ်၌ မန္တလေးမြို့တွင်းတွင် ကိုယ်ပိုင်ရထားလုံး၊ ဒေါက်ကတ်စသည်များကို ဝယ်စီးမည်ဆိုက စီးနိုင်သူတွေ တော်တော်များများ ရှိပါ၏။ သို့ရာတွင် မစီးကြချေ။ "လူကြွား" ဟူ၍ ဆိုကြမည်ကို ရှက်တတ်ကြသောကြောင့်ဖြစ်၏။ ဤခေတ်တွင်မူကား စီးလိုက်ကြသည့် မော်တာကားများမှာ ရှောင်၍ မလွတ်အောင်ဖြစ်၍ ကားတိုက်မှုများက သက်သေခံလျက်ရှိ၏။ ကြွားချင်သည်ဆိုခြင်းကို ရှက်စရာတစ်ခု မထင်တော့။ လူတိုင်းလိုပင် ကြွားချင်လျက် ရှိကြလေပြီ။ လက်ငင်း ဝယ်၍မစီးနိုင်သူများပင် အကြွေးရောင်းမည့် ကုမ္ပဏီမျိုးရှိပါက တိုးဝှေ့ဝယ်ယူကာ စီးကြပေလိမ့်ဦးမည်။ ဤကဲ့သို့ ကြွားချင်ဝါချင်သော စိတ်ဓာတ်တွေ တိုးပွားလျက်ရှိခြင်းသည် ကောင်းသော အခြင်းအရာတစ်ခု ဟုတ်ပါ၏လော။ ငရဲကြီးသည်ဟူ၍ကား မဆိုလိုပါ။ သို့ရာတွင် လူများအဖို့ စိတ်ပင်ပန်းစရာကြီးတစ်ခုဖြစ်နေတော့သည်မဟုတ်ပါလော။ ဤခေတ်၌ မော်တာကားတွေ တိမ်းရှောင်၍ မလွတ်အောင် ပေါများလျက်ရှိရာတွင် မတတ်နိုင်သူများအဖို့ ငြူစူချင်စရာ ဖြစ်၍ စိတ်ဆင်းရဲခြင်း ဖြစ်ရပေရာ ထိုခေတ်ကမူ ဒေါက်ကတ် တစ်စီးတစ်လေ မြင်လိုက်ရခြင်းကြောင့် "ငါသည် လောကကြီး၌ အောက်ကျ နောက်ကျဖြစ်လျက် ရှိချေသည်

တကား”ဟု စဉ်းစားဝမ်းနည်းမိသူ လွန်စွာနည်းပါးခဲ့ပေသည်။

## ဒ. ဝတ်ချင်း ခြားနားပုံ

အဝတ်အစားဘက်များတွင်လည်း ထိုခေတ်တွင် ခြိုးခြံမှုအလွန်များ၍ ပလွှားမှုနည်းပါး၏။ ကျွန်ုပ်ကျောင်းသားဘဝ၌ ပိုးလုံချည်၊ ဖဲလုံချည် စသည်တို့မှာ စာမေးပွဲနေ့များ၌သာ ဝတ်ကြရ၍ နေ့တိုင်း ကျောင်းတက်ရာတွင်မူ ဒိ မူးတန်လုံချည်နှင့် ပိတ်အင်္ကျီလောက်ဖြင့် ပြီးကြ၏။ (ဤခေတ်တွင် ချည်လုံချည်ပင် ကျပ်တစ်ဆယ်ကျော်ပေးကြရ၏ ၊) သို့နှင့်လည်းဗန်ကောက်လုံချည်နှင့် ကျောင်းတက်သူများလည်း မရှားချေ။ ပိုလိုစီးကရက် တစ်ဘူးလျှင် တစ်ပဲမျှသာ ပေးရသော်သည်း ကျောင်းသားတိုင်း စီးကရက် မသောက်။ သောက်ပြန်လျှင်လည်း ပိုက်ဆံတစ်ပြားလျှင် သုံးလေးလိပ်ရသော လက်လိပ်စီးကရက် (စက္ကူဆေးလိပ်) မျိုးသာ သောက်ကြလေသည်။ ဤခေတ်၌မူ အချို့လူများသည် အလိပ် ၅၀ ဝင်တစ်ဘူးလျှင် ၁၅ ကျပ်၊(တစ်သိပ် ပြား ၃၀)ပေးပြီး သောက်ကြသေးရာ ထိုခေတ်ကလူများမြင်ရလျှင် လန့်ဖျတ်ပြီး တက်၍သေကြမည်လော မပြောတတ်ပေ။

## အစားအသောက် ခြားနားပုံ

ထိုခေတ်၌ကုန်သည်ပွဲစားလူလတ်တန်းစားများသည်ကြက်၊ ဝက်၊ဘဲ၊ဆိတ်၊ ပုစွန်ထုပ် စသော အဖိုးတန်ဟင်းလျာများကို

အလှူအတန်းနှင့် ဆွမ်းကျွေးများအတွက်သာ ဝယ်ယူလေ့ရှိ၍ မိမိတို့အတွက်ကမူ သုံးလေးရက်တွင်မှ တစ်ကြိမ်လောက် စားတတ်ကြ၏။ နေ့စဉ်အတွက်မှာမူ ပုစွန်ဆိတ်ကလေး၊ငါးကလေးများနှင့် ပြီးတတ်ကြသည်။ "အဖိုးတန်"ဟူ၍သာ ရေးရသည်။ ဝက်၊ကြက်၊ဆိတ်၊ဘဲ တို့မှာ တစ်ပိဿာတင်းကျပ်မျှဖြစ်၍ အမဲသားမှာ ၄ ပဲမှ ၆ ပဲအထိသာပေးရ၏။ သို့နှင့်ပင်တစ်နေ့အတွင်း နွားခလေးငါးကောင်ကို နေကုန်အောင်ရောင်းရပေရာ ဤခေတ်တွင် (မန္တလေးမြို့၌) နွားကောင်ရေ ၃၀ မျှကို တစ်နံနက်ခင်းအတွင်း ရောင်း၍ နေမြင့်လျှင် မရနိုင်တော့ဟု သိရသည်။ လက်ဖက်ရည်အချို၊ ကော်ဖီ၊ ကိုကိုး စသည်တို့မှာ ဗိုလ်ဆန်သူအနည်းငယ်နှင့် မင်းမှုထမ်းများသာ သောက်ကြ၍ အိုဗာတင်းစသည်တို့မှကား ကြားမှ မကြားဖူးချေ။ အလုပ်သမားများမှာ ထမင်းကြမ်းနှင့် ပဲပြုတ်ကို လက်ဖက်ရည်ကြမ်းဖြင့် ကြိုက်ချပြီး အလုပ်ခွင်သို့ ဝင်ကြလေရာ ထမင်းကြမ်းမကျန်သောနံနက်များတွင်လည်း ပဲပြုတ်ကလေး ဖြူး၍ လုပ်သော မုန့်ပျားသလက်တစ်ပြားဖိုးဖြင့် အဆာဖြေတတ်ကြလေသည်။ ဤခေတ် အလုပ်ကြမ်းသမားများမှာမူ ချပါတီ ပူပူနွေးနွေးကို အနည်းဆုံး လက်ဖက်ရည် အချိုကလေးနှင့် သောက်ရမှ အလုပ်ဆင်းနိုင်တော့သည်၊ စာရေး စာချီသော အလုပ်နှသမားများမူကား ရှေးခေတ်က 'ဗိုလ်စာ'ဖြစ်သည့် ထောပတ်သုတ်သော ပေါင်မုန့်မီးကင် (တို့စ်) စားရမှ ကျေနပ်နိုင်ကြတော့သည်။

ဒုတိယအကြိမ်

## ခေတ်ပြောင်းခြင်း၏ သဘော

လူတွေက အကောင်းကြိုက်တတ်လာကြသည့် အထဲတွင် ဈေးနှုန်းတွေက ကြီးမြင့်လိုက်သည်မှာ ခေါင်ချဉ်းလျက်ရှိတော့၏။ ရှေးခေတ်က ရုပ်ရှင်ရုံ (ရွှေတိုက်ရုံ တစ်ရုံတည်း) တွင် မူးတန်းနှင့် မတ်တန်း ဟူ၍ နှစ်တန်းတည်းရှိရာ မတ်တန်း ဆိုသည်မှာ ဗိုလ်ကပြားများနှင့် မြန်မာအရာရှိ အနည်းငယ်တို့သာ ကြည့်ကြ၏။ ကုန်သည်ပွဲစားနှင့် စာရေး စာချီများမှာ ဖျာခင်းသော မူးတန်းဖြင့်သာ တင်းတိမ်ကြ၏။ ဤခေတ်တွင် မူကား ကားကောင်း ကားသစ် လဲလှယ်သော နေ့များတွင် သုံးကျပ်တန်း၊ လေးကျပ်တန်းများပင် သူလိုလူငါလိုလူများဖြင့် ပြည့်နှက်လျက်ရှိသည်ကို တွေ့ရသည်။ ဤအခြင်းအရာများကို ရေးသားဖော်ပြခြင်းမှာ ခေတ်လူများအား ကဲ့ရဲ့ ရှုတ်ချလိုသောကြောင့်လည်း မဟုတ်။ ထိုကဲ့သို့ မလုပ်ဆိုက်ဟူ၍ ဆုံးမ ဩဝါဒ ပေးခြင်းလည်း မဟုတ်။ ခေတ် အားလျော်စွာ အကောင်းကြိုက်တတ်လာကြပြီး၊ ခေတ်အားလျော်စွာ စိတ်၏ ငြိမ်းချမ်းမှု ကင်းမဲ့စေဖို့ဖန်တီးလျက်ရှိခြင်းကို တင်ပြခြင်းမျှသာ ဖြစ်လေသည်။

## အဆီစား၍ အသားမဖြစ်နိုင်

ဤခေတ်လူများသည် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကာမဂုဏ်မှု ခံစားစရာတွေ ပေါများလာ၍ ခံစားချင်သော "အကောင်းကြိုက်" ဝါသနာကလေးတွေ ဖြစ်ပေါ်လာကြ သည့်အလျောက် တတ်နိုင်သူများကလည်း အပြည့်အဝ ခံစား

ကြသည်။ မဘတ်နိုင်သူများကလည်း ကြိုးစားပြီး ခြေလှမ်း ကြဲကြဲ လိုက်ကြရသည်။ ထို့ကြောင့် ဤခေတ် လူများသည် ကျွန်ုပ်တို့ငယ်စဉ်ခေတ်က လူများထက် "ပျော်" ကြရသည်ဟု ဆိုနိုင်ခြင်းကား မှန်ပေသည်။ သို့ရာတွင် စိတ်၏ ငြိမ်းချမ်းမှု ဟူ၍မူကား ရှေးမျှ မရှိကြချေ။ ဤအထဲတွင် စိတ်ချလက်ချ ခရီးမသွားရခြင်း၊ (တောရွာများ၌) ဖြောင့်ဖြောင့် မအိပ် ကြရခြင်းများလည်း ရှိသေး၏။ ထို့ထက်တစ်ဖန် ထပ်ဆင့်၍ ကမ္ဘာစစ်ကြီးဖြစ်ချေဦးမည်လောဟူသော စိုးရိမ်မှုကြီးကလည်း ရှိပြန်သေး၏။ ရှေးခေတ်ကို မီခဲ့သော ကျွန်ုပ်မှာ ပျော်စရာတွေ ဘယ်လောက်များ၍၊ လူတွေ ဘယ်လောက် အကောင်းကြိုက် လာကြပြီး၊ ဘယ်လောက် ကောင်းကောင်းစားကြရစေကာမူ "အဆီအသား၍ အသားမဖြစ်နိုင်" ဆိုသော မြန်မာစကားကိုသာ သတိရမိပါတော့သည်။

## မျှော်လင့်စရာ နှစ်ချက်

ဤခေတ်သည် စိတ်ငြိမ်းချမ်းမှု ကင်းဝေးသောခေတ် ဖြစ်သည်ဆိုခြင်းကို လက်ခံကြသည်ထားပါစို့။ (လက်မခံအဲလည်း ဖြစ်မည်မထင်ပါ။) ကျွန်ုပ်တို့အဖို့ မျှော်လင့်ချက် နှစ်ခုတော့ ရှိသည်ဟု ကျွန်ုပ် စဉ်းစားမိ၏။ ပထမ မျှော်လင့်ချက်မှာ တစ်ကမ္ဘာလုံး တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်၍ ဒုတိယမှာ လူအသီးသီးနှင့်သာ သက်ဆိုင်ပေသည်။ တစ်တိုင်းပြည်လုံးနှင့် သက်ဆိုင်သော ကိစ္စတွင် လူတွေကို အကောင်း မကြိုက်ကြပါနှင့်ဟု တရားဟောသော်လည်း ဖြစ်နိုင်သည်မဟုတ်။ တစ်ကမ္ဘာ

လုံး အကောင်းကြိုက်လာသော ခေတ်ကြီး ဖြစ်သည်။ ရှေ့အဖို့တွင်လည်း ဤထက်သာ တိုး၍တိုး၍ အကောင်းကြိုက်ကြဖို့သာ ရှိသည်ဟု ကျွန်ုပ် မြင်သည်။ သို့ဆိုလျှင် ဘာကို မျှော်လင့်စရာ ရှိပါသေးသနည်း။

(က) အရှေ့အုပ်စု ခေါင်းဆောင် ဖြစ်သော ရုရှားနှင့် အနောက်အုပ်စု ခေါင်းဆောင်ဖြစ်သော အမေရိကန်အစိုးရတို့ တစ်ဘက်နှင့်တစ်ဘက် မယုံနိုင်မကြည်နိုင် လန့်ဖျတ်ကာ လက်နက်တွေ အပြိုင်အဆိုင် လုပ်ကိုင်လျက်ရှိကြရာမှ နားလည်မှု ရရှိပြီးကာ စစ်တပ်အင်အား၊ လက်နက်အင်အားများ လျှော့ပေါ့ကြဖို့ သဘောတူညီမှု ရရှိလာကြခြင်း တစ်ချက်။

(ခ) "သာသနာ တစ်ဝက် မင်းကောင်း တစ်ဆက်" ဟူသော မျှော်လင့်ချက်အတိုင်း မြန်မာပြည်အတွင်း၌ မြန်မာ လူမျိုးတွေ အစိတ်စိတ် အမြွာမြွာ ကွဲပြား နေကြခြင်းကို တစ်ပေါင်းတစ်စည်းတည်း ဖြစ်အောင် စုစည်းပြီး ပြည်သူလူမျိုးစု ချောင်ချိသက်သာအောင် စီမံပေးတတ်သည့် အစိုးရမျိုး ပေါ်ပေါက်လာခြင်းကား တစ်ချက် ဖြစ်သည်။ ယင်းသို့ဆိုလျှင် ပိုးဖဲတွေဝတ်ပြီး ဝက်၊ ကြက် စား၍ စီးကရက်တွေ သောက်ကြလျှင်လည်း ကိစ္စမရှိဟု ကျွန်ုပ် နားလည်သည်။

### တိုက်တွန်းချက်

အထက်၌ ဖော်ပြခဲ့သည့် (က) နှင့် (ခ) တည်းဟူသော မျှော်လင့်ချက်မှာ လူအများနှင့်သက်ဆိုင်သည့် မျှော်လင့်ချက်

ဖြစ်ပေရာ လူအများကို အားမကိုးရသည့် ဒုတိယမျှော်လင့်ချက် တစ်ခုလည်း ရှိပေသေးသည်။ ဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း အသသဝေါကင်းပြီးသော ရဟန္တာတို့မည်သည်မှာ မည်သည့်ခေတ်၊ မည်သည့်ဒေသမျိုးတွင် နေထိုင်ရသည်ဖြစ်စေ စိတ်၏ငြိမ်းချမ်းမှုရှိကြသည်သာဖြစ်သည်ဆိုရာ ရဟန္တာဆိုသော အဖြစ်မျိုးမှာ ခဲယဉ်းလွန်းလှပေသည်။ သို့သော် ထိုမျှလောက် မခဲယဉ်းသင့်သော အဖြစ်မျိုးလည်းရှိပါသေး၏။ ၎င်းသည်ကား တင်းတိမ်ရောင့်ရဲသော စိတ်မျိုး ဖြစ်ပေါ်လေအောင် အလေ့အကျင့် ပြုလုပ်ပေးခြင်းပေတည်း။ တင်းတိမ် ရောင့်ရဲသော စိတ်မျိုးရှိသူသည် တပ်ပြိုင်ဆိုင်လိုသော သဘောမျိုး အလို အလျောက် လျော့နည်းသွားရ၏။ ထို့ကြောင့် စိတ်ချမ်းသာမှု ရ၏။ မနာလိုဝန်တိုသော ဣဿာ မစ္ဆရိယ သဘောမျိုးလည်း အလိုအလျောက် လျော့နည်းသွား၏။ ထို့ကြောင့် စိတ်ဆင်းရဲမှု သက်သာရ၏။ ယင်းသို့ဖြစ်ရကား လူအများအပေါ်၌ မှီခို အားကိုးရသော ပထမမျှော်လင့်ချက် မပြည့်စုံသေးလျှင်ရှိစေ၊ ကိုယ်ကြိုးစားလျှင် ကိုယ်ဖြစ်နိုင်လောက်သည့် တင်းတိမ်ရောင့်ရဲ ခြင်း တည်းဟူသော အဖိုးတန် စိတ်မြတ်တစ်ခု ဖြစ်ပေါ်လာ စေခြင်းငှာ ဤစာကို ဖတ်ရသောအချိန်မှစ၍ အလေ့အကျင့် ပြုလုပ်ပါတော့မည်ဟု သန္နိဋ္ဌာန်ချဖို့ တိုက်တွန်းလိုက်ရပါ သတည်း။ ဝ

---

ဒုတိယအကြိမ်

# လူဖြစ်ရကျိုးနပ်ပါစေ

ဤဘခေတ်၌ တိုင်းပြည်အစိုးရများသည် လေးနှစ်စီမံကိန်း ငါးနှစ်စီမံကိန်း စသည်ဖြင့် ကြိုတင်၍(Planning) ရေးဆွဲဘတ်ကြပေရာ ပုဂ္ဂိုလ်များအနေဖြင့်လည်း တစ်မျိုးတစ်မည် ကြိုတင်စီမံတတ်လျှင် ကောင်းပေလိမ့်မည်။ မိမိတို့စီမံတိုင်း ဖြစ်သည်မဟုတ်။ အနတ္တ သဘောတရားအတိုင်း သူဖြစ်ချင်သလို ဖြစ်ရသည် ဆိုသော်လည်း ယုတ်စွအဆုံး မိမိတို့၏ တစ်သက်တာ၌ ရည်မှန်းချက်တစ်ခုခု ထားခြင်းသည် လုံးဝရည်မှန်းချက်မထားခြင်းထက် ကိုယ့်ကိုကိုယ် ပဲ့ကိုင်ဖို့ လွယ်ကူပေလိမ့်မည်။

**သေးနုပ်သော ရည်မှန်းချက်များ**

များစွာသော သူတို့သည် ရည်မှန်းချက်ဟူ၍ တိတိကျကျ မရှိဘဲ ကြီးပွားရေးအတွက် ဆို၍ သောင်းပြောင်း သဘောထားတတ်ကြ၏။ အချို့လည်း ပိုက်ဆံပေါခြင်းကို ကြီးပွားခြင်းဟူ၍ နားလည်၏။ အချို့လည်း ရာထူးဌာနန္တရ တိုးတက်ခြင်းကို ကြီးပွားခြင်းဟူ၍ယူဆ၏။ အချို့လည်းထင်ပေါ်ကျော်စောခြင်း၊ လူချီးမွမ်းခံရခြင်း၊ သူတစ်ပါးတို့၏ အထင်ကြီး ခံရခြင်း

စသော အခြင်းအရာမျိုးကို လိုလားတောင့်တ၍ ထိုအတွက် ကြိုးစားကြ၏။ ဤသည်တို့မှာ လူကြိုက်များသော အခြင်းအရာများ ဖြစ်သော်လည်း တမလွန်ဘဝဟူ၍ ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင်များ အဖို့၌ လိုလောက်အောင် ကြီးကျယ်သော ရည်မှန်းချက်များ မဟုတ်သေးချေ။

**မှန်မြတ်သော ရည်မှန်းချက်**

တမလွန်ဘဝအတွက် သတိရသည်ဆိုပြန်လျှင်လည်း ပြုလုပ်တတ်ကြသောအစဉ်အလာမှာဘုရားတည်ခြင်း၊ကျောင်းဆောက်ခြင်း၊ အလှူကြီးပေးခြင်း၊ ဥပုသ်စောင့်ခြင်းမျှလောက် ဆိုပါက အတော်ကြီး ဟုတ်လှပြီဟု မှတ်ထင်တတ်ကြ၏။ ထိုသူတို့၏ အယူအဆမှာ ကောင်းမှုကုသိုလ်ပြုလျှင် ထိုကောင်းမှု၏ အကျိုးကို နောင်ဘဝ၌ ခံစားရမည် ဟူသည်ပင်ဖြစ်၏။ ဘုန်းကြီးများကလည်း "လှူပါမှပေါ့၊ ဒါမှ နောင်ဘဝအတွက် အထုပ်ကလေး ပါသွားမယ်"ဟု အားပေးတတ်ကြ၏။ ဒါနပြုခြင်း အတွက်ကြောင့် အထုပ်ကလေး ပါသွားခြင်းကား မှန်ပေသည်။ ဤရာတွင် ရွှေငွေ ပစ္စည်းမျိုးထက် အတွင်းကျ၍ မြတ်သောဥစ္စာမျိုး ရှိသေးခြင်းကိုလည်း အသိအမှတ် ပြုမှ တော်ကြပေလိမ့်မည်။ ၎င်းမှာ ကိုယ်ကျင့်တရားပင် ဖြစ်သည်။

**ဂျန်ကာလ်မဲန် ဟူသောစကား**

မဂ်တရား ဖိုလ်တရားမှအပ၊ ကို[illegible]တရားနှင့်ပတ်သက်၍ အနောက်တိုင်းသားပညာရှိကြီးများ [illegible]သားဖော်ပြခဲ့ကြသည့်

ကိုယ်ကျင့်တရား နမူနာမျိုးမှာလည်း မထိမ့်မြင် ပြုခြင်းကား မထိုက်ပေ။ ပမာဆိုသော်(Dr. Smiles' Character)ဒေါက်တာ ဆမိုင်းလ်၏"ကိုယ်ကျင့်တရား" ဟူသော အခန်းတွင် (Gentleman)"ဂျန်တလ်မန်" နှစ်မျိုးနှစ်စား ခွဲခြား ဖော်ပြထားပုံမှာ ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ လေ့လာလိုသူများအဖို့ စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ ၎င်းစာအုပ်ကို ကျောင်း၌ သင်ခဲ့ရကတည်းက အနောက်တိုင်းသားများသည် (လောဘကြီးသော နယ်ချဲ့သမားများ ဖြစ်သော်လည်း)ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အတော်ကြီး နားလည်သော ပညာရှိကြီးများလည်း ရှိပေသည်ဟု အထင်ကြီးခဲ့ရပါတော့သည်။

**သာမန်အမျိုးအစား**

"ဂျန်တလ်မန်"နှစ်မျိုးရှိသည့်အနက် တစ်မျိုးမှာ အပေါ်ယံအတွက် ဖြစ်၍ ဒုတိယတစ်မျိုးမှာ အတွင်းစိတ်ဓာတ်ကို ညွှန်ပြထား၏။ ၎င်းကို True Gentleman "ဂျန်တလ်မန်အစစ်" ဟုခေါ်လေသည်။ သာမန်"ဂျန်တလ်မန်"မှာ အပေါ်ယံအတွက်သာ ဖြစ်သည်ဆိုသော်လည်း ၎င်းပင်လျှင် ခေလှသည် မဟုတ်ချေ။ အမျိုးအနွယ် သန့်ခြင်း၊ သပ်သပ်ရပ်ရပ် ဝတ်တတ်ခြင်း၊ ပြေပြစ်သော အမူအရာရှိခြင်း စသည်တို့အပြင် အများဒေါသကို မဖော်ပြဘဲ ချုပ်တီးထားတတ်ခြင်း တည်းဟူသော သိမ်းဆည်းမှုလည်း ပါရှိသောကြောင့် "သူငါကစ" အမျိုးအစားထက် သာသည်ဟု ဆိုထိုက်ပေသည်။

## ဂျန်တယ်မဲန်အစစ်၏ အင်္ဂါများ

နံပါတ်(၂)ဖြစ်သော "ဂျန်တယ်မဲန်"အစစ်၏အရည်အချင်းများကား ဤမျှမက ကြီးကျယ်သေး၏။ အပေါ်ယံအားဖြင့်မူ ဆွေကြီးမျိုးကြီးထဲက ဟုတ်ချင်မှဟုတ်မည်။ အဝတ်အစားမှာလည်း တော်စွာလျော်စွာ ဝတ်ချင်ဝတ်မည်။ သို့ရာတွင် အတွင်းစိတ်သဘောမူကား ဒိမ္မူရစ်ရွှေစင်နှင့် ပမာနှိုင်း၍ ရေးသားဖော်ပြတတ်ကြသည်။ ထိုလူမျိုးကား တည့်မတ် ကြံ့ခိုင်သောစိတ်ဓာတ်ရှိခြင်း၊ အခါခပ်သိမ်း မှန်သောစကားကို ဆိုခြင်း၊ တစ်ဘက်သားအပေါ်တွင် မတရားပြုဖို့ ရွံ့ရှက်ခြင်း၊ ကိုယ့်သိက္ခာ ကိုယ် စောင့်စည်းခြင်း၊ သေးသေးနုပ်နုပ် မလုပ်တတ် မကြံတတ်ခြင်း၊ ကြင်နာ သနားတတ်ခြင်း၊ ကိုယ်ချင်းစာတရားထားခြင်းစသော အရည်အချင်းများအပြည့်အဝပါရှိလေသည်။ တစ်ခါတစ်ရံ ဤလူမျိုးသည် ဆင်းရဲသောလယ်သမား အတန်းအစားထဲ၌လည်း ရှိတတ်ပေရာ ၎င်းကို 'သဘာဝအမျိုးကောင်းသား'(Nature Gentleman)ဟု ခေါ်ကြ၏။ အနောက်တိုင်းသားများ၏ ကောင်းသော အချက်တစ်ခုမှာ လောက အခြေအနေ အားဖြင့် မည်မျှနိမ့်ကျသောအဖြစ်သို့ရောက်နေစေကာမူ ဤသို့သော ပုဂ္ဂိုလ်မျိုးကို ကြည်ညို လေးစားရကောင်းမှန်း သိတတ်သူများ ပေါ်ထွက်တတ်ခြင်းပင် ဖြစ်လေသည်။

## သဘာဝ အမျိုးကောင်းသား

တစ်နေ့သ၌ အထက်တန်းစားများဖြစ်ကြသော ဂုဏ်သရေရှိလူကြီးတစ်ယောက်နှင့်လူငယ်တစ်ယောက် လမ်းလျှောက်သွား

ကြစဉ် ဖိနပ်ထူကြီးနှင့် အင်္ကျီပွကြီးဝတ်ထားသော လယ်သမား ကြီး တစ်ယောက်နှင့်တွေ့ကြ၍ လူကြီးဖြစ်သူက ဖော်ရွေစွာ နှုတ်ခွန်းဆက်သကာ အာလာပ သလ္လာပ စကားပြောပြီးမှ ခွဲခွာ သွားကြ၏။

လယ်သမားကြီး မျက်ကွယ်သို့ ရောက်ကြသော အခါ လူငယ်က ဤမျှလောက် လူရည်လူရောင် ညံ့ဖျင်းသူတစ်ယောက် နှင့် နှုတ်ဆက်ရသည်မှာ မရှက်ပါသလောဟု မေး၏။ ဤတွင် လူကြီးဖြစ်သူက....

"ဘာလဲကွဲ့၊ မင်းက ဖိနပ်ထူကြီးနဲ့ အင်္ကျီပွကြီးကြည့်ပြီး လူရည်လူရောင် မရှိဘူးလို့ ပြောသလား၊ ငါက ဘိနပ်ထူကြီးနဲ့ အင်္ကျီပွကြီးကို နှုတ်ဆက်တာမဟုတ်ဘူးကွဲ့၊ အထဲကလူကို နှုတ် ဆက်တာ၊ အဲဒီ အင်္ကျီပွကြီးထဲကလူကလေ တကယ့်အရည်အချင်း ကို ချိန်ကြည့်လိုက်ရင် ချိန်ခွင်တစ်ဘက်မှာ သူ့ကိုထည့်၊ ဟို တစ်ဘက်ချိန်ခွင်တစ်ဘက်မှာ မင်းရယ်၊ငါရယ်၊ ငါတို့လို လူမျိုး တွေ ဆယ်ယောက်ထည့်၊ သူ့ဘက်ကတောင် လေးလိမ့်ဦးမယ် မောင်ရေ့၊ ဘာမှတ်လို့လဲ"ဟု ပြန်ပြောလေသည်။ အကြောင်း မူကား ၎င်း လယ်သမားကြီးမှာ "သဘာဝ အမျိုးကောင်း သား" ဖြစ်သည်ဟု ထိုလူကြီးက သိပြီး ဖြစ်ပေသောကြောင့် တည်း။

## သူတို့ချင်း ချီးမွမ်းခြင်း

အနောက်တိုင်းသား အင်္ဂလိပ်လူမျိုးများနှင့် ပတ်သက်၍ ကြည့်ညိုဖွယ်ကောင်းသော အချက်တစ်ခုမှာ ခေတ်ပညာတတ်

တစ်ယောက်ဖြစ်သည်ဆိုလျှင် Gentlemen "ဂျန်တလ်မဲန်"ဖြစ်အောင် ကြိုးစားကောင်းမည်ဟုသဘောထားကြသူများလှ၏။ မဟုတ်တော့မှ ရှိစေ၊ "ဂျန်တလ်မဲန်"မဟုတ်ဟူ၍ စွပ်စွဲခြင်းခံရမည်ကို ရှက်ဘတ်ကြသူချည်းဖြစ်၏။တစ်ယောက်တလေ'အစစ်' ဖြစ်ခဲ့လျှင်လည်း အခြားလူများကသိကြ၍စကားတစ်ခုလုပ်ပြီး ပြောလေ့ရှိကြ၏။ ဗြိတိသျှအစိုးရလက်အောက်၌ ကျွန်ုပ် အမှုထမ်းခဲ့စဉ် အိုင်စီအက်စ် သုံးလေးယောက်နှင့် အခြားအင်္ဂလိပ် အရာရှိ နှစ်ယောက်သုံးယောက်တို့ကို အတော်ရင်းနှီးစွာဆက်ဆံခဲ့ဖူးသည်။(ကျွန်ုပ်၏အလုပ်မှာ တောလိုက်စာရေး (Camp Clerk) ဖြစ်၍ ဘတ္တလာမှလွဲလျှင် "ဗိုလ်"၏ စိတ်သဘောကို အနီးကပ်ဆုံး သိနိုင်သောအလုပ်မျိုးဖြစ်သည်။)၎င်းအရာရှိများ အနက်တွင် "ဂျန်တလ်မဲန်"တစ်ယောက်တွေ့ရသည်ဟု ကျွန်ုပ် အကဲဖြတ်ခဲ့မိရာ အခြားသော အရာရှိများကလည်း (That fellow is a gentleman) 'ဟိုလူကတော့ ဂျန်တလ်မဲန် တစ်ယောက်ပေပဲ'ဟု သူတို့အချင်းချင်း ပြောသံ ကြားရဖူးသဖြင့် ကျွန်ုပ်၏ အကဲဖြတ် မှန်ကန်ခြင်းအတွက် ဝမ်းသာခဲ့ဖူး၏။

ဂရိတ်မဲန် ဟူသော စကား

ကိုယ်ကျင့်တရားနှင့်ပတ်သက်၍ အနောက်တိုင်းသားများ၏ သိတတ်ခြင်းတစ်ခုတင်ပြလိုသေး၏။၎င်းတို့သည်(Great Man) 'ဂရိတ်မဲန်'ဟူသော ဝေါဟာရ အသုံးအနှုန်းတစ်ခုတီထွင်ထားကြရာ အဓိပ္ပာယ်မှာ 'လူကြီး'ဟူ၍ ပြန်ဆိုရမည်ဖြစ်သော်လည်း

လိုခြင်းကား မုချဖြစ်၏။ ပန်းတစ်ပွင့်လှူခြင်းကြောင့် နတ်ပြည် လူ့ဦးရေ တစ်သိန်းတစ်သန်းတွင်မှ တစ်ယောက်တလေရှိဘတ် ခြင်း ဖြစ်သောကြောင့် လုံလောက်သော အနက်သဘောပေါ် လွင်စေမည် မဟုတ်ချေ။ 'ဂရိတ်မဲန်'ဆိုရာ၌ ရာထူးဌာနန္တရ ကြီးမြင့်ခြင်းဟူ၍ချည်း ဆိုလိုသည်မဟုတ်။ လူသာမန်တို့နှင့် မတူအောင် စိတ်နေသဘောထား ကြီးရင့်ခြင်းကို ဆိုလိုသည်။ အင်္ဂလိပ်စာရေးဆရာကြီးများ အနက်တွင် ဒေါက်တာဂျွန်ဆင် (Dr Johnson)အား'ဂရိတ်မဲန်'ဟူ၍ သမုတ်ကြရာဘော်စွယ်လ် ရေးသားသည် ဂျွန်ဆင်၏ အတ္ထုပ္ပတ္တိကို ဖတ်ရသူများသည် 'ဂရိတ်မဲန်'ဟူသော အင်္ဂလိပ်အသုံးအနှုန်း၏ အဓိပ္ပာယ်ပေါ်လွင် ခြင်းကို ခန့်မှန်းနိုင်ကြပေလိမ့်မည်။

**နီးကပ်သူများရှိခြင်း**

ကျွန်ုပ်သည် လူချင်းပေါင်းသင်း ဆက်ဆံသည့်အခါ ထိုလူ ၏ စိတ်နေသဘောထားနှင့် ပတ်သက်ရာ အမှတ်မဲ့မနေဘဲ သတိနှင့် စောင့်ကြည့်တတ်သော အလေ့ရှိရာ ကျွန်ုပ်၏တစ်သက် တာတွင် 'ဂရိတ်မဲန်'ဟူ၍ များများကြီး မတွေ့ခဲ့ရဖူးချေ။ ကျွန်ုပ်၏ မေးသဖခင်၌ 'ဂရိတ်မဲန်'၏ အရည်အချင်း တစ်ချို့ တလေ ပါရှိသည်ဟုဆိုလျှင် 'ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်'ဟု ဆိုဖွယ်ရာ ဖြစ်နေ၏။ မည်သို့ဆိုစေ ကျွန်ုပ်ထက် အများကြီး နီးကပ်သည်ဟူ၍ကား ရဲရဲကြီးပြောဝံ့သည်။ ကျွန်ုပ်ပေါင်းသင်း ဆက်ဆံခဲ့ဖူးသမျှတွင် 'ဂရိတ်မဲန်'နှင့် အနီးကပ်ဆုံးသောပုဂ္ဂိုလ် သည်ကား ဆရာကြီး သခင်ကိုယ်တော်မှိုင်းပင် ဖြစ်ပေသည်။

## စိတ်သဘောထားပြည့်ဝသူ

'ဂျန်တယ်မဲန်' 'ထရူး ဂျန်တယ်မဲန်' 'ဂရိတ်မဲန်' ဟူသော အင်္ဂလိပ် အခေါ်အဝေါ်များနှင့် အဓိပ္ပာယ်ညီတူသော မြန်မာစကားလုံးမရှာတတ်သည့်အတွက်ကြောင့်မူရင်း အခေါ်အဝေါ်အတိုင်း သုံးနှုန်းခဲ့ရသည်ဖြစ်ရာ မြန်မာ အခေါ်အဝေါ်အားဖြင့် အကောင်းဆုံးသော အရည်အချင်းမှာ စိတ်သဘောထားပြည့်ဝခြင်းဟု ဆိုလျှင် မှန်မည်လော မပြောတတ်ချေ။ ဤစကားလုံး၌လည်း တည့်မတ်ခြင်း၊ ရိုးသားခြင်း၊ မှန်ကန်ခြင်း၊ သည်းခံတတ်ခြင်း၊ကိုယ်ချင်းစာတတ်ခြင်းတည်းဟူသောအရည်အချင်းများ ပါဝင်လျက်ရှိ၏။ ဤစာကို ဖတ်သောသူသည် အထက်ပါ အရည်အချင်းများနှင့် ပြည့်စုံပါပေသည်ဟု စိတ်ချလက်ချ ယုံကြည်ရသောပုဂ္ဂိုလ် ဘယ်နှစ်ဦးများ တွေ့ဖူးပါသနည်း။

## ခဲယဉ်းသောအရာ

မကြီးကျယ်ဘဲရှိမည်လော။ 'စိတ်သဘောထားပြည့်ဝ'ဖို့မှာ ဝန်ကြီးဖြစ်ဖို့ထက်လည်း ခဲယဉ်း၏။ သူဌေးဖြစ်ဖို့ထက်လည်း ခဲယဉ်း၏။ ဝန်ကြီးဖြစ်ဖို့မှာ သင့်တော်သောပါတီသို့ ဝင်မိ၍ အတိုးအဝှေ့ကောင်းလျှင် ဖြစ်နိုင်၏။ သူဌေးဖြစ်ဖို့မှာ အင်ပို လိုင်စင်ရအောင် လျှော်ခတ်တတ်လျှင်ဖြစ်နိုင်၏။ ဤဘဝ၌မဖြစ်နိုင်လျှင်လည်း ဒါနချိုးစေ့ကလေးချပြီး နောင်ဘဝတွင်ဖြစ်ဖို့ မျှော်လင့်နိုင်၏။ စိတ်သဘောထား ပြည့်ဝဖို့မှုကား ကျွန်ုပ်၏

ယုံကြည်ချက်အရ တစ်ဘဝနှင့်ဘဝနှင့် ဖြစ်နိုင်သော အခြင်းအရာ မဟုတ်ချေ။

## တွေ့ရခဲလှသည်

ဤစာကိုဖတ်သောသူသည်ပတ်ဝန်းကျင်ကိုလှမ်းမျှော်ကြည့်လိုက်သည့်အခါ စိတ်သဘောထားပြည့်ဝသူတစ်ယောက်တလေ တွေ့ရတိုင်း အသင့်အတင့် လူရာထောင်နှင့် သဘောထားသေးသိမ်ညံ့ဖျင်းသူအချို့ကို တွေ့ရပေလိမ့်မည်။ ဤဘဝ၌ လူမှုဖြစ်သော်လည်း မကြာမီ(ထိပေါက်၍ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ) သူဌေးဖြစ်သွားသူများကို တွေ့နိုင်သည်။ သို့တည်းမဟုတ် နောင်ဘဝတွင် နတ်ပြည်ရောက်သည်အထိ စည်းစိမ်ဖြင့် တက်သွားသောပုဂ္ဂိုလ်များ ရှိသည်ဟု စာဆိုရှိ၍ ယုံကြည်သည်။ ယုံကြည်ထိုက်သည်။ သို့ရာတွင် သဘောထားနုပ်ပွဲ သေးသိမ်သူတစ်ယောက်အဖြစ်မှ သဘောထားပြည့်ဝသူတစ်ယောက် ဖြစ်လာသည်မှာ မည်မျှ ခဲယဉ်းသည်ထင်သနည်း။ အမှောင်မဲ့နေသူများအဖို့မှာကမ္ဘာအသခေါ်ကြာသော်လည်းဖြစ်ဖို့ခဲယဉ်းလှသေးသည်၊ သို့မဟုတ်ခဲ့လျှင် အစမထင်သော ဘဝသံသရာမှ ဖြစ်လာကြသော သတ္တဝါတွေချည်း ဖြစ်သောကြောင့် ယခုလောက်ကြာလျှင်စိတ်သဘောထားပြည့်ဝသူတွေချည်း ဖြစ်ကုန်လောက်သင့်ပေပြီ။

## ရင့်ချည်နုချည် မဖြစ်နိုင်

ကာမာဝစရ ကုသိုလ်ကံအကျိုးပေး အလျောက် လူဖြစ်လိုက်၊ နတ်ဖြစ်လိုက်၊ ခွေးဖြစ်လိုက် မြင့်ချည် နိမ့်ချည် ဖြစ်တတ်

ကြသော်လည်း တစ်ခုသော သတ္တဝါသည် စိတ်သဘောထား ပြည့်ဝချည်တစ်ခါ၊ သိမ်ဖျင်း ယုတ်ညံ့ချည်တစ်လှည့် ဟူ၍ မဖြစ်စကောင်းချေ။ သို့ဆိုလျှင် 'ပါရမီ'ဟူသော စကားသည် အဓိပ္ပာယ်မရှိဘဲ ဖြစ်သွားရပေတော့မည်။ အလောင်းတော် ကိုယ်တိုင် ၄လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းမျှ ပါရမီဖြည့်တော်မူခဲ့ရသည့် အတွင်း ခွေး၊ ဝက်၊ ကြွက်၊ ကြက် စသည့်တိရစ္ဆာန်ဘဝများသို့ လျှောဆင်းချည်တစ်ခါ၊ ဗြဟ္မာ၊ သိကြား၊ နတ်သားနှင့် စကြဝတေးမင်း ဖြစ်ချည်တစ်ခါ နိမ့်ချည် မြင့်ချည် ဖြစ်ခဲ့ရသော်လည်း ပါရမီမူကား ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော်၌သုမေဓာရှင်ရသေ့ဘဝမှသည်သိဒ္ဓတ္ထမင်းသားဘဝသို့တိုင်အောင် တဖြည်းဖြည်း ရင့်သည်ထက်ရင့်လျက် လာသည်ဟု ယူရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ပါရမီဟူသည်မှာ နုချည်ရင့်ချည် မဖြစ်သင့်သောကြောင့်ပေတည်း။ သို့ဆိုလျှင် ဖြည့်တင်းရခြင်းအတွက် အားရှိစရာမဟုတ်တော့ချေ။

### တဖြည်းဖြည်းတက်ရသည်

ပါရမီဟူသည်မှာ (ဗုဒ္ဓဘာသာကို ယုံကြည်သူဖြစ်ခဲ့လျှင်) သတ္တဝါတိုင်း ဖြည့်ရသည့် ဝတ္တရားဖြစ်သည်ဟုလက်ခံမှဖြစ်လိမ့်မည်။ သမ္မာသမ္ဗုဒ္ဓတစ်ဆူ ဖြစ်လိုသူအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ပစ္စေကဗုဒ္ဓါ ဖြစ်လိုသူအတွက် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ အဂ္ဂသာဝကဖြစ်လိုသူအတွက် ကမ္ဘာတစ်သိန်း ဟူ၍ စာဆိုရှိပေရာ ပကတိလူများအတွက်မှာ ကမ္ဘာအရေအတွက် အတိအကျ သတ်မှတ်ထားခြင်း မရှိသော်လည်း ဖြည့်ဖို့

ရောက်သည်ဆိုသော ဝတ္ထုသက်သေများ ရှိသော်လည်း ပါရမီရင့်ကျက်ဖို့ဟူသည်မှာ ကာမာဝစရ ကုသိုလ်ပြုခြင်းမျိုးကဲ့သို့ လွယ်ကူသည် မဟုတ်၊ ဖြုန်းဖြုန်းဒိုင်းဒိုင်း ဖြစ်နိုင်သော ကိစ္စမျိုးလည်း မဟုတ်ချေ။

## စိတ်ညွှတ်ခြင်း

ကောင်းပါပြီ။ ပါရမီရင့်ကျက်အောင် ဖြည့်ဖို့လိုအပ်သည်ဆိုလျှင် မည်သို့ ကိစ္စရှိပါသနည်းဟု မေးမြန်းအံ့။ ရှေးဦးစွာ မည်သည့် အခြင်းအရာသည် မြတ်သည် ဟု သဘောပေါက်နားလည်အောင် ကြိုးစားရပေလိမ့်မည်။ ပိုက်ဆံပေါခြင်းသည် ကောင်း၏။ ထင်ပေါ်ကျော်စောခြင်း၊ ရာထူးဌာနန္တရကြီးခြင်း၊ ဩဇာတိက္ကမနှင့်ပြည့်စုံခြင်းစသော အခြင်းအရာများ ကောင်း၏ ဟု လူတိုင်းနားလည်၍ လူတိုင်းတောင့်တကြသော်လည်း စိတ်သဘောထား ပြည့်ဝခြင်းသည် သာ၍ကောင်း၏ ဟူ၍ လူတိုင်း နားမလည်ချေ။ သတ္တဝါသည် တောင့်တသော (စိတ်ညွှတ်သော) အခြင်းအရာကို တစ်နေ့နေ့တွင် ရတတ်သော သဘာဝရှိ၏။ ပစ္စေကဗုဒ္ဓါအား တစ်စုံတစ်ခုပေးလှူပြီး ဆုတောင်းသည့်အခါ တောင်းသော ဆုအတိုင်း ပြည့်စုံသည်ဟု စာဆိုရှိ၏။ အလကားတောင်း၍ကား မရချေ။ သဘာဝ တစ်ခု Natural Law အရမှာ ကောင်းမှုတစ်ခု ပြုတိုင်းပြုတိုင်း ဆန္ဒပြည့်စုံစေဖို့ အကျိုးပေးတတ်သည် ဖြစ်ရာ ပစ္စေကဗုဒ္ဓါနှင့် မကြုံကြိုက်၍ ချက်ချင်း သို့မဟုတ် လျင်မြန်စွာအကျိုးမပေးလျှင်သာရှိရမည်။ ကောင်းမှုပြုသူ၏ စိတ်ထဲ၌ ညွှတ်ထားသော အခြင်းအရာမှုကား

တစ်နေ့တွင် ပြည့်စုံတတ်သည်။ ဥပမာ- လူတစ်ယောက်သည် အဆင်းလှခြင်းကို အထူးလိုလားတောင့်တသည်ဆိုအံ့။ အဆင်းလှသော ပန်းအစရှိသည့် လှူဖွယ် ဝတ္ထုမျိုးကို လှူချင်တတ်၍ တမလွန်ဘဝ၌ အဆင်းလှသူတစ်ယောက် ဖြစ်လာဖို့ လမ်းရှိသည်။ သူ၏နှုတ်မှဖွင့်ဟ၍ ဆုတောင်းဖို့ သတိမရလျှင် ရှိသော စိတ်ထဲ၌ အခါခပ်သိမ်း ညွတ်ပြီးဖြစ်၍ ဆုတောင်းပြီး ဖြစ်နေတော့သည်။

## ရွေးတတ်ဖို့လိုခြင်း

ထိုနည်းတူစွာ စိတ်သဘောထား ပြည့်ဝခြင်းကို လိုလားရကောင်းမှန်းသိ၍ စိတ်ထဲ၌အမြဲညွတ်တတ်သော လူတစ်ယောက်သည် စိတ်သဘောထား ပြည့်ဝသော ပုဂ္ဂိုလ်များနှင့် တွေ့ဆုံရသည့်အခါ ကြည်ညိုလေးစားသော စိတ်မျိုး အလိုအလျောက်ဖြစ်ပေါ်၏။ (ပိုက်ဆံပေါခြင်းကို အဟုတ်ကြီး ထင်သော လူတစ်ယောက်သည် သူဌေးကို မြင်သည့်အခါ အလိုအလျောက်ဒူးချသကဲ့သို့ပင်)စိတ်သဘောထားပြည့်ဝခြင်း၏ မှန်မြတ်သော အဖြစ်ကို နားလည်၍ စိတ်ထဲ၌“ညွတ်” သော လူတစ်ယောက်သည် မည်သည့် ကောင်းမှုကုသိုလ်မျိုး ပြုလုပ်သည်ဖြစ်စေ၊ ပါးစပ်မှ ဖွင့်ဟ၍ ဆုမတောင်းမိစေကာမူလည်း အခါခပ်သိမ်း ညွတ်ထားသောစိတ်၏ သတ္တိကြောင့် စိတ်သဘောထားပြည့်ဝသူတစ်ယောက် ဖြစ်လာစေဖို့ ပါရမီဖြည့်လျက်သား ဖြစ်နေတော့သည်။ ထို့ကြောင့် ရှေးဦးစွာလိုအပ်သောအရာမှာ ကောင်းမြတ်ရာကို ရွေးချယ်တတ်ဖို့ပင် ဖြစ်သည်။

ဒုတိယအကြိမ်

## တစ်ဆင့်တက်ခြင်း

စိတ်သဘောထား ပြည့်ဝသူတစ်ယောက်အနေဖြင့် သံသရာလည်ရမည်ဆိုလျှင် အပါယ်ကိုကျဖို့ "သူငါကစ" လူများထက် အလှည့်နည်းမည်ဖြစ်သော်လည်း မလွတ်မြောက်မချင်း စိတ်ချရသည် မဟုတ်ချေ။ ထို့ကြောင့် တစ်ဆင့်တက်၍ ပါရမီဖြည့်ဖို့ လိုသေး၏။ ဗုဒ္ဓဘာသာဝင်များသည် ငယ်စဉ်ကတည်းက ကျက်မှတ်ထားသော ဘုရားရှိခိုးထဲတွင် "မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရလိုပါ၏ အရှင်ဘုရား" ဟူ၍ ပါရှိသောကြောင့် ဘုရားရှိခိုးတိုင်း ရွတ်ဆိုတတ်ကြ၏။ သို့သော် နိဗ္ဗာန်ကို လိုချင်ရကောင်းမှန်း အဟုတ်တကယ်သိသော ပုဂ္ဂိုလ်ဟူ၍ ရှားပါးလှသည်။ မည်သည့်နည်းမဆို လောက၌ တစ်နည်းနည်း ကြီးပွားရခြင်းနှင့် အလားတူစွာ လိုလားတောင့်တသူ ရှားပါးလှသည်။ သို့ဖြစ်၍ နိဗ္ဗာန်ရဖို့အသာထားပြီး နိဗ္ဗာန်ချမ်းသာကို လိုလားရကောင်းမှန်း သိသောသူ၏ အဖြစ်သို့ ရောက်အောင် ရှေးဦးစွာ ပါရမီဖြည့်ဖို့ လိုပေသေးသည်။ မိမိကိုယ်တိုင် အားမထုတ်နိုင်သေးလျှင်ရှိစေ။ အားထုတ်သူများအတွက် ဝမ်းမြောက်အားကျ၍ အားပေးအားမြှောက် ပြုဖော်ရလျှင် ပါရမီရင့်ဖို့ အထောက်အပံ့ ဖြစ်လောက်ပေပြီ။ အားထုတ်သူများအား လှောင်ချင်ပြောင်ချင်တတ်သော လူစားမျိုးကား ကာမာဝစရကုသိုလ်ကံ အကျိုးပေးခိုက်ဖြစ်၍ မည်မျှလောက် ကြီးပွားထွန်းကားစေကာမူ သံသရာဝဋ်မှ လွတ်မြောက်ဖို့ ခရီးကွာလှမ်းလှသေးသည်။

## နိဂုံးချုပ်

လိုရင်းအချုပ်၌ ဗုဒ္ဓသာသနာတော်အဘွင်း ဗုဒ္ဓဘာသာ ထွန်းကားသော တိုင်းပြည်၌ လူဖြစ်ကြရသဖြင့် အလွန် ကံကောင်းသည် ဆိုအပ်သော မြန်မာလူမျိုးများသည် အလှူပေးခြင်း၊ ဝါတွင်း၌ ဥပုသ်သီတင်းစောင့်ခြင်းမျှလောက်နှင့်ရောင့်ရဲတင်းတိမ်မနေကြမူ၍ ပါရမီရင့်ကျက်ဖို့အတွက်လည်း ကြိုးစားရကောင်းမှန်း သိသင့်ကြပေသည်။ အနောက်တိုင်းသားများသည် ဂျန်တဲလ်မဲန်ဖြစ်ဖို့ ကြိုးစားရကောင်းမှန်း သိသကဲ့သို့ မြန်မာ လူမျိုးများသည်လည်း စိတ်သဘောထား ပြည့်ဝသူ၏ အဖြစ်သို့ရောက်အောင် ကြိုးစားရကောင်းမှန်း သိသူနည်းပါးသေးသည်မှာ ဝမ်းနည်းဖို့ကောင်းလှသည်။ ထို့ကြောင့်လည်း မှန်ကန်သော ဗုဒ္ဓဝါဒီများဆိုပါလျက် အခြားတိုင်းပြည်သားများ၏ အထင်ကြီးခြင်း မခံရဘဲရှိ၏။ သို့ဖြစ်၍ ဤစာကိုဖတ်ရှုရသော သင်အား ဤအခါမှစ၍ စိတ်သဘောထားပြည့်ဝသူ တစ်ယောက်ဖြစ်အောင် ကြိုးစားပါတော့မည်ဟု သန္နိဋ္ဌာန်ချပြီးလျှင် တစ်နှစ်ထက်တစ်နှစ် တိုးတက်ခြင်း ရှိပါ၏လောဟု မိမိကိုယ်ကို စစ်ဆေးကြည့်ရှုဖို့ တိုက်တွန်းအပ်ပါသတည်း။ ၀

ဒုတိယအကြိမ်

# မလုပ်ချင်အလျှင်း–
# လုပ်လျှင် သပ်ရပ်စေရမည်

**တော်အိ လျော်အိဘတ်သော လူမျိုးဟူ၍**
**အထင်သေး မခံစေလို။**

အနောက်တိုင်းပြည်များ၌ (စာလုံးပေါင်း) Spelling မှန်ကန်စွာမရေးသားသော စာတစ်စောင်ကို မြင်လိုက်ရသည့်အခါ ၎င်းစာကိုရေးသားသူအပေါ်တွင် တစ်ခါတည်းအထင်သေးကြသည်ချည်းဖြစ်၏။ စာရေးဆရာဆိုသူတစ်ယောက်သည် စာမျက်နှာတိုင်း စာလုံးပေါင်း သုံးလေးလုံးမှားသော စာမျိုးကိုရေးသည်ဆိုပါက၊ ထိုသူအား စာရေးဆရာဟူ၍ မည်သူကမျှ အသိအမှတ်ပြုကြတော့မည် မဟုတ်ချေ။ စာလုံးပေါင်း မှားလိုက်လျှင် အဓိပ္ပာယ်တစ်မျိုး ထွက်လာတော့သည်ဖြစ်ရာ မှားထားသောစာလုံးပေါင်းကို မည်သူကမျှ ပြင်ဆင်၍ ဖတ်ချင်တော့မည်မဟုတ်ဘဲ စာတစ်ခုလုံးကို ပစ်ချလိုက်ကြမည်သာဖြစ်တော့သည်။

---

ယောမင်းကြီးစာမြေ

## မဟုတ်သည်၌ စံချိန်ယူခြင်း

ကျွန်ုပ်တို့မြန်မာပြည်တွင် မြန်မာစာကို စာတစ်စောင်လုံး သတ်ပုံသတ်ညွှန်းမှန်ကန်အောင် ရေးနိုင်သူအလွန်ရှားသလိုဖြစ်နေရသည်မှာ ဝမ်းနည်းဖွယ်အလွန်ကောင်း၏။ စာရေးစာချီများလည်း မတတ်နိုင်။ စာရေးဆရာ သတင်းစာဆရာများလည်း မတတ်နိုင်။ သာမန်ရဟန်းတော်များလည်း မတတ်နိုင်ဘဲရှိနေကြတော့၏။ သတ်ပုံသတ်ညွှန်း ဟူသည်မှာ 'စာပြင်ဆရာ' (Proof reader) ၏ အလုပ်သက်သက်ဖြစ်သည်ဟု သဘောပိုက်တတ်ကြလေသည်။ အသင့်အတင့်စာတတ်သည်ဆိုလျှင် ကိုယ့်ဘာသာ စာကို မှန်ကန်အောင် ရေးတတ်ကြသော လူမျိုးတို့သာ များလိမ့်မည် ဖြစ်ရာ၊ စာရေးဆရာ လောကတိုင်အောင် ကိုယ့်စာကို ထင်သလိုရေးနေကြသော လူမျိုးဆို၍ ကမ္ဘာတွင် မြန်မာသာရှိပုံရသောကြောင့် အလွဲတွင် စံချိန် (Record) ယူထားခြင်းအတွက် ရှက်ဖွယ်ရာကောင်းလှသည်။

## ကိုယ့်စာကိုယ် ဂရုမစိုက်ခြင်း

သူရိယတိုက်တွင် မဂ္ဂဇင်းအယ်ဒီတာ လုပ်ခဲ့သည့် ဆရာကြီးဦးလွန်း (ယခု သခင်ကိုယ်တော်မှိုင်း) သည် ကျွန်ုပ်၏ အရေးအသားများကိုပြင်ဆင်ရသော တာဝန်ယူရသည်ဖြစ်ရာ တစ်နေ့သ၌ ကလောင်သမားဆိုပါလျက် ကိုယ့်ဘာသာစာပေကို သတ်ပုံမှန်ကန်အောင်မရေးနိုင်ခြင်း၏ ရှက်ဖွယ်ကောင်းသော အခြင်းအရာကို သရော်ပြောင်လှောင်သည်မှစ၍ ကျွန်ုပ်အဖို့ကား မှန်

ကန်အောင် ရေးတတ်ဖို့ ကြိုးစားခဲ့ပါတော့သည်။ ထူးဆန်းသောအခြင်းအရာတစ်ခုမှာ ကျွန်ုပ်သည် အင်္ဂလိပ်လိုရေးသောစာများတွင် စာလုံးပေါင်း တစ်လုံးမှားလျှင် ရက်တတ်ခဲ့သော်လည်း ကိုယ့်ဘာသာစာကိုရေးသားရာတွင်မူ ရှက်ရကောင်းမှန်းမသိခဲ့ခြင်းပင်ဖြစ်သည်။ အင်္ဂလိပ်ကျောင်းထွက် အားလုံးသည်လည်း ဤနည်းအတိုင်းပင် ရှိကြသည်ထင်သည်။

## အချွန်အမွန် မဖြစ်နိုင်

ဤအကြောင်းနှင့် ပတ်သက်၍ အင်္ဂလိပ် စကားပုံတစ်ခုမှာ မှတ်သားဖွယ်ရာကောင်းလှသည်။ What is worth doing is worth doing well 'မလုပ်လျှင်အလျှင်း၊ လုပ် လျှင် ကောင်းကောင်းလုပ်သင့်သည်'ဟူသော အဓိပ္ပာယ်ပင်ဖြစ်သည်။ စာကိုတော့ ရေးချင်သည်၊ စာရေးဆရာပင် လုပ်စားဦးမည်။ သတ်ပုံသတ်ညွန်းကိုတော့ မှန်ကန်အောင်ရေးတတ်ဖို့ မကြိုးစားခြင်းဆိုခြင်းမှာ အထက်ပါစကားပုံနှင့် ဆန့်ကျင်လျက်ရှိ၏။ တော်စွာ လျော်စွာသဘောမျိုး ထားရှိသော လူ့သို့မဟုတ် လူမျိုးသည် အချွန်အမွန်ဖြစ်ဖို့ ခဲယဉ်းတတ်ခြင်းမှာ သဘာဝအတိုင်းပင် ဖြစ်ပေတော့သည်။

## ရယ်စရာ အမှားများ

တစ်ဖန်အင်္ဂလိပ်စာသင်ကြရာတွင်သည်း အချို့လူများသည် အသံထွက်မှန်ကန်အောင် လေ့လာမှတ်သားခြင်း မရှိခဲ့ကြသော

ကြောင့် ဘီအေ-အမ်အေ အောင်ပြီးကြသည့်နောက်၌ပင်၊ ရယ်ဖွယ်မကောင်းသော အသံထွက်ခြင်းမျိုးဖြင့် ခေါ်ဝေါ် သုံးနှုန်းနေကြခြင်းများကို တွေ့ရ၏။ ဥပမာ— Motor car ဟူသော စကားကို မြန်မာလို အသံထွက်မှန်ကန်အောင် ရေးသားရန် ဖြစ်နိုင်ပါလျက် မိုတိုကားဟူ၍လည်းကောင်း၊ မော်တော်ကား ဟူ၍လည်းကောင်း အင်္ဂလိပ်စာတတ်များက မှားယွင်းစွာခေါ် ဝေါ်သုံးနှုန်းကြသည့်အတွက် မတတ်ရှာသူများကလည်း ရောယောင်ရေးသားရှာကြ၏။ မိုတာကား ဟုရေးလျှင်မှန်လည်းမှန်ကန်၍ မြန်မာစာလုံးလည်း အဆင်သင့်ရှိပါလျက် အင်္ဂလိပ်စာတတ်များ၏ 'လျော့စွာ' အသံထွက်မှုကြောင့် တစ်ပြည်လုံး မှားရလေတော့သည်။ ထို့ပြင် Conservative ကော်(န်)ဇား(ဗ်) တစ်ဟူသော အသံမှန်ကို "ကွန်ဆာဗေးတစ်" ဟု အင်္ဂလိပ်စာတတ်များက မှားခေါ်သည့်အတွက် တစ်ပြည်ထောင်လုံး မှားကြရသည်။ ဤသို့သော စကားလုံးမှားများသည် မြန်မာစကားတွင် အတော်များပြားလျက် ရှိလေပြီ။

## ကျွန်အောင် လေ့လာခြင်း

ငယ်ဆရာ ညံ့ဖျင်းသည့်အတွက် ကြောင့် တစ်သက်လုံး တောက်လျှောက် အသံထွက်မှားကြီးဖြင့် စကားပြောနေကြသည့် အင်္ဂလိပ်စာတတ်ပေါင်းလည်း အတော်များ၏။ ဥပမာ- Man ဟူသောစကားကို မဲ(န်)ဟု အသံထွက်ရမည့်အစား မင်း(န်)ဟူ၍လည်းကောင်း၊ Thank you ဟူသောစကားကို သဲ(န်ခ)ယူ ဟုဆိုရမည့်အစား သင့်(ခ) ဟူ၍ လည်းကောင်း

တစ်သက်လုံး "လျှာကျိုး"နေသူများလည်း ရှိကြ၏။ အင်္ဂလိပ်စကားလုံးကို မြန်မာလိုပီအောင် ရေးနိုင်သောစနစ်တစ်ခုလည်း တီထွင်ထားပါ၏။ ဥပမာ Conservative ဟူသောစကားလုံးကို 'ကွန်'ဟူ၍မရေးဘဲ၊ ကော်(န)ဇား(ဗ)တစ်ဟူ၍ ရေးလိုက်လျှင် အနီးကပ်ဆုံးမှန်ကန်သော အသံထွက်ဖြစ်လာနိုင်ပေသည်။ စာတတ်ပေတတ်အင်္ဂလိပ်လူမျိုးတစ်ယောက်၏ရှေ့၌မြန်မာတွေခေါ်နေကျအတိုင်း 'ကွန်ဆာဗေးတစ်'ဟု အသံထွက်လိုက်လျှင် 'နားကလော'သွားဖွယ်ရာရှိ၏။ သူတို့ 'နားကလော'လျှင် ဘာဂရုစိုက်ရမလဲဟူ၍အား ပြောဖို့မသင့်။ ပညာရပ်တစ်ခုကို မသင်ဘဲ နေလိုကနေ၊ သင်မည်ဆိုလျှင် အထက်ပါစကားပုံအတိုင်း ကျကျနန သင်သင့်သည်ဟု သဘောရသည်။

## သပ်သပ်ရပ်ရပ် ဖြစ်စေသင့်သည်

ညှိဘစ်ခေတ်တွင် စိတ်သဘောထား ခပ်ဆန်းဆန်းတစ်ခုတွေ့ရသည်မှာ အင်္ဂလိပ်စာမတတ်လျှင် လူရာမဝင်သလို ဖြစ်နေကြောင်းသိသည်နှင့် သင်တော့သင်မည်၊ သို့သော် ဌာန်ကရိုဏ်းတော့ ဘာတွေ ဂရုမစိုက်နိုင်သော လူငယ်အချို့ ရှိ၏။ တရုတ်ပြည်၌ အထက်တန်းခေါင်းဆောင်များသည် အင်္ဂလိပ်လိုတတ်သူများသော်လည်း အင်္ဂလိပ်စကားပြောရခြင်းကို ကျက်သရေယုတ်လေဟန် ယူဆကြ၏။ ပီကင်းမြို့ ယူနီဗာစီတီသို့ ကျွန်ုပ်တို့ရောက်ခဲ့နတွင် (အင်္ဂလိပ်ဘာသာနည်းပြဆရာလည်းဖြစ်သော) ကျောင်းအုပ်ကြီးက ကျွန်ုပ်တို့အား တရုတ်လိုပြောပြသည်ကို သူ၏ဘပည့်တစ်ယောက်က အင်္ဂလိပ်လို ဘာသာပြန်ပြောရလေ

သည်၊ ဤအပြုအမူမျိုးမှာမူ နယ်ချဲ့သမားများလက်မှ လွတ်မြောက်ခါစဖြစ်၍ 'ဒင်းတို့'စကားကို မပြောလိုဟူသော စိတ်ထားမျိုးမှ ပေါ်ပေါက်လာခြင်းဖြစ်ပေရာ ရေရှည်ကြိတ်သော အခါတွင် အဆိုပါ 'ဇာတိမာန်'ခေါ်ကြသည့် စိတ်ထားမျိုး တွေလျော့ပါး၍ ပြောဖို့လိုသောအခါ အင်္ဂလိပ်လို ပြောသော လူမျိုးတို့သာ များပေလိမ့်မည်။ မည်သို့ဆိုစေ ပညာရပ်ဘာစ်ခု အနေဖြင့် သင်ယူထားပြီးနောက် တောက်တီးတောက်တဲ့ မပီ ကလာ ပီကလာ လူရယ်စရာ ဖြစ်အောင် မလုပ်ကြဖို့ကား 'သပ်သပ်ရပ်ရပ်'ဖြစ်ချင်သောလူတိုင်း၏ တာဝန်ဖြစ်လေသည်။

အဘယ်ကြောင့် ဆုတ်ယုတ်ရပါသနည်း

ကျွန်ုပ်တို့မြန်မာပြည်သည် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်၍ ကိုယ့်မင်းကိုယ့်ချင်း တိုင်းပြည်ဘာစ်ပြည် အဖြစ်သို့ ရောက်လာခဲ့ပေပြီ။ သို့ဖြစ်လျှင် အင်္ဂလိပ်စာတတ်ဖို့ မလိုတော့ ပြီလော။ သို့မဟုတ် အရေးမကြီးတော့ပြီလောဟု မေးခဲ့လျှင် တစ်နည်းအားဖြင့် ရှေးကထက်အရေးကြီးသကဲ့သို့ဖြစ်လာသော အချက်အလက်များပင် တွေ့ရပေသည်။ (ဤလက်ထက်တွင်မှ အင်္ဂလိပ်ကျောင်းတိုင်း ကျောင်းသား ကျောင်းသူတွေ ပြည့်ကြပ်၍ အလွတ်ပညာသင်ကျောင်းတွေ ပေါ်ပေါက်လာရခြင်း ကိုထောက်သော် တိုင်းပြည်လူထုသည် ဤအခြင်းအရာကို နားလည်ဟန်တူ၏။) သို့သော် ဤလက်ထက် ကျောင်းသူကျောင်း သားများသည် ရှေးက ကျောင်းသူကျောင်းသားများနှင့် နှိုင်း စာလျှင် အင်္ဂလိပ်စာဘက်၌ မည်ကဲ့သို့ရှိနေကြပါသနည်း၊ တိုး

တက်ခြင်းရှိသည်ဟု ပြောသံမကြားရ၊ ဆုတ်ယုတ်သည်ဟူသော ငြီးတွားသံများသာ ကြားရပေသည်။ အဘယ့်ကြောင့် ဤသို့ဖြစ်ရပါသနည်း။

အင်္ဂလိပ်လိုပြောမှ ဖြစ်မည်

အသက်ပါပုစ္ဆာကို အဖြေမပေးမီ ဤခေတ်တွင်မှ မြန်မာများ အင်္ဂလိပ်စာ ကောင်းကောင်းတတ်ဖို့ သာ၍အရေးကြီးပုံကို ဖော်ပြရပါဦးမည်။ မြန်မာလူမျိုးသည် ဗြိတိသျှလက်ထက်၌ နိုင်ငံခြားသို့သွား၍ အင်္ဂလိပ်လိုပြောရသူ အလွန်နည်းပါး၏။ ပညာတော်သင်များဟူ၍လည်း ပြောပလောက်အောင်မရှိခဲ့ချေ။ ဝတ်လုံအတတ်သင်ကြသူ (သူဌေးသား) အနည်းငယ်တို့မှတစ်ပါး ပညာတော်သင်ဆို၍ လက်ရွေးစင် (အလိုတော်ရိများ၏သား) တစ်ယောက်တလေမျှသာ သွားခွင့်ရှိကြ၏။ တစ်ကမ္ဘာလုံးနှင့်ဆိုင်သော လိဂ်အော့ဗ်နေးရှင်း အစရှိသည့် အစည်းအဝေးကြီးများတွင် ဗြိတိသျှတို့သာလျှင် ခြယ်လှယ်သွားကြလေသည်။ ဤခေတ်တွင်မူကား အင်တာနေရှင်နယ် အစည်းအဝေးကြီးများတွင် မြန်မာများကိုယ်တိုင် တက်ရောက်၍အင်္ဂလိပ်လိုပြောရခြင်း၊နိုင်ငံကြီးများသို့သံကြီးတမန်ကြီးများ ပို့ထားရခြင်း၊ ပညာတော်သင်များ ဟောတစ်ယောက် ဟောတစ်ယောက် စေလွှတ်ခြင်းစသည်ဖြင့် ပြုလုပ်လျက်ရှိကြ၍ နိုင်ငံခြားတွင် အင်္ဂလိပ်လိုပြောရသော အခွင့်အရေးများ နေ့တိုင်းပေါ်ပေါက်လျက်ရှိ၏။ အဆိုပါအစည်းအဝေးကြီးများတွင် (ပီကင်းယူနီဗာစီတီကျောင်းအုပ်ကြီးကဲ့သို့) အင်္ဂလိပ်စကားကို

လျှာပေါ်မတင်ချင်ဆို၍ မဖြစ်နိုင်။ ပြောရတော့မည်သာဖြစ်လေသည်။

## အမှား၌ 'လျှာကျိုး'တတ်ခြင်း

အချို့သောပညာတော်သင်များသည် အမေရိကန်၊အင်္ဂလန်စသော တိုင်းပြည်များရှိ ယူနီဗာစီတီ ကျောင်းကြီးများတွင် ပညာရပ်တစ်ခုခု သင်ကြားရာ၌ အင်္ဂလိပ်လိုပြောသော 'လက်ချာ'များကို လုံးစေ့ပါဋ်ခစ့် နားမလည်သောကြောင့် အခက်အခဲ တွေ့ရသည်ဆိုသောသတင်းမျိုးကြားရသည်မှာ ဝမ်းနည်းဖို့လည်းကောင်းသည်။ ရှက်ဖို့သည်း ကောင်းလှသည်။ တစ်ဖန်ဘီအေ-အမ်အေစသော ဒီဂရီရ၍အင်္ဂလိပ်လိုချောမောအောင်ရေးတတ်ပါသည်ဆိုသော်လည်း ကြီးပြင်းမှသင်ရ၍ 'လျှာ'ကျိုးနေသောကြောင့် ကုလသမဂ္ဂ အစည်းအဝေးကြီး မျိုးတွင် မြန်မာကိုယ်စားလှယ် တစ်ယောက်အား အခြားကိုယ်စားလှယ်တစ်ယောက်ကတစ်စုံတစ်ခုကျေးဇူးပြုသောကြောင့်မြန်မာကိုယ်စားလှယ်က 'သင့်ခယူ'ဟု ပြန်ပြောလိုက်မိလျှင် မြန်မာတစ်ပြည်လုံး ကိုယ်ကျိုးနည်းရပေတော့မည်။ အဘယ့်ကြောင့်ဆိုသော် ထိပ်တန်းအစည်းအဝေးကြီး များ၌ အင်္ဂလိပ်လိုပြောကြရာတွင် ပီပီသသနှင့် ဌာန်ကရိုဏ်းကျအောင် ပြောတတ်ဖို့မှာ လွန်စွာအရေးကြီး၍ 'သင့်ခယူ'ကဲ့သို့ တစ်လုံးတည်းမှားလိုက်လျှင် အထင်သေး၍မဆုံးအောင် ဖြစ်တတ်လှသောကြောင့်ပေတည်း။

---

ဒုတိယအကြိမ်

## စောစောကတည်းက သင်ထိုက်ခြင်း

မည်သည့် ဘာသာရပ်မဆို ပီသအောင် ပြောတတ်ရန်မှာ ငယ်ကတည်းက သင်ဖို့လို၏။ ကြီးပြင်းခါမှ ကိုယ့်ဟာကိုယ် ကြိုးစားလေ့လာပြီး အင်္ဂလိပ်လို အတော်ကြီး တတ်နေသော ရဟန်းတော်အချို့လည်း တွေ့ရဖူး၏၊ သို့သော်ကိုယ်တော်များ မြဲမှာ 'လျှာကျိုး'ပြီး ဖြစ်၍ 'သင့်ခယူ' အမျိုးအစားထဲမှ မလွန်မြောက်နိုင်ဘဲ ရှိရှာကြလေသည်။ ကောင်းစွာ လေ့လာခဲ့သူတစ်ယောက်၏နားဖြင့် ကြီးပြင်းခါမှ အင်္ဂလိပ်လို လေ့လာတတ်မြောက်သူ တစ်ယောက်၏ နှုတ်မှ ဝါကျတစ်ပုဒ် မဆုံးမီ ရိပ်မိနိုင်သည်သာဖြစ်လေသည်။ ဤသည်ကိုထောက်ခြင်းအားဖြင့် ငါးတန်းရောက်ခါမှ အင်္ဂလိပ်ဘာသာရပ်ကို စတင်သင်ကြားမည်ဆိုသော မြန်မာအစိုးရ၏ စီမံချက်မှာ တက်တက်စင်အောင် မှားသည်ဟု ဆိုလိုက်ရပေသည်။

## အင်တာနေရှင်နယ် အစည်းအဝေး

အင်္ဂလိပ်စာကို သူငယ်တန်းမှစ၍ သင်ပြပေးထိုက်ရုံသာမက အောက်ဆုံးတန်းများတွင် အင်္ဂလိပ်လို ပီပီသသ အသံထွက်နိုင်သော ဆရာမျိုးကိုသာ ခန့်ထားရန်လည်း အရေးတကြီး လိုအပ်လှပေသည်။ ကျွန်ုပ်တို့ငယ်စဉ်က ကျောင်းဆရာ တစ်ဦးအား အချိန်မည်မျှရှိပါသနည်းဟုမေးလိုက်ရာ ၁၀နာရီထိုးဖို့ ၁၀မိနစ် လိုသေးသည်ဟု အင်္ဂလိပ်လို ပြန်ပြောရာတွင် 'တင်းတူဘင်း' ဟု ပြောလိုက်သဖြင့် (အကြီးတန်းရောက်နေပြီဖြစ်သော) ကျွန်ုပ်တို့က ပြုံးခဲ့မိဖူးသည်။ ၎င်းဆရာ၏တပည့်များမှာ တင်ဆယ်ကို

တင်း(န)ဟူ၍လည်းကောင်း၊ ကျေးဇူးတင်ပါသည် ဆိုခြင်းကို 'သင့်ခယူ'ဟူ၍ လည်းကောင်း 'လျာကျိုးကုန်'ကြရှာလေတော့သည်။

ဖြစ်သင့်သည်မှာ အောက်ဆုံးတန်းမှစ၍ အင်္ဂလိပ်လို သင်ဖို့ လိုရင်းသာမက ဟော်အိလျော်အိ အသံထွက်လေ့ရှိသော ဆရာမျိုး မဟုတ်စေရ။ ဝီသမှုနှင့်(Accent) အလေးအပေါ်ကိုပါ ဂရုစိုက် လေ့လာထားသူများ ကိုသာ ခန့်ထားသင့်ပေသည်။ ကျောင်းဆရာ ရွေးချယ်သောပုဂ္ဂိုလ်များသည် လျှောက်ထားသူတို့၏အသံထွက်ကိုပါအကဲဖြတ်နိုင်စေခြင်းငှာ စာဟစ်မျက်နှာ နှစ်မျက်နှာ စသည် ဖတ်ပြဖို့ခိုင်းသင့်ပေသည်။ အင်္ဂလိပ် အသံထွက်နှင့် ပတ်သက်၍ သာမန် ကျောင်းများ၌ သင်ခဲ့ရသော ကျွန်ုပ်တို့မှာ ဗိုလ်ကျောင်းများမှထွက်သော ကျောင်းသားများအား တစ်သက်လုံး မော့ကြည့်လာကြရသည်မှာ(ကျွန်ုပ်အဖို့၌) ဝမ်းနည်းလှပါသည်။အချို့သောလူများကားကိုယ့်ဟာကိုယ် ချာမှန်း မသိသည်နှင့် 'မျက်စိကန်း တစ္ဆေမကြောက်' ဆိုသော စကားပုံကဲ့သို့ ရဲရင့်ကြပါပေသည်။ သို့သော် ဤသို့သောလူစားမျိုးအား ကုလသမဂ္ဂစသော အင်တာနေရှင်နယ် အစည်းအဝေးကြီးများသို့ ကိုယ်စားလှယ်တော် အဖြစ်နှင့် မလွှတ်မှားလေအောင် သတိပြုကြရာချေသည်။

## ကြည့်ချင်စဖွယ် ဖြစ်နိုင်မည်

လိုရင်းအချုပ်၌ စာရေးရာတွင်ဖြစ်စေ၊ စကားပြောရာတွင် အသံထွက် မှန်ကန်အောင်ဖြစ်စေ၊ သဒ္ဒါနည်းကျအောင်ဖြစ်စေ

တဲ့(န)နစ်၊ ဘက်(ဒ)မင်တန်ဘောလုံးစသည့် အားကစားခြင်းများ၌ဖြစ်စေ 'မလုပ်ချင်အလျှင်း လုပ်လျှင် ကောင်းကောင်းလုပ်မည်' ဟူသော စိတ်ထားမျိုး မွေးမြူသင့်သည်ချည်း ဖြစ်၏။ သို့မှသာလျှင် (ပါရမီခံ၍ရှိသဖြင့်) အချိန်အမှန်(ချမ်ပီယံ)မဖြစ်ရစေကာမူ သပ်သပ်ရပ်ရပ် ဟန်ရပန်ရ ဌာန်ကရိုဏ်းကျ၍ ဖတ်ချင်စဖွယ်၊ နားထောင်ချင်စဖွယ်၊ ကြည့်ချင်စဖွယ် ဖြစ်လာနိုင်ဖွယ်ရာ ရှိပေလိမ့်မည်။ ဝ

# ကျွန်ုပ်နှင့် စာပေ

## စာပေမှ ရရှိသည့် ကိုယ်တွေ့အကျိုးကျေးဇူးများ

ကျွန်ုပ်၏တစ်သက်တွင်တစ်နည်းနည်းဖြင့်ကျေးဇူးပြုဖူးသော ပုဂ္ဂိုလ်များအကြောင်းကို ရံဖန်ရံခါ ပြန်ပြောင်း ဆင်ခြင်မိ တိုင်း စာဖတ်ခြင်း အလေ့အထတစ်ခု လက်ကိုင် ပြုမိအောင် ရှေးဦးစွာ သွန်သင်ဆုံးမ ဩဝါဒပေးဖူးသည့် ဆရာရွှေမှန်၏ မျက်နှာသည် ကွက်ခနဲ ပေါ်လာသည်ချည်းဖြစ်၏။ ၁၉၀၅ ခုနှစ် နွေရာသီ ကျောင်းရက်ရှည်ပိတ်လုနီးရာတွင် တစ်နေ့ထက်တစ်နေ့ အပူရှိန်ဒီဂရီ တိုးတက်လာသည် တစ်ကြောင်း၊ ကျောင်းသား များ ထုံးစံအတိုင်း (ကျောင်းဆရာများလည်း ထိုနည်း လည်း ကောင်း) ကျောင်းရက်ရှည်ပိတ်လုနီးလာလေ ရင်တလှပ်လှပ်နှင့် ဂဏာမငြိမ်ဖြစ်ကာ စာမသင်ချင်ဘဲရှိခြင်းတစ်ကြောင်း ကြောင့် ကျွန်ုပ်တို့၏ (၈)တန်းဆရာ ဆရာရွှေမှန်သည် အတန်းစာအုပ် များကို ချထား၍ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ပြော ဟောပေသည်။ ဤတွင် အချို့ ကျောင်းသားကြီး များ က ညတိုင်း စာကျက်ရ၍ ငြီးငွေ့လှသည့်အထဲတွင် အပိုစာများ ဖတ်ရဦးမည် ဆိုလျှင် သေရုံသာရှိတော့သည့် သဘောမျိုး (တိုက်ရိုက်မပြောဝံ့၊ အလွန်ချစ်ကြောက်ရိုသေကြရသော ဆရာ

တစ်ဆူဖြစ်ပေသည်။) ငြီးတွားကြသောအခါ ဆရာရွှေမှန်က စာ ဆိုတိုင်း ငြီးငွေ့ဖွယ်ရာမဟုတ်၊ အင်္ဂလိပ်ဝတ္ထုစာအုပ်များ သည် အလွန်ပျော်စရာကောင်းသည့်ပြင် အင်္ဂလိပ် ဘာသာရပ် တွင် ကြီးစွာသော အထောက်အပံ့ဖြစ်ကြောင်း ပြောပြလေ သည်။

## ချားလ် စ)ဒင်ကင်းကို စ၍သိရပုံ

ထိုအချိန်တွင် ကျွန်ုပ်မှာ အသက် ၁၆ နှစ် ရှိပြီ ဖြစ်သော် လည်း အတန်းစာအဖြစ်နှင့် သင်ခဲ့ရဖူးသည့် ကိုလန်ဘတ်(စ) နှင့် ရေဘင်ဆင်ကရူးဆိုး တို့မှတစ်ပါး ဝတ္ထုဆို၍ တစ်အုပ်မှ မဖတ်ရဖူးသေးချေ။ ကိုလန်ဘတ်(စ)မှာ ဝတ္ထုမဟုတ်၊ဘိုင်အို ဂရက်ဖီခေါ် လူတစ်ယောက်၏ အတ္ထုပ္ပတ္တိ အစစ်အမှန်မျှသာ ဖြစ်လေသည်။ ဆရာ၏စကားအဆုံး၌ အင်္ဂလိပ် ဝတ္ထုများကို ဘယ်မှာရနိုင်၍ ...ည်သည့် ဝတ္ထုမျိုးကို ဖတ်သင့်ပါသနည်းဟု တပည့်များကမေးကြရာဆရာရွှေမှန်က မိမိတွင် အင်္ဂလိပ် စာရေး ဆရာ ကမ္ဘာ့ ...ျော်ကြီးများဖြစ်သည့် Scott ဆာဝါတာစကော့ နှင့် Dickens ချားလ်(စ)ဒင်ကင်းတို့၏ ဝတ္ထုများ အစုံလိုက် ရှိ၍ တစ်အုပ်စီငှါးနိုင်ကြောင်းပြော၏။ နောက်ဆုံး၌ ကျောင်း ဆင်းသော...ခါ စာအုပ်ငှါးလိုသည့် တပည့် ငါးယောက် တို့...ည် ဆရာ၏နေအိမ်သို့လိုက်သွားကြ၍ တစ်ယောက်တစ်အုပ် စီ ငှားသ...ခဲ့ကြသည်။ ကျွန်ုပ်မှာ ဒစ်ကင်းရေးသည့် Burnapy Rud...e ဘာနဘီရုတ်(ဂျ) ဟူသော ဝတ္ထုစာအုပ်ကြီးကို ရခဲ့ လေသည်။

---

ဥယောမင်းကြီးစာစု

## ဟန်လုပ်၍သာ ဖတ်ရသည်

ကျောင်း ၄၅ရက်ပိတ်သည့် အတောအတွင်း၌ ကျွန်ုပ်သည် စက္ကူပွနှင့်ရိုက်နှိပ်ထား၍ အလွန်ထူသော ဝတ္ထုစာအုပ်ကြီးကို မိဘများရှေ့၌ ဖွင့်ကာဖွင့်ကာ ဖတ်ဟန်ပြု၍ အသားယူနိုင်ခြင်းမှ တစ်ပါး ကျေးဇူးများလှသည် မဟုတ်ချေ။ သွားလေသူ မိဘများကမူ ၁၆ နှစ်( ၈ )တန်း ရောက်ခြင်းကြောင့် တစ်ရပ်လုံးတွင် အငယ်ဆုံးကျောင်းသားအဖြစ်နှင့် အသားယူဆဲ၌ အင်္ဂလိပ်စာအုပ်ထူကြီး ဖတ်တတ်ကြောင်း တွေ့မြင်ကြရာတွင် တပြုံးပြုံးနှင့် မေ့မဆုံး ရှိနေကြရှာသည်။ စင်စစ်မှာ ( ၈ ) တန်းကျောင်းသားတစ်ယောက်မျှသာဖြစ်သောကျွန်ုပ်သည် ဒစ်ကင်း၏ ဘာနဘီရတ်(ဂျ) ဝတ္ထုကြီးထဲမှ အဘိုးကြီးတစ်ယောက် ချိုးကူသံ နားထောင်ရင်း ဆေးတံသောက်နေသည် ဟူသော အခြင်းအရာထက်ပို၍ နားလည်နိုင်သည် မဟုတ်ချေ။ အလွန်အလှမ်းဝေးသောစာမျိုးတွင် အဘိဓာန်သည်လည်း အထောက်အပံ့ မဟုတ်လှချေ။

## ဖတ်သောအခါလေ့အကျင့် ပြုရမည်တဲ့

ကျောင်းပြန်ဖွင့်၍ စာအုပ်များ ပြန်အပ်ကြသော အခါ ဆရာက ကိုယ့်စာအုပ်နှင့်ကိုယ် ဘာတွေများနားလည်ကြသနည်း ဟု တစ်ယောက်စီမေးရာတွင် ကျွန်ုပ်ကဲ့သို့ နားမလည်သူများသာ ရှိနေကြ၍ အရသာပေါ်အောင်ဖတ်နိုင်သူ တစ်ယောက်မျှ မတွေ့ရချေ။ ထိုအခါဆရာက ဤဝတ္ထုကြီးများသည်(၈)တန်း

သမားများအဖို့ မြင့်လွန်းသောကြောင့် ဤထက်လွယ်ကူသော ဝတ္ထုများမှ စထင်လေ့ကျင့်ထိုက်ကြောင်း၊ မည်သည့်နည်းမဆို စာဖတ်သောအလေ့အကျင့်တစ်ခု လက်ကိုင်ပြုနိုင်အောင် ကြိုးစား သင့်ကြောင်း ထပ်လောင်းဟောပြောကာ နိဂုံးချုပ်လိုက် သည်။

အရသာတွေ့ပြီ

တစ်နေ့သ၌ အလွန်ခင်မင်သော သူငယ်ချင်းတစ်ယောက်၏ အိမ်သို့ အလည်ရောက်သွားရာတွင် အင်္ဂလိပ်လိုဘာသာပြန်ထား သည့် ပသီပုံပြင် ဝတ္ထုစာအုပ်ကြီးကိုတွေ့၍ မရမက ငှါးယူခဲ့ရ သည်။ ဤဝတ္ထုမျိုးကား နေဘ်ဘဲလ် Novel မဟုတ်၊ စတိုရီ Story မျှသာ ဖြစ်သောကြောင့် နားလည်ဖို့ မခဲယဉ်းလှချေ။ အသက် ၁၆-၁၇ နှစ်ဖြစ်၍ ကိန္နရီ ကိန္နရာ၊ ဂဠုန်၊ နဂါး စသည် များနှင့် စိတ်ကူးယဉ်သော အရွယ်မျိုးတွင် ပသီပုံပြင် ဝတ္ထု ဖတ်ရခြင်းသည် ဟွမ်းသီးကြိုက် တောင်ငူပို့ဆိုသော စကား ပုံမျှနှင့် အားမရနိုင်အောင် ရှိပါတော့သည်။ ဖတ်လိုက်သည်မှာ နေ့မနား ညမနား ရှိတော့၏။ ဤအတောအတွင်း မိဘများ ကလည်း "ငါ့သား စာကြိုးစားသည်"ဟု တစ်ဘက်ကချီးမွမ်း ခြင်းခံသေးရကား ကျွန်ုပ်မှာ ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိ၊ လမ်းလျှောက်ရမှန်းမသိ၊ အညောင်းမိသည်အထိ စွဲလမ်းခဲ့ဖူး ပေသည်။ ပသီပုံပြင် ဝတ္ထုမှာ လူကြီးများအဖို့ မဟုတ်၊ ကလေးများအတွက် သက်သက်ဖြစ်သည်ဟု ဆိုရစေကာမူ ပသီ ပုံပြင်ဝတ္ထု မဖတ်ရဘူးဘဲလျက် လူကြီး ဖြစ်လာကြသော

ယောကျ်ား မိန်းမများသည် လူပျိုပေါက် အပျိုပေါက်တို့ခံစား အပ်သော စိတ်ကူးယဉ်အရသာကို ပြည့်စုံအောင် မခံစားခဲ့ရဖူးသောကြောင့် တစ်နည်းအားဖြင့် လူဖြစ်ရှုံးသည်ဟု ဆိုလိုက်ချင်သည်။ လူဖြစ်လာသည်ဆိုလျှင် သူ့အရွယ်နှင့်သူပျော်ပါးမှုကလေးတွေ ရှိနေသည်ဖြစ်သောကြောင့် ထုပ်ဆီးတမ်း၊ ဖန်ခုန်တမ်း၊ ကြက်ဖခွပ်တမ်း မကစားခဲ့ဖူးသည့် လူကြီးများသည် သူငယ်ဖြစ်ရကျိုးမနပ်ခဲ့ကြဟုဆိုသင့်ပေသည်။ (ဝမ်းနည်းဖွယ် ကောင်းသည်မှာ ဤလက်ထက်၌ ကျွန်ုပ်တို့ငယ်စဉ်ကပျော်ခဲ့ဖူးသည့် ကစားနည်းများအနက် တစ်ဝက်ကျော်ကျော်မျှ ပျောက်ကွယ်ကုန်ခြင်းပင် ဖြစ်လေသည်။)ကလေးများ ကစားခုန်စားနည်းလျှင် ညဏ်ထိုင်းကုန်ကြမည်စိုးကြသည်။

## တစ်ဆင့်ပြီးတစ်ဆင့် တက်ခြင်း

ပသီပုံပြင်ဝတ္ထု အထပ်ထပ်ဖတ်ခြင်းတည်းဟူသော ကျေးဇူးကြောင့် ကျွန်ုပ်မှာ ဝတ္ထုဖတ်ချင်သောဝါသနာတစ်ခု ဖြစ်ပေါ်လာသည့်ပြင် အတန်းထဲတွင် အင်္ဂလိပ်ဘာသာရပ်၌ ပထမရခဲ့သည်ချည်း ဖြစ်လာ၏။ ယခင်က 'ရထားလု' ဖြစ်ခဲ့ဖူးသော အတန်းသားများသည် ကျွန်ုပ်၏ တစ်ဟုန်ထိုး တက်သွားခြင်းကို မြင်ကြ၍ မေးမြန်းစုံစမ်းခြင်း၊ အကြံဉာဏ်တောင်းခြင်း စသည်ဖြင့် အရေးပေးလာကြသည်။ ထိုနှစ်မှစ၍ ကျွန်ုပ်မှာ စာဖတ်ပြတ်တော့သည်မရှိဘဲ ဝတ္ထုများမှ သဟင်းစာ မဂ္ဂဇင်းနှင့် စာကြီးပေကြီးခေါ်ကြသော စာအုပ်ကြီးများသို့ နယ်ချဲ့ဝင်ရောက်နိုင်လေတော့သည်။

---

ဒုတိယအကြိမ်

**ကောင်းသည်လည်းရှိ၏**

၁၉၁၄ ခုနှစ်တွင် ကျွန်ုပ်သည် တောလိုက် စာရေးအလုပ်ကို ငြီးငွေ့သည်နှင့် ရုံးမတက်ဘဲ ဘိလိယက်ခုံ၌ အလုပ်ပြုတ်ခံပြီး ဇွတ်နေပနေခဲ့ပြီးသည်နောက် စာရေးဆရာ အလုပ်ကို စမ်းကြည့်ဖို့ သတိရခြင်းမှာလည်း စာဖတ်ခဲ့ခြင်း၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။ ရုံးမတက်ဘဲနေပြီး အလုပ်ပြုတ်ခံသော အစိုးရအမှုထမ်းဆို၍ ကျွန်ုပ်တစ်ယောက်တည်းသာ ရှိလိမ့်မည်ထင်ရာ ၎င်းအပြုအမူသည်လည်း ဝတ္ထုတွေဖတ်ခြင်း၏ အကျိုးတရားပင်ဖြစ်သည် ထင်၏။ စာရေးမှန်လျှင် ရာထူးတိုးတက်ချင်၏၊ အလုပ်ပြုတ်မည်ကိုလည်းလန့်၏။ ကျွန်ုပ်မှုကား ရာထူးတိုးဖို့လည်း အာသာမငမ်း၊ တောလိုက်စာရေး အလုပ်သည်လည်း မိမိနှင့်တန်သည်မထင်။ ထို့ကြောင့် ခွင့်ရက်စေ့ကုန်သောနေ့တွင် ရုံးမတက်ဘဲ (မန္တလေးမြို့ဝိစိပါယ် အခွန်ဝန်ဖြစ်နေသော ဦးလူကလေးနှင့်) စစ်ကိုင်းမြို့ထဲတွင် ဘိလိယက် ထိုးနေလိုက်ကြသည်။ ဤအခြင်းအရာ များသည်လည်း (ကောင်းသည် မကောင်းသည် အပထား၍) ဝတ္ထုစာအုပ်တွေ ဖတ်ခြင်း၏ အကျိုးဆက် ဖြစ်ဟန်တူသည်။

**စာရေးဆရာ ဖြစ်လာပုံ**

၁၉၁၄ ခုနှစ် နိုဝင်ဘာလ၌ကျွန်ုပ်သည်အခြားသောအလုပ်များတွင်လျှောက်မည့်အစား ဝတ္ထုရေးဆရာလုပ်ရလျှင်ကောင်းလေမည်လောဟု အကြံဖြစ်လာသည်။ ရေးဖူး သားဖူးသော

အစအန အလေ့အကျင့်ရှိသည်ကား မဟုတ်။ ဝတ္ထုတွေ ဤမျှ လောက် ဖတ်လာခဲ့ပြီးသည့်နောက် ကိုယ့်ဟာကိုယ် စပ်ဟပ် ကြံဖန်ပြီး တစ်ပုဒ်တလေ မဖြစ်ကောင်းသလော စမ်းကြည့်မည် ဟု ဆုံးဖြတ်လိုက်သည်။ ဤတွင် "ရန်ကြီးအောင်" ဝတ္ထုဖြစ်ပေါ် လာ၍ ထမြောက်အောင်မြင်ခဲ့သည်။ ဆိုလိုရင်းမှာ ကျွန်ုပ်စာ ရေးဆရာ ဖြစ်လာရခြင်းသည် ဝတ္ထုများများကြီး ဖတ်ခြင်း၏ အကျိုးဆက် ဖြစ်သည်ဟူလို။

## ဟန်ပန်လေလန်

လမ်းလျှောက်ရာ၌ ဦးခေါင်းနှံ့ပုံနှင့်တကွ ခြေဟန် လက် ဟန်ကိုယ်ဟန်အမူအသွင်တစ်ယောက်တစ်မျိုးစီရှိကြဘိသကဲ့ သို့ စာရေးရာ၌လည်း Style စတိုင်လ်ခေါ် ဟန်ပန်လေလန် တစ်မျိုးစီ ရှိတတ်ကြသည်။ ဤအခြင်းအရာ၏ အရေးကြီးပုံကို အချို့စာရေးဆရာကလေးများ သဘောပေါက်ကြဟန် မတူ ချေ။ ရေးဖန်များသောသူတွင် စတိုင်လ် တစ်မျိုးမျိုး ဖြစ် ပေါ်လာတတ်သည် မှန်သော်လည်း ကောင်းမွန်သပ်ရပ်သော စတိုင်လ်မျိုးကို လေ့ကျင့်ယူလျှင်လည်းဖြစ်နိုင်ရာသည်။ ဘင်းနစ်၊ ဂေါ့(ဖ)၊ ဘက်(ဒ)မင်တန်စသောကစားနည်းမျိုးတွင်ချမ်ပီယံ ဖြစ်လာကြသော လူများသည် 'ရက်ကက်'ကို မည်သည့်နေရာမှ ကိုင်၍ လက်ကို ဘယ်လိုမြှောက်ပြီး ကိုယ်ကိုမည်သို့နွဲ့ရမည် စသည်ဖြင့် ဆရာသမားနှင့် စနစ်ကျအောင် သင်ကြားလေ့ကျင့် လာကြရသည်ဆိုသကဲ့သို့စာရေးခြင်းတွင်လည်း စကား အထား အသိုနှင့် ဝါကျ အဖြတ်အတောက်စသည်များကိုဆရာကောင်း

၏ နမူနာဖြင့် အတုခိုး နည်းယူကြရလေသည်။ ဤကိစ္စ၌မူဆရာဖြင့် လက်ထပ် သင်ပြနိုင်သည်မဟုတ်ဘဲ မိမိစိတ်ထဲ၌ ပီတိဖြစ်အောင် ကောင်းသောစာရေးဆရာ၏ စာမူကို အထပ်ထပ် ဖတ်ခြင်းဖြင့် အလွတ်ရလောက်အောင် ကျက်ယူရလေသည်။

ဆရာ မင်္ကောလေး

ကျွန်ုပ်မှာ စာဖတ်သမားတစ်ယောက် ဖြစ်လာသောအခါန်မှစ၍ မြန်မာစာအုပ်များထက် အင်္ဂလိပ်စာအုပ်များကို မဲ့ဘင်းဖတ်လာခဲ့ပေရာ အမှန်မှာ ထိုစဉ်က လောကီမှုဆိုင်ရာ အပျော်ဖတ် မြန်မာစာအုပ်များသည်လည်း သုံးလေးနှစ် ဖတ်လောက်စရာပင် မရှိချေ။ ကျွန်ုပ်ဖတ်ဖူးလေသမျှသော အင်္ဂလိပ်စာအုပ်များနှင့်ပတ်သက်၍ ဦးနှောက်ထဲသို့ စွပ်ဝင်သွားသော ရေးပုံရေးနည်းမှာသော့ဒ်မင်္ကောလေး၏ စတိုင်လ်ပင်ဖြစ်သည်။ဤစာရေးဆရာကြီးကား စာတစ်ပိုဒ်ဘည်း ရေးသည်ဖြစ်စေ၊ တော်အိလျော်အိ ရေးလေ့မရှိ၊ 'မားတန်း ကိုတုတ်'၏ ဂျင်ကလေးများ သဖွယ် သပ်ရပ်ရပ်ရင်နှင့် ပုံကျလှပါဘိသည်။ (ကျွန်ုပ်တို့ ငယ်စဉ်က ဂျင်ပေါက်ကစားရာ၌ မားတန်းကိုတုတ်၏ဂျင်သည် နာမည်ကြီးလှ၏။ သူငယ်ကလေးများ ပေါက်ကစားကြသော ဂျင်ဝိုင်းတွင် ကိုတုတ်၏ဂျင်ဆိုလျှင် လက်ရာတစ်မျိုးဖြစ်၍ မြင်ရုံနှင့်သိကြသည်။) မင်္ကောလေး၏စာများသည် ကျွန်ုပ်၏ ဦးခေါင်းထဲတွင် စွဲဝင်နေခဲ့သောကြောင့်တမင်တကာအလွတ်ကျက်သည်မဟုတ်ဘဲ ရွတ်ဆိုပြနိုင်သော စာပိုဒ်ပေါင်းအတော်များဖူးပါ၏။ မည်မျှလောက် စွဲခဲ့ဖူးပါသနည်းဟူမူ ဝါကျတစ်ပိုဒ်တည်း

ကို မြင်ရရှိမှုနှင့် ဤစာကား မက္ကောလေး သို့မဟုတ် သူ၏စ
တိုင်လ် ရေးထားခြင်း ဖြစ်သည်ဟု ချက်ချင်းပြောနိုင်ပါသည်။
ကျွန်ုပ်မှာ အင်္ဂလိပ်စာကို အများဆုံးဖတ်ခဲ့၍ မြန်မာလိုရေးရ
ခြင်းဖြစ်သောကြောင့် မည်သူ၏ စတိုင်လ်ပေနည်းဟု ပြော
ရန် ခက်ကောင်းခက်ပေမည်။ သို့သော် ကျွန်ုပ်အထင်ရောက်
လျက်ရှိသည်မှာ ဟန်ပန်လေလန်မှုသည် (လက်ရေးကဲ့သို့) မည်
သည့်ဘာသာနှင့် ရေးသည်ဖြစ်စေ တစ်သမတ်တည်း လိုက်ပါ
တတ်သည်ထင်၏။ အင်္ဂလိပ်လက်ရေးဖြစ်စေ၊ မြန်မာလက်ရေး
ဖြစ်စေ လူတစ်ယောက်၏ လက်ရေးသည် တစ်ဟန်တည်းရှိသည်
ကို တွေ့ရ၏။ စတိုင်လ်နှင့် ပတ်သက်၍လည်း ဤနည်းအတူဖြစ်
လိမ့်မည်ထင်သည်၊ ကျွန်ုပ်၏တပည့်များဖြစ်သောသော်ဘာဆွေ၊
ငွေဥဒေါင်း စသည်တို့က (ကိုယ့်ငါးချဉ် ကိုယ်ချဉ်သော
သဘာဝပေလော မဆိုနိုင်) ကျွန်ုပ်၏အရေးအသားတွင် ကောင်း
မွန်သော အချက်အလက်များ တွေ့ကြရသည်ဆိုရာ ကျွန်ုပ်ကမူ
မက္ကောလေး၏ အင်္ဂလိပ်စာမှ ဟန်ပန်လေလန်များ ကူးစက်
လာခြင်းဖြစ်သည်ဟု (ဟုတ် မဟုတ် မဆိုနိုင်) သွေးကြီးမိပါတော့
သည်။ မက္ကောလေး၏ အချို့ဝါကျများသည် ကျွန်ုပ်အား
ကြက်သီးမွေးညှင်း ထစေဖူးသကဲ့သို့ တစ်ချက်တစ်ချက် ကလေး
တွင် ကျောရိုးစိမ့်ဖူးသူ ရှိသည်ဆိုလျှင် ကျေနပ်လှပါပြီ။

## ကိုယ့်ဘဝကို ကျေနပ်လှပါပြီ

ငါသည် စာဖတ်ဝါသနာ မပါမိခဲ့လျှင် ဘယ်သို့သော လူ
တစ်ယောက်ဖြစ်နေချေမည်နည်းဟု တစ်ခါတစ်ရံ တွေးတောမိ

ပါသည်။ ဟုတ်တိုင်းပြောရလျှင် အစိုးရဘက်တွင် သူတစ်ပါး နည်းတူ အမှုထမ်းရိုးထမ်းစဉ် ထမ်းခြင်းအားဖြင့် မြို့အုပ်၊ ဝန် ထောက် စသည့်ရာထူးများဖြင့် လက်စသိမ်းပြီး ယခုအချိန်တွင် ပင်စင်စားကြီး တစ်ယောက် ဖြစ်နေဖို့ ရှိခဲ့ပေသည်။ ရာထူးကို အဟုတ် ထင်ရှားသော မွေးသာဖခင်ကမူ စာရေးဆရာ ဖြစ်ခဲ့ ခြင်းအတွက် တစ်ချက်တစ်ချက်တွင် ဂုဏ်ယူသလိုလို ရှိဖူးသော် လည်း အများအားဖြင့် အားရကျေနပ်ပုံ မပေါ်ချေ။ ကျွန်ုပ် ကိုယ်တိုင်အဖို့မှာ (ကလေးဖြင့် အသက်မွေးရန် မဖြစ်နိုင်သော ဂျပန်ခေတ်မျိုး၌ ကသီလင်တ ဖြစ်ခဲ့ရဖူးသော်လည်း) ကျွန်ုပ်နှင့် အတူ အမှုထမ်း၍ အရေးပိုင်အထိ ဖြစ်သွား သူများကို လှမ်း ကြည့်လိုက်သောအခါ နှောင်တရသည်ဟူ၍ မရှိခဲ့ဖူးချေ။ ဝန် ထောက်၊ အရေးပိုင် ပင်စင်စားကြီးများသည် မိမိတို့အဖြစ်ကို 'စားမချေးကျ ခုတ်မရ'ဆို၍ ဝမ်းနည်းသံနှင့် ပြောတတ်ကြ လေရာ ကျွန်ုပ်မှာ ကိုယ့်အဖြစ်ကို ထိုကဲ့သို့ မကျေမချမ်းနှင့် ငြီးတွားရေရွတ်သည်ဟု မကြုံခဲ့ရဖူးပါ။ ကျွန်ုပ်အား ဒူးထောက် မည့်သူ မရှိသော်လည်းကျွန်ုပ်က ဒူးထောက်ရမည့်လူမရှိသော ဘဝဖြစ်၍ ကျေနပ်လှပါပြီ။

## တစ္ဆေကောင်း၏ ကောင်းကျိုးများ

တစ္ဆေကောင်းတွေ ဖတ်ခဲ့ရဖူးသောကြောင့် သူတစ်ပါး ထက် ဘယ်အချက်များ သာပါသနည်းဟု မေးစရာရှိ၏။ ကြီး ပွားခြင်း၊ ရှေ့ဆောင်မှုပေးခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ် သတင်းပျံ့မွှေးခြင်း၊ချက်ချက်ချာချာ စီမံခန့်ခွဲတတ်ခြင်း၊စသော

အရည်အချင်းများမှာ ကံ၊ ဉာဏ်၊ ဝီရိယတို့ကြောင့် ဖြစ်သည်ဟု ဆိုကြရခြင်းနှင့် အတူ အထုံဝါသနာ ကလေးများကလည်း သတ္တဝါကို ပြုပြင်တတ်ကြသည်။ မည်မျှပင် စာကောင်းပေကောင်း ဖတ်ဖူးသော်လည်း အထက်ပါကိစ္စများ၌ ထူးထူးချွန်ချွန်ဖြစ်ဖို့ ခဲယဉ်းလှသည်။ သို့သော် ဝတ္ထုကောင်းကြီးများ ဖတ်ပြီး ဆင်ခြင်သုံးသပ်ခြင်း၊ စားမြုံ့ပြန်တတ်ခြင်း တို့ကြောင့် ရရှိအပ်သော အကျိုးတရားများလည်း အထင်အရှား ရှိပါပေသည်။ အရေးအကြီးဆုံးကား လူ့သဘောကို အသေးစိတ်ဝေဖန်တတ်ခြင်းပင် ဖြစ်၏။ ကိုယ်ကကျူး ကိုယ်ဒူးမှ မယုံလနှင့်' နှင့်ဟု အချို့က (အကောင်းကြီးလုပ်ပြီး) သုံးနှုန်းပြောဆိုတတ်ကြပေရာ ထိုသို့သော လူစားမျိုးချည်း ရှိနေပါလျှင် လောကကြီးသည် ဘာမျှ တိုးတက်စရာရှိတော့မည် မဟုတ်ချေ။ အဘယ်ကြောင့်ဆိုသော် တစ်ယောက်နှင့်တစ်ယောက် ယုံကြည်မှုဖြင့် စွန့်စားလုပ်ကိုင်ကြပြီး နှစ်ဖက်အကျိုးရှိသော အလုပ်မျိုးသည် မရေမတွက်နိုင်အောင် ရှိနေသောကြောင့်ပေတည်း။ ယုံထိုက်သူကို မယုံမိလျှင်လည်း အကျိုးယုတ်သည်၊ မယုံထိုက်သူကို ယုံမိပြန်လျှင်လည်း အကျိုးပျက်စီးသည် ဆိုခြင်းကို သဘာဝပေါက်၍ ဆုံးဖြတ်ရန်မှာ စာဝါရင့်သူတို့၏ အမြင်ကျယ်မှုပေတည်း။ ဘယ်သူ့ကိုမှ မယုံနိုင်ဆိုသောစိတ်ထားသည် ပထမတန်းစား စိတ်ထား မဟုတ်ခြင်းကို စာသမားသည် သိ၏။ အဟုတ်တကယ် ဝတ္ထုကောင်းကြီးတွေကိုဖတ်ပြီး သုံးသပ်ဆင်ခြင်သော အလေ့အကျင့် ပြုလုပ်ထားသူတစ်ယောက်သည် မိမိနှင့်ဆက်ဆံသော လူများအကြောင်းကို အသေးစိတ် သိတတ်၏။ လူတစ်ယောက်

အပေါ်တွင်အပြစ်ချည်းမမြင်ဘဲဘယ်အချက်တွင်ဘယ်လိုကောင်း ပါပေခြင်းကိုလည်း အသိအမှတ်ပြုတတ်၏။ ဝတ္ထုကောင်း ကြီးများဖတ်ခြင်းကြောင့် ရရှိသောအကျိုးတရားတစ်ခုကို ဖော်ပြရပေဦးမည်။

## ကိုယ်ချင်းစာတရား

ဘာသာတိုင်းနှင့် အကျုံးဝင်၍ လောကဆက်ဆံရေးတွင် အရေးအကြီးဆုံးသော သဘောတရားသည်ကား ကိုယ်ချင်းစာ တရားပင်ဖြစ်၏။ တစ်သက်ပတ်လုံး လျှာဖျားပေါ်တွင် သေ အချက်ဆို၍ မဘင်ဖူးပါဟု ကြွားဝါတတ်ကြသော်လည်း ကိုယ် ချင်းစာတရားမကပ်လျှင် ဘာမျှတန်ဖိုးမရှိချေ။ အရည်မမီသော ရွှေကို အရည်မီလုပ်၍ရောင်းခြင်း၊ ပိုးရောချည်ပါ အထည်ကို ပိုးစစ်ပြောရောင်းခြင်း၊ ကျပ်ဂ၀ သားကို တစ်ပိဿာလုပ်ရောင်း ခြင်း၊ ၁၄ ပြည်ကို တစ်တင်းလုပ်ရောင်းခြင်း၊ ရေနံဆီကိုရေရော ခြင်း၊ ကုန်တွေကိုမရောင်းဘဲ တညီတညာတည်း လှောင်ထား ကြပြီး ဈေးတက်အောင်လုပ်၍ လူထုအပေါ်မှ အမြတ်ကြီးညှစ် ထုတ်ယူခြင်း စသည်ဖြင့် ရရှိသောစီးပွားမှ တစ်ပြားတစ်ချပ် မကုန်စေရအောင် အရက်ဝယ်မသောက်ခြင်းကို ဘယ်သူက ချီး ကျူးရဦးမည်နည်း။ တကယ့်ဝတ္ထုကောင်းကြီးများသည် စာ ဖတ်ပရိသတ်၏ နှလုံးထဲ၌ ကိုယ်ချင်းစာတရားဖော်ပေး၍ ရင့် သန်သည်ထက် ရင့်သန်အောင် ပြုစုပျိုးထောင်ပေးရာ ရောက် ပေရကား ဆက်ဆံရေးအတွက် ဘယ်စာနှင့်မျှ မတူအောင် တန်ဖိုးရှိသည်ဟု ဆိုလိုက်ရပါတော့သတည်း။ ဝ

# အတ္တပရိစ္စာဂ ခေါ်
# ကိုယ်ချင်းစာတရား

သတ္တဝါအချင်းချင်း ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍ အကောင်းဆုံး၊ အတိုဆုံး အကျဉ်းရုံး ဖော်ပြနိုင်သည့် အရည်အချင်း တစ်ခုသည်ကား ကိုယ်ချင်းစာတရား ကပ်ခြင်း ပင်ဖြစ်သည်။

ဤသဘောတရားသည် ကမ္ဘာ့ဘာသာကြီး အသီးသီးတို့က အလေးအမြတ်ပြု၍ သွန်သင်ဆုံးမ ဩဝါဒပေးခဲ့သော သဘောတရားကြီး တစ်ခုဖြစ်၏။ ခရစ်တော်၏ ဩဝါဒကြီးတစ်ခုက 'သင့်အား အခြားသူတို့က ပြုမူစေလိုသည့်အတိုင်း အခြားသူများအပေါ်၌ ပြုမူ ကျင့်ကြံပါလေ' ဟု ဟောခဲ့၏။ ရွာတစ်ရွာတွင် ရွာသူရွာသားများက ဗုဒ္ဓအား 'ဘုရား တပည့်တော်များသည် ပစ္စည်း အိုးအိမ်နှင့် ဤသား ဤမယား စသည်များနှင့် ခွဲခွာရန် အလိုမရှိ၊ ဤနေရာဌာန၌ ၎င်းတို့နှင့် အတူတကွ နေထိုင်ရင်းပင်မဂ်ဖိုလ်ရလိုပါသည်' ဟု လျှောက်ထားကြရာတွင် ဗုဒ္ဓကိုယ်တော်မြတ်က သားမယား ပစ္စည်းအိုးအိမ်များနှင့် ခွဲခွာရန်

မလို၊ ဤနေရာမှပင်မဂ်ဖိုလ်ချနိုင်သည်ဟုဆိုကာ 'အတ္တပရိစ္စာဂ' ခေါ် ကိုယ်ချင်းစာတရားကို အခြေခံထား၍ ကျင့်ကြံအား ထုတ်ခြင်းအားဖြင့် လိုရာကိစ္စပြီးနိုင်ကြောင်းနှင့် နိကာယ်ကျမ်း တစ်ကျမ်းတွင် ဟောတော်မူခဲ့သည်။ ဗုဒ္ဓဘာသာဝင်များ သည် ကိုယ်ချင်းနာတတ်ရုံမျှနှင့် မဂ်ဖိုလ်ရနိုင်သည်ဟု နားလည် ကြရန် မဟုတ်သော်လည်း ဗုဒ္ဓက ဤတရားကို လက်ကိုင်ပြုကာ အခြေခံထားကြဖို့ ဟောကြားတော်မူခြင်းကို ထောက်ခြင်းအား ဖြင့် အဘယ်မျှလောက် အဖိုးထိုက်တန်၍ အရေးပါအရာရောက် သည့် သဘောတရား ဖြစ်ခြင်းကို ရိပ်စားမိနိုင်လောက်ပေသည်။

## အကုသိုလ်ရှောင်၍ ကုသိုလ်ဆောင်ပြီးဖြစ်ခြင်း

ကိုယ်ချင်းစာတရားဟူသည်မှာ ဥပုသ်စောင့်ခြင်း၊ အလှူပေး ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း စသည်များကဲ့သို့ တစ်နေ့ တစ်ရက် တစ်ပတ် နှစ်ပတ်၊ တစ်လနှစ်လ စသည်ဖြင့် အချိန်ပိုင်းလေ့ကျင့် ရသော တရားမျိုးမဟုတ်၊ တစ်သက်တာလုံး လေ့ကျင့်ခြင်းဖြင့် (ဗုဒ္ဓဘာသာဝင် ဖြစ်ခဲ့လျှင်) နိဗ္ဗာန် ရောက်သည့်တိုင်အောင် ဘဝဆက်တိုင်း အထုံလေ့ ပါသွားစေခြင်းငှာ ဆည်းပူးယူ အပ်သော တရား မြတ်ဖြစ်၏။ ကိုယ်ချင်းစာတရား ကပ်သောသူ သည် ဒုစရိုက် ဆယ်ပါးတည်းဟူသော မကောင်းမှုအမျိုးမျိုး တို့မှ ရှောင်ကြဉ်ပြီးဖြစ်၍ ကောင်းမှု ကုသိုလ်တည်းဟူသော ပုညကိရိယာ ဆယ်ပါးတို့ကိုလည်း တပါတည်းပွားများပြီး ဖြစ် ၏၊ ကိုယ်ချင်းမစာနာတတ်သော လူများသည်သာလျှင် သူတစ် ပါး၏အသက်ကို သတ်ခြင်း၊ သူတစ်ပါး၏ပစ္စည်းကို ခိုးဝှက် လုယူ

ခြင်း၊ သူတစ်ပါး၏ငွေကို လိမ်ယူခြင်း စသည့် မကောင်းမှု ဒုစရိုက်များကို ပြုကျင့်ဖွယ်ရာရှိ၏။ ဤမျှသာ မကသေး။ မရှိ နွမ်းပါးသူများအား ပေးကန်းစွန့်ကြဲခြင်း တည်းဟူသော ဒါန အစရှိသည့် ကောင်းမှု ကုသိုလ်များသည်လည်း ကိုယ်ချင်းစာ တရားကပ်သူအဖို့၌ အကျုံးဝင်လျက် ရှိလေသည်။

## ကိုယ်တွေ့ အဖြစ်အပျက်

ကိုယ်ချင်းစာတရား ကပ်ခြင်းအတွက်ကြောင့် ဒုစရိုက်မှုကို ရှောင်ခြင်း၊ သုစရိုက်မှုကိုပြုခြင်း ဖြစ်စေတတ်ရုံသာမက ကြင် နာသနားတတ်သော ဗြဟ္မစိုရ်တရားမျိုးလည်း ဝင်လာနိုင်ပေ သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ကိုယ်တွေ့ အဖြစ်အပျက်ကို ဖော်ပြရပေဦးမည်။ ကျွန်ုပ်မှာ ပင်ကိုယ်အားဖြင့် ရက်စက်တတ် သူတစ်ယောက် မဟုတ်သော်လည်း နည်းလမ်းကျခြင်းကို နှစ် သက်တတ်သူတစ်ယောက် ဖြစ်ပါသည်။ အစိုးရအလုပ်ထဲ၌ မင်း ကြီး၏ တောလိုက်စာရေး ဖြစ်ခဲ့ဖူးစဉ် မြန်မာတစ်ပြည်လုံး လှည့်လည်ရသော မင်းကြီးဖြစ်သည်နှင့် မီးရထား၊ သင်္ဘော စသည့်ခရီးများ၌ ကူလီများနှင့် မကြာခဏ ဆက်ဆံရ၏။ ကူလီ များသည် လှည်းသုံးစီးတိုက် ယူဆောင်လေ့ရှိသော မင်းကြီး၏ ပစ္စည်းများကို မြင်ကြရာတွင် ကူလီခကို အဆမတန်တောင်း က အကြပ်ကိုင်တတ်ကြ၏။ ကျွန်ုပ်ကား လိုစဉ်က နည်းလမ်း ကျခြင်း သက်သက်ကိုသာ ကြိုက်တတ်သူဖြစ်သည့်အလျောက် ကူလီများနှင့် မကြာခဏ စကားများရတတ်၏။ ကူလီခဟူသည် မှာ မင်းကြီးကဖြစ်စေ၊ အစိုးရကဖြစ်စေ ပေးရသည် မှန်သော်

လည်း မတရားသဖြင့် တောင်းကြရချေမည်လောဟု ဒေါပွခဲ့ရ၏။ တစ်ခါတစ်ရံတွင် ကူလီများတောင်းသမျှ မဆစ်ဘဲ ထမ်းရွက်သယ်ဆောင်စေပြီးနောက် ကူလီခပေးရာတွင်မှ အစိုးရနှုန်းအတိုင်း ရှင်းပေးသဖြင့် ဆူပူကြ၏။ တစ်ခါတစ်ရံတွင်လည်း မင်းကြီးနှင့်အတူ ပါလာသည့်ထမင်းချက် ဘတ္တလာ၊ ချာပရာစီ စသည် အခစားသုံးလေးယောက်တို့အား ပစ္စည်းများသယ်စေ၍ ကူလီခကို ၎င်းတို့အား ထုတ်ပေးခြင်းဖြင့် ပြဿနာကို ဖြေရှင်း၏။ အခစားများသည် မုန့်ဖိုးရသည်ဆို၍ ကျေနပ်ကြသော်လည်း ကူလီများကမူ ကျွန်ုပ်အား လုံးဝ မကျေနပ်ကြချေ။ သို့သော် ကျွန်ုပ်သည် ထိုအခြင်းအရာကြောင့် ကူလီများအပေါ်၌ အနိုင်ရသည်ဟုဆိုကာ အသားယူခဲ့မိဖူးပါသည်။

## ပင်ပန်းသူကို ညှာထိုက်ခြင်း

ယခု ကြီးပြင်းလာ၍ ကိုယ်ချင်းစာတရား ကပ်လာသောအခါ၌မူကား စိတ်ထား တစ်မျိုးပြောင်းလဲလာခဲ့ပါသည်။ ထိုစဉ်ကမူ မင်းကြီး၏အိတ်ထဲမှ ပေးရသောပိုက်ဆံပင်ဖြစ်စေ၊ မျက်နှာလုပ်ချင်သောကြောင့် မဟုတ်) နည်းလမ်းမကျဟု ထင်သည့်အတွက်ကြောင့် ကူလီများအပေါ်၌ ကပ်သီးကပ်သပ် လုပ်ခဲ့ဖူးသော်လည်း ယခုအခါ ကိုယ့်အိတ်ထဲမှ ပေးရခြင်းဖြစ်စေကာမူ သဘောထားပုံ ပြောင်းလဲလာခဲ့ပါပြီ။ ကူလီ ဆိုက်ကားသမား အစရှိသော အလုပ်ကြမ်းသမားများက မတန်တဆ တောင်းခံခြင်းနှင့် ကြုံရသည့်အခါ 'ငါ့မှာ အရိပ်ထဲ၌ တစ်နာရီထိုင်နေရလျှင် ဘယ်၍ဘယ်မျှရသည်၊ ခမြာများမှာ နေပူထဲတွင် ခါး

ကုန်းပြီးနင်းပါမှ ဤရွှေဤမျှသာတောင်းရှာသည်၊ပေးဆိုက်ပါ သည်" စသည်ဖြင့် ကိုယ့်ကိုကိုယ် တိုက်တွန်းကာ ထုတ်ပေးလိုက် သည်သာ များပါသည်။ ပင်ပန်းကြီးစွာ အလုပ်မလုပ်ဘဲ ခပ် ချောင်ချောင်နည်းဖြင့် အသက်မွေးခွင့်ရှိသော စာဖတ်ပရိသတ် အားလည်း ဤနည်းအတူ နှလုံးသွင်းကြဖို့ တိုက်တွန်းပါသည်။ ထိုခြားမှာ မည်မျှပင် လောဘတကြီး တောင်းသည်ဆိုသော် လည်း ခါးမလုံ ဝမ်းမတောင့်သူများ ဖြစ်ကြပါသည်။

## နေရာတိုင်း အရေးကြီးသော သဘောတရား

နယ်ချဲ့သမားများသည် အခြားတိုင်းပြည်သားများအပေါ် ၌ ကိုယ်ချင်းစာတရား ကပ်ကြပါမှ အနိုင်ကျင့်ကာ အတင်း အဓမ္မ တိုက်ခိုက် သိမ်းပိုက်ထားသည့် ပြည်နယ်များကို အသာ တကြည် ပြန်ပေးရာ၏။ အလုပ်ရှင်များသည် လုပ်သားများ အပေါ်၌ ကိုယ်ချင်းစာတရား ကပ်ကြပါမှ အလွန် အလွန် လောဘမကြီးဘဲ ဝေစားမျှစားပြုကြရာ၏။ ဈေးသည်များသည် ဈေးဝယ်များအပေါ်၌ ကိုယ်ချင်းစာ တရား ကပ်ကြပါမှ ကုန်သည်တွေကို မရောင်းဘဲ သိုလှောင်ကာ ဈေးတက်အောင် ဖန်တီးပြီး အမြတ်ကြီး ညှစ်ထုတ်ယူခြင်း၊ ဖဲပိုးကို ပိုးစစ်လုပ်၍ ရောင်းခြင်း၊ အရည်မမီသော ရွှေထည်ကို အရောင်တင်၍ ရွှေ ကောင်းကြီးလုပ်ကာ ဝတ်ချင်လှရှာသော တောသူကလေးများ အား လှည့်စား၍ ရောင်းခြင်း၊ အလေးမမှန် တောင်းမမှန်၊ ကိုက်ပေတံ မမှန်သည့် အတိုင်းအထွာ မျိုးဖြင့် လိမ်ရောင်း ခြင်း၊ အသင်းအဖွဲ့များ၌ အပ်နှံသော ငွေများကို ဘုံးခြင်း

စသည်ဖြင့် ရောမ နယ်ချဲ့သမားကြီးများမှသည် ခေါင်းရွက်ဈေးသည်များအထိ ရှောင်ကြဉ်လိုက်နာ ကျင့်သုံးကြပါက ချမ်းသာ ပျော်မွေ့နိုင်လောက်သည့် လူ့လောကကြီး ဖြစ်လာနိုင်လောက်သည်။ ကိုယ်ချင်းစာတရား သဘောအရ ဆုံးဖြတ်ရသော် ငတ်ပြတ်လှသောကြောင့် လုယက်ကြရသော သူခိုးဓားပြများထက် လောဘကြီးနှင့် သူဌေး ဖြစ်ချင်လှသောကြောင့် လူထုအပေါ်မှ အဆီထုတ်ကြသော စီးပွားရေးသမားများ၏အပြစ်သည် ပိုမိုကြီးသွားသည်ဟု ဆိုရမလိုဖြစ်နေတော့သည်။

## သူ့တရား သူစီရင်တတ်သည်

အတိုင်းတိုင်းအပြည်ပြည်သို့ လှမ်းမျှော်ကြည့်လိုက်သည့်အခါ ဘဏ်တိုက်များတွင် သုညတွေ တသီတတန်းကြီး တိုးရသည့်ငွေများအပ်နှံထားနိုင်သော မီလျံနာသူဌေးကြီးများ၏ လောဘဇောတိုက်မှုကြောင့် အခြားတိုင်းပြည်များကို တိုက်ခိုက်သိမ်းပိုက်ထားကြသည့်နယ်ချဲ့စနစ်အောက်တွင်ဆင်းရဲသားတွေပြားပြားဝပ်နေကြရခြင်း၊ စား၍မကုန်၊ သောက်၍မခန်း၊ အံ့သြခမန်း များပြားလှသော တိုက်တာအဆောက်အဦများပိုင်ဆိုင်ထားကြပါလျက် ပစ္စည်းဥစ္စာ တိုးပွားသည်ထက် တိုးပွားအောင် အလုအယက် စုဆောင်းနေကြသည့် စီးပွားရေးသမားများ၏ လောဘကြောင့် လုပ်စား ကိုင်စားများ အကျပ်အတည်း တွေ့ရခြင်း၊ ရက်ရောစွာ သဘောထားနိုင်လောက်

သည့် အထက်တန်းစား စီးပွားရေးသမားများက မညှာမတာ ပြုကျင့်မှုကြောင့် အောက်တန်းစားလူများမှာလည်း သူ့ထက်ငါ စားခွက်လုရခြင်းဖြင့် သူ့လည်ပင်းကို ငါလှီး ဆိုသလို ရက်စက်ကြရခြင်းများ ဖြစ်ပေါ်လာလေတော့သည်။ အကယ်၍ အင်တာနေရှင်နယ် သူဌေးကြီးများက "ငါတို့မှာ ကြွယ်ဝလှပါပြီ၊ သုံး၍လည်း မကုန်တော့ပါ၊ သူတစ်ပါး တိုင်းပြည်ကို နယ်မချဲ့တော့ပါ" ဟူ၍လည်းကောင်း၊ ပြည်တွင်း သူဌေးကြီးများကလည်း "ငါတို့အဖို့ လုံလောက်ပါပြီ၊ တိုက်တာတွေလည်း ပေါများလှပါပြီ၊ တိုက်လခမပေးနိုင်သော ဆင်းရဲသားများကို ငါ့တိုက်ထဲမှ မောင်းမထုတ်တော့ပါ၊ ထမင်းအိုးမတည်နိုင်သဖြင့် မှိုင်နေသော အလုပ်သမား အိမ်ထောင်သည်များအား ငါလှောင်ထားသော ဆန်ဂိုဒေါင်ထဲမှ ဆန်အိတ်လေးငါးဆယ် ထုတ်ဝေလိုက်ပါမည်" ဟူ၍ လည်းကောင်း ကိုယ်ချင်းစာတရားဖြင့် ကြင်နာစွာ စဉ်းစားတတ်သူ မရှိချေ။ ယခုလောက အခြေအနေမှာ သန်ရှား၍ ငတ်မွတ်ခေါင်းပါးသည့် ကပ်ကြီး ဆိုက်လာလျှင် (အိန္ဒိယပြည်၌ ကမ္ဘာစစ်ကြီးအတွင်းက လုပ်ကြသည့်နည်းတူ) ထမင်းရည်ကျဲကျဲ ကျိုပြီး တစ်ပုလင်း ၁၀ နှင့်ရောင်းကာ အမြတ်ထုတ်ချင်သည့် သူဌေးများသာ ပေါများလျက် ရှိသေးသည်၊ ဤသို့သော ကိုယ်ချင်းစာ တရား ခေါင်းပါးမှုကြောင့် အတိုင်းတိုင်းအပြည်ပြည်တို့တွင် ထမင်းတစ်လုတ်ကိုစိတ်ချလက်ချ မစားရသော အလုပ်သမား ဆင်းရဲသားများ၏ တော်လှန်ရေးများသည် မှိုပေါက်သလို ပေါ်ဆဲပေါ်လတ္တံ့ ဖြစ်နေရလေတော့သည်။

---

ဒုတိယအကြိမ်

ခေတ်ကာလလူများသည် သမီးကိုလင်ပေးစားလိုသည့်အခါ ပစ္စည်းအခြေအနေကို ရှေးဦးစွာ ကြည့်လိုက်ပြီးနောက် အကျင့်စာရိတ္တနှင့်ပတ်သတ်၍ ‘အသောက်အစား၊ အကစားမရှိ’ ဆိုလျှင် တော်လောက်ပြီဟု ရွေးချယ်တတ်ကြ၏။ ကိုယ်ချင်းစာတရားကပ်သောလူတစ်ယောက်ဟုတ်ပါလေ၏လောဟူ၍မူကား စစ်ဆေးရကောင်းမှန်း သိသူရှားပါးလှသည်။ လူတစ်ယောက်သည်အခြားသော အရည်အချင်းများနှင့် မည်မျှပင်ပြည့်စုံလှပါသည်ဆိုစေ၊ ကိုယ်ချင်းစာတရား မကပ်လျှင် အဟုတ်တကယ် တန်ဖိုးရှိသူတစ်ယောက် မဖြစ်နိုင်ချေ။ ကြီးပွားချင်လည်းကြီးပွားပေမည်။ သို့သော် ထိုသူ၏ကြီးပွားခြင်းသည် အခြားလူများအား ဒုက္ခပေးခြင်းမျှသာ ဖြစ်နိုင်၏။ အထက်တွင် ဖော်ပြခဲ့သော ရွာတစ်ရွာ၌ ဗုဒ္ဓဟောတော်မူရာတွင် ကိုယ်ချင်းစာတရားကို အခြေတည်၍ကျင့်ခြင်းဖြင့် သောတာပန်ဖြစ်လာနိုင်သည်ဟု နားလည်ရပေမည်။ သောတာပန် ပုဂ္ဂိုလ်သည် ကိုယ်ချင်းစာနာတတ်ရာမှ သက္ကာယဒိဋ္ဌိပြုတ်ကွာသည်အထိ တက်လှမ်းရခြင်းဖြစ်၏။ သောတာပန် ဖြစ်လာသောအခါ အကြင်သူ၏ သက္ကာယဒိဋ္ဌိကွာခြင်း မကွာခြင်းကို သူ့ဟာသူ သိနိုင်ရမည်ဖြစ်သော်လည်း ကိုယ်ချင်းစာတရား ကပ်ခြင်းမကပ်ခြင်းကိုမူ အခြားသူများက အကဲဖြတ်နိုင်သော ကိစ္စ ဖြစ်သင့်၏။ ဤခေတ်၌ သောတာပန်ဖြစ်အောင် တရား အားထုတ်ကြ၍ “တရားကောင်းသည်” (သောတာပန်ဖြစ်လာခဲ့ပြီ) ဟု ကိုယ့်ဟာကိုယ် ဝန်ခံကြသော ပုဂ္ဂိုလ်များ ရှိကြ၏။

---

ယောမင်းကြီးစာပေ

“တရားကောင်းခဲ့ပြီးသော ပုဂ္ဂိုလ်များ”သည် ကိုယ့်ကိုကိုယ် စစ်ဆေးကြရာတွင် “ငါးပါးသီလ လုံခြုံကြ၏လော” ဟူသော စင်တမ်းဖြင့် စစ်ဆေးလေ့ရှိကြ၏။ “တရားကောင်းခဲ့ပြီ”ဆိုသော ပုဂ္ဂိုလ် တစ်ဦးသည် ကိုယ့်ကိုကိုယ် သောတာပန်ဖြစ်ပြီထင်ရာမှ အမြတ်တော်ကြေး စာရင်းကို မှန်ကန်စွာ တင်မပြနိုင်သည့် အတွက်ကြောင့် ကိုယ့်ဟာကိုယ် သောတာပန် ဂုဏ်ထူးကို ဖြုတ်ချရခြင်းမျိုးလည်း ကြားရဖူး၏။ ကျွန်ုပ်၏ အဖြစ်မှာ (အထက်ပါ ရှာသားများအား ဗုဒ္ဓ ဟောတော်မူချက်ကို ထောက်ထားခြင်း အားဖြင့်) ကိုယ်ချင်းစာတရား ကပ်မကပ်လည်း စစ်ဆေးထိုက်သည်ဟု သဘောရ၏။ ပြောင်ပြောင်ကြီးဖော်ထုတ်ရသော် ကျွဲခေတ်၌ လူထုအပေါ်မှ အမြတ်ကြီးထုတ်ကာ စီးပွားလုပ်နေကြသော စီးပွားရေးသမားများသည် သမ္မာအာဇီဝလည်း မဟုတ်နိုင်၊ ကိုယ်ချင်းစာတရား ကပ်ရာလည်း မရောက်သောကြောင့် သောတာပန် အင်္ဂါနှင့် မညီညွတ်ဟု ရဲဝံ့စွာ ဆိုလိုက်ရသည်။

**သာဓကတစ်ခု တင်ပြခြင်း**

ဥပမာ“တရားကောင်း”ထားသည့်ကုန်စုံဆိုင်ရှင်တစ်ယောက် သို့မဟုတ် အင်ပိုလိုင်စင်သမား တစ်ယောက်သည် နို့မှုန့်ဘူးများကို သုံးကျပ်နှုန်းဖြင့် ဝယ်လှောင်ထားခဲ့သည်ဆိုအံ့။ တလောကပေါက်စျေး ၁၅ ကျပ်နှုန်း ဖြစ်သွားခဲ့ရာ ဆင်းရဲသား မိခင်တစ်ယောက်သည် သားအတွက် နို့ဘူးတစ်လုံးဝယ်ရာတွင် ငွေ ၈ ကျပ်မျှသာပေးခဲ့သည်ဆိုအံ့။ အကြင်ကုန်စုံဆိုင်ရှင်သောတာပန်

သည် ပေါက်ဈေးနှုန်းအတိုင်း မရသောကြောင့် ထိုမိန်းမအား နှိမ့်မှုမရောင်းလိုက်ဘဲနေနိုင်သည်ဆိုအံ့။ ထိုသူသည် သီလ ဖောက်ဖျက်သည်ဟု စွပ်စွဲရန်မဖြစ်ချေ။ သို့သော် ကိုယ်ချင်းစာတရား ကပ်သည်ဟု မယူဆနိုင်သောကြောင့် ကျွန်ုပ်အဖို့မှာ ထိုသို့သော (အရိယာ)ပုဂ္ဂိုလ်မျိုးအပေါ်၌ ဘယ်တော့မှ အထင်မကြီးချေ။ အရိယာ ပုဂ္ဂိုလ်သည် အရက်မသောက်၊ လူမသတ်၊ မခိုးမတိုက်လျှင် တော်လောက်ပြီ။ ကိုယ်ချင်းစာတရားတွေ ဘာတွေ မလိုတော့ဟု ပြောဝံ့သူရှိခြားအံ့။ ကျွန်ုပ်လည်း ထိုသူအား ဗုဒ္ဓ၏တရားတော်ကို နားမည်ဖျက်သည်ဟု စွပ်စွဲရပေလိမ့်မည်။

## "ဂျင်တယ်မင်း"၏ အရည်အချင်း

အနောက် တိုင်းပြည်များ၌ "ဂျင်တယ်မင်း" အစစ် (True Gentleman) အလွန်ရှား၍ တစ်ယောက်တလေ ရှိသည့်အခါ "ဘုရားတစ်ဆူ ဂူတစ်လုံး" အနေဖြင့် ဆည်းကပ်ခြင်း၊ စာဖွဲ့၍ ချီးကျူးခြင်းစသည်ဖြင့် လေးစားကြည်ညိုသမှု ပြုကြလေသည်။ ကျွန်ုပ်သည် အဆိုပါဂျင်တယ်မင်း ဆိုသူများနှင့် ပတ်သက်သည့် စာပေများကို အတော်ကြီး ဆည်းပူးလေ့လာခဲ့ဖူး၏၊ အကြင် ပုဂ္ဂိုလ်မျိုး၏ အရေးအကြီးဆုံးသော အရည်အချင်းသည်ကား ကိုယ်ချင်းစာတရား ကပ်ခြင်းပင်ဖြစ်သည်ဟု တွေ့ရ၏။ အနစ်နာခံစရာရှိလျှင် သူသာခံ၍ အခြားလူများကိုထောက်ထားညှာတာတတ်၏။

မစားရသော ကလေးများကို သူစားနေခိုက်တွင် မျက်စိအောက်၌ မြင်လာလျှင် ဖဲ့၍ပေးတတ်၏။ ခွန်အားကြီးသော

လူက ခွန်အားနည်းသောလူအား မတရားနှိပ်စက်လျှင် ခွန်အားနည်းသူဘက်မှ ကာကွယ်ပေး၏၊ အနည်းဆုံး နှုတ်၏ စောင်မခြင်းဖြင့် ဖြစ်စေ ကူညီဖော်ရ၏။ သူတထူး ဒုက္ခရောက်ခြင်းဖြင့်ရသော ပစ္စည်းကို မစားရက်၊ မြိုမကျတတ်ချေ။ ဤသို့သော ပုဂ္ဂိုလ်သည် သာမန် ငါးပါးသီလသမားထက် မှန်မြတ်သည် မဟုတ်ပါလော။ တရားအားထုတ်၍ ပေါက်ရောက်ပြီး ဆိုသူများသည် ဂျင်တလ်မင်း အဆင့်အတန်းကိုမျှမမီကြလျှင် ဗုဒ္ဓ၏ မှန်မြတ်သော တရားတော်ကို အသရေညှိုးမှိန်အောင်ပြုလုပ်ရာကျသည်ဟု စွပ်စွဲလိုက်ရသည်။

## ကျွန်ုပ်၏ ယုံကြည်ချက်

တစ်ဖက်က ပြောကြပြန်သည်မှာကား အရိယာ(သောတာပန်) ဆိုလျှင် လူထဲသူထဲမှာပင်မနေနိုင်တော့သလောက် အထင်ရောက်တတ်ကြ၏။ သောတာပန်သည် လောဘကို မပယ်နိုင်သေး ဆိုသော အထောက်အထားများကြောင့် ဤအယူအဆသည် မမှန်ချေ။ ကာမဂုဏ်စည်းစိမ်ကို ခံစားချင်သေးသည်သာ ဖြစ်ရမည်။

သို့သော် သူတစ်ပါး၏ပစ္စည်းကို ခိုးဝှက်လုယက်ပြီး မယူချင်ရုံသာမက သူတစ်ပါးမျက်ရည်ကျမှုကိုယ်ဝမ်းဝသောအလုပ်မျိုးလည်း မလုပ်နိုင်တော့ချေ။ ဤ အခြင်းအရာသည်လည်း ကိုယ်ချင်းစာတရား၏ အကျိုးဆက်ပင်ဖြစ်၏။ အချို့ တရားသမားကလည်း ကိုယ်မယူလျှင် သူတစ်ပါးယူမည်သာ ဖြစ်သည်

ဆိုကာ ကိုယ့်ကိုကိုယ် လိမ်လည် ဖြားယောင်းခြင်းဖြင့် အမှန်းတင်တတ်ကြ၏။ သို့ဆိုလျှင် သူတစ်ပါးထက်သာသော အချက်မရှိ၊ သူတစ်ပါးနည်းတူ ဖြစ်နေတော့သည်။ လိုရင်း အချုပ်၌ လူ၏ကျင့်ဝတ်အပေါင်းတို့တွင် ကိုယ်ချင်းစာတရားထက် မှန်မြတ်သော တရား မရှိတော့ပြီ ဖြစ်ပေရကား မဂ်ဖေါက် ဖိုလ်ရောက် အားထုတ်နိုင်ခြင်း၊ မထုတ်နိုင်ခြင်းကို အပထား၍ ယုတ်စွအဆုံးအားဖြင့် ကိုယ်ချင်းစာတရားကပ်ဖို့ ကြိုးစားပါတော့မည် ဟူသော သန္နိဋ္ဌာန်တစ်ခုချမှတ်ဖို့ တိုက်တွန်းနှိုးဆော်အပ်ပါသတည်း။ ၀

# ဆုတ်ကပ်လော တက်ကပ်လော

သူ့ရှုထောင့်မှ သူမှန်ပုံ၊

'မရှိမရှား' ဟူသောအဖြစ်သည်လူတစ်ယောက်စီ အတွက်သာ ကောင်းသည်မဟုတ်၊

တစ်တိုင်းပြည်လုံး အတွက် ဖန်တီး ပေးနိုင်လျှင်လည်း တိုင်းထက်အလွန် ကောင်းလှသည်။

လူ့လောကကြီးသည် ဆုတ်ယုတ်လျက်ရှိသလော၊ သို့မဟုတ် တိုးတက်လျက်ရှိသလော ဟူသောပြဿနာကို ကျွန်ုပ်သည် နှစ်ပေါင်းများစွာ လေ့လာ သုံးသပ်ခဲ့ဖူးသည်။ ဗုဒ္ဓဘာသာဝင်အများတို့ယုံကြည်ကြသည်မှာ ဤခေတ်သည် ကလိယုဂ် (ဆုတ်ယုတ်သော ကာလအပိုင်းအခြား) ဟု ဆိုသည့်အတိုင်း အစစအရာရာတွင် ရှေးကထက် တဖြည်းဖြည်း ဆုတ်ယုတ်လာသည်ဟု လက်ခံကြသည်။ အနောက်တိုင်းလောကခေတ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်ကြီးများ ကလည်း လူ့လောကကြီးသည် အဆင့်ဆင့် တိုးတက်လျက် ရှိသည်။ (Evolution) ဟု ယုံကြည်ကြသည့် အလျောက် အ[illegible]လာက်အသား အကိုးအကာ[illegible]ကင်ပြလေ-

သည်။ ဆုတ်ကပ်ဆိုသူများထက် တိုးတက်လျက်ရှိသည် ဆိုသူများ၏အကိုးအကားများသည် ခိုင်လုံသည်ဟုယူဆသည့်အတွက်ကြောင့် ကျွန်ုပ်မှာ ပထမ၌ တိုးတက်သည်ဆိုသောအယူအဆကို သဘောကျ၏။ သို့ရာတွင် ဤနောက်ပိုင်း၌ ဘာသာရေးပါ တွဲဖက်ဆင်ခြင်သည့်အခါ တိုးတက်ခြင်းရော ဆုတ်ယုတ်ခြင်းပါ သူ့ 'ရှုထောင့်'နှင့်သူ မှန်ကန်သည်ဟု သဘောကျမိပါတော့သည်။

## တိုးတက်သော အခြင်းအရာများ

ရှေးဦးစွာ တိုးတက်သည်ဆိုသော 'ရှုထောင့်'မှ တင်ပြပါမည်။ လူများသည် ညံ့ဖျင်းသော နည်းစနစ်နှင့် ညံ့ဖျင်းသော ဝတ္ထုပစ္စည်းမျိုး (စိတ်ကိုမဆိုလို) တို့ကို ပယ်ရှား၍ ကောင်းသော နည်းစနစ်၊ ကောင်းသော ဝတ္ထုပစ္စည်းမျိုးကို အစားထိုးကာ အသုံးပြုလျက်ရှိကြခြင်းမှာ မျက်မြင်ကိုယ်တွေ့ဖြစ်ကြရ၍ ငြင်းဆိုခြင်းငှာ ထိုက်သည်မထင်ပေ။ နည်းစနစ်ဆိုရာတွင် အုပ်ချုပ်ခြင်းသည် အရေးကြီးသော အခြင်းအရာတစ်ခုဖြစ်၍ ဤအကြောင်းကို ရှေးဦးစွာတင်ပြရမည်။ 'ကမ္ဘာအစ မဟာသမ္မတ'ဟူသော စာဆိုရှိသော်လည်း ၎င်းစာမှာ လူ့သဘာဝ၊ သတ္တဝါတို့၏သဘာဝနှင့် မကိုက်ညီဟူ၍ ကျွန်ုပ်နားလည်သည့်အတွက်ကြောင့် အဆိုပါစာမျိုးထက် (ဘုရားဟောလည်းဟုတ်မည်မထင်) ချားလ်စ်ဒါဝင် (Charles Darwin)၏ လက်တွေ့စမ်းသပ်တွေ့ရှိချက်တို့ကို အမှီပြုသည့် အတွေးအခေါ်ဖြစ်သော အီဗေါလူးရှင်း အယူအဆကို လက်ခံချင်သည်။ ၎င်းအယူအဆ

မှာ သက်ဦးဆံပိုင်စနစ်ပြီးမှ ရွေးကောက် တင်မြှောက်သည့် သမ္မတအုပ်ချုပ်ခြင်းစနစ်၊ ပါလီမန်စနစ်၊ ဒီမိုကရေစီစနစ်များသို့ တိုးတက်လာနိုင်ခြင်းဖြစ်ပေသည်။ သူတစ်ပါးလက်အောက်ခံ ကိုလိုနီစနစ်မှ လွတ်လပ်ခြင်းရ၍ ကိုယ့်မင်းကိုယ့်ချင်း ဆိုသလို ဖြစ်ရခြင်းသည်လည်း တိုးတက်ခြင်းပင်ဖြစ်၏။

## မကျွမ်းကျင်သောကြောင့် ဆင်းရဲခြင်း

ဗြိတိသျှတို့၏ ကျေးဇူးခံ ကျေးဇူးစားများက မြန်မာပြည် လွတ်လပ်ရေးရပြီးသည့်နောက်၌ ဗြိတိသျှအစိုးရ၏ ကျေးတော်မျိုး ကျွန်တော်မျိုးဖြစ်သည့် ကိုလိုနီစနစ် လက်ထက်ကလောက်မျှ မကောင်း၊ မြန်မာတွေ ဆင်းရဲဒုက္ခ ရောက်ကုန်ကြရပြီ။ ထို့ကြောင့် ဆုတ်ယုတ်ခြင်း ဖြစ်သည်ဟု ပြောချင်ကြသည်။ လွတ်လပ်ရေးရပြီးသည့်နောက် ပြည်သူလူထု တစ်နေ့တစ်ခြား ကျပ်တည်းဆင်းရဲလာရခြင်းကို ကျွန်ုပ်မငြင်းလို၊ သွက်လက်စွာ ဝန်ခံပါသည်။ သို့ရာတွင် လူတွေဆင်းရဲလာရခြင်းသည် လွတ်လပ်ခြင်း၏ အပြစ်မဟုတ်။ စပ်ကူးမတ်ကူးအချိန်တွင် တိုင်းပြည်အုပ်ချုပ်ခြင်းအကြောင်းကို ကျွမ်းကျင်နားလည်သည့် လူတော်လူကောင်းများ မရနိုင်သေးခြင်း အတွက်ကြောင့်မျှသာ ဖြစ်သည်။ ရေကူးသင်ချင်သောလူသည် နည်းနည်းပါးပါး ရေမွန်း ခံချင်လည်းခံရတတ်သကဲ့သို့ စည်းကမ်းသေဝပ်အောင်အုပ်ချုပ်တတ်သော ဗြိတိသျှ အစိုးရ လက်အောက်မှ လွတ်လပ်ခါစ တိုင်းပြည်များသည်လည်း (မြန်မာပြည်ကဲ့သို့ မဆိုးစေကာမူ) အနည်းနှင့်အများ ဒုက္ခတွေ့တတ်ပေသည်။ သို့ပင်ဖြစ်လင့်ကစား

လူမျိုးခြား၏ ကျွန်အဖြစ်မှ လွတ်မြောက်ခြင်းသည် အုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုးတက်ခြင်းပင်ဖြစ်သည်ဟု နားလည်သင့်ကြပေသည်။

**မလုပ်တတ်သည်ကို လုပ်တတ်လာခြင်း**

တိုးတက်ခြင်း အမျိုးမျိုးတို့အနက်တွင် လောကဓာတ်ပညာ၏ တိုးတက်ခြင်းသည် အံ့သြဖွယ်ကောင်း၏။ ခရီးသွားရာ၌ နွားလှည်း၊ မြင်းလှည်း၊ လှော်လှေ၊ ရွက်လှေမှသည် မိုတာကား၊ မီးရထား၊ မီးသင်္ဘော စသည်သို့လည်းကောင်း၊ ဤနောက်ပိုင်းတွင် ကုန်းကြောင်း ရေကြောင်းတို့သာမက အာကာသလေကြောင်းခရီးတွင် လေယာဉ်ပျံ ပေါ်လာပြီးသည့်နောက် ပန်ကာတပ်လေယာဉ်ပျံမှ ဂျက်လေယာဉ်ပျံသို့ လည်းကောင်း တိုးတက်လာခဲ့ပြီဖြစ်ရာ မျှားမကြာမီအတွင်း ဒုံးပျံ(ရော့ကက်) များဖြင့် နာရီပိုင်းအတွင်း ကမ္ဘာကိုပတ်နိုင်သည့်ပုံပေါ်လျက်ရှိလေပြီ၊ ထို့ပြင် စား၊ နေ၊ ဝတ် အတွက်နှင့် လူ၏အသုံးအဆောင်များ မှာလည်း မကြားဝံ့ မနာသာဝံ့အောင် တိုးတက်လျက်ရှိလေပြီ။ အကောင်းဆုံး၊ အရသာအရှိဆုံးသော အစားအစာများကို နည်းမျိုးစုံဖြင့် တီထွင်လုပ်ကိုင်လာတတ်ကြရုံသာမက၊ မပုပ်မသိုးစေဘဲ ကြာရှည်ခံအောင် လုပ်ခြင်း၊ ကမ္ဘာ့အစွန်းတစ်ဖက်၌ရှိသော စားစရာတွင် အခြား အစွန်းတစ်ဖက်သို့ရောက်အောင်ပို့ခြင်း၊ အဝတ်ဘက်၌လည်း အေးသောရာသီ၌ နွေးအောင်၊ ပူသောရာသီ၌ အေးအောင်၊ ပေါ့ပေါ့ပါးပါးလေးနှင့် နွေးအောင်၊ သက်တန့်မျှကအရောင်စုံ၍ လှသည်ထက်လှ

နူးညံ့သည်ထက် နူးညံ့ပြီး (အလိုရှိလျှင်)ခိုင်သည်ထက်ခိုင်အောင် ဖန်တီးထားသည့် အထည်အဝတ်မျိုးလည်းလုပ်တတ်ကြလေပြီ။ နေရန်အဆောက်အဦနှင့်ပတ်သက်၍လည်း မြေရာကျဉ်းမြောင်းသည့် (နယူးယောက်)မြို့ကြီးများတွင် ''မိုးထိုးသည်''ဟု ဆိုရမတတ် အထပ်ပေါင်း တစ်ရာကျော်သည့် အဆောက်အဦများ၊ ဆောင်းတွင်း၌ မီးမပါဘဲနွေး၍ နွေရာသီ၌ လေယပ်မပါဘဲ အေးသော တိုက်တာနေအိမ်များ ဆောက်လုပ်တတ်ကြသေပြီ။ ထို့မှတစ်ပါး လူ၏အသုံးအဆောင် အိမ်ထောင်ပရိဘောဂနှင့် ပတ်သက်၍မူ ရေး၍မကုန်၊ ပြော၍ မပယ်နိုင် ၄လောက်အောင် လှပဆန်းကြယ်သည့် ဝတ္ထုပစ္စည်း အမျိုးမျိုးတို့လည်းလုပ်တတ်ကြလေပြီ။ ယခင်က မလုပ်တတ်ကြသည်ကိုဖြစ်အောင်လုပ်တတ်ခြင်းသည် တိုးတက်ခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။ ဤသည်ကား တိုးတက်ခြင်းဟူ၍ မြင်ရသည့် ''ရှုထောင့်''မှ ကြည့်ခြင်းပေတည်း။

**ဆင်ခြေကန်ခဲ့ဖူးခြင်း**

တစ်ဖန် ဆုတ်သည်ဟု မြင်ရသော 'ရှုထောင့်' မှ ကြည့်ကြပါဦးစို့။ လောကဓာတ်ပညာ အစွမ်းကြောင့် ဝတ္ထုပစ္စည်းများ တိုးတက်ခြင်း၊ လူတစ်ရာလုပ်ရသော အလုပ်မျိုးကို စက်ကိရိယာဖြင့် လူနှစ်ယောက် သုံးယောက်မျှနှင့် ပြီးစီးအောင် လုပ်နိုင်ခြင်း၊ နည်းစနစ် အသစ်အဆန်းများ တီထွင်နိုင်ခြင်းတို့ကား မှန်ပေသည်။ သို့ရာတွင် ဆုတ်ကပ်ဟု ဆိုကြသော ဗုဒ္ဓဘာသာဝင်တို့၏ အမြင်အားဖြင့်မူကား လောဘ၊ ဒေါသ၊

မေဗဟာ တည်းဟူသော အကုသိုလ်စိတ်များသည် ရှေးခေတ်များ ကထက် တိုးပွား များပြားလာခြင်းကို တွေ့နေကြလေပြီ။ ကျွန်ုပ်သည် ဤအခြင်းအရာကို အလွယ်တကူနှင့် လက်ခံခဲ့သူ တစ်ယောက် မဟုတ်ချေ။

လွန်ခဲ့သော ဆယ့် လေးငါး နှစ် လောက် ကပင် အချို့ လူကြီးများက လူတွေ မိုက်မဲကုန်ကြပြီ ဟု ပြောသည့်အခါ ကျွန်ုပ်က "ခင်ဗျားတို့ကထင်လို့ပါ၊ ရှေးကလည်း အဇာတသတ် တို့၊ အင်္ဂုလိမာလတို့ ဆိုတဲ့ လူတွေ ရှိခဲ့ဖူးတယ် မဟုတ်လား၊ ဒေဝဒတ်ဆိုလျှင် ဗုဒ္ဓကိုတောင် အပြိုင်အဆိုင်တိုက်ပြီး ဘုရား လုပ်ဖို့ ကြံစည်ဖူးတယ်၊ စိဉ္စမာဏဆိုလျှင် ဗုဒ္ဓကို မဟုတ်တယုတ် လုပ်ကြံစွပ်စွဲဝံ့တယ်၊ လူဆိုးလူမိုက်ဆိုတာ အခုခေတ်မှပေါ်လာ ကြတာ မဟုတ်ပါဘူး၊ ဘုရား လက်ထက်တော်ကတည်းက ရှိခဲ့ ကြတာပါပဲ"ဟု ဆင်ခြေကန်ခဲ့ဖူးလေသည်။

## အစိပ္ပာယ်မရှိသော ရက်စက်ခြင်းများ

ဤနောက်ပိုင်းတွင်မူကား ကျွန်ုပ်၏ အယူအဆ ပြောင်းလဲ ခဲ့ရလေပြီ။ သွေးသောက် မဂ္ဂဇင်းတွင် ကျွန်ုပ် ရေးသားခဲ့ဖူး သည့် ဆောင်းပါးတစ်ပုဒ်၌ ဖော်ပြခဲ့ဖူးသည့်အတိုင်း မြန်မာ ပြည်၌သာ မဟုတ်။ အမေရိကန်၊ အင်္ဂလန် စသော တိုင်းပြည် ကြီးများတွင်လည်း ရာဇဝတ်မှုခင်းများတစ်နှစ်ထက်တစ်နှစ် တိုး တက် များပြားလျက် ရှိလေပြီ။ ကမ္ဘာ၌ အကြွယ်ဝဆုံးဆိုသော အမေရိကန် ပြည်ကြီးတွင် လွန်ခဲ့သောနှစ်က ရာဇဝတ်မှုကြီး

ပေါင်း Serious Crimes နှစ်သန်းခွဲ ဖြစ်ခဲ့သည်ဟု ဖတ်လိုက်ရဖူးသည်။ အချို့သော ရာဇဝတ်မှုများမှာ ပစ္စည်းကိုလိုချင်၍ သတ်သတ် မဟုတ်သေး၊ ပစ္စည်းကိုယူပြီးနောက် ပစ္စည်းရှင်ကိုလည်း မကြားဝံ့မနာသာအောင် ရက်စက်လှသော နည်းမျိုးဖြင့် သတ်ဖြတ်ထားခဲ့ကြသည်၊ အချို့မှာလည်း လူသေအောင် သတ်ရုံနှင့် အားမရသေးဘဲ အတုံးအတစ်ဖြစ်အောင် ဗရုစိတ် ဗရပွ ဖြစ်အောင် ခုတ်ထစ် ချေမွှန်းထားခဲ့ကြသည်၊ ရန်ငြိုးရှိသည်ဆို၍ အတုံးအတစ် ခုတ်ထစ်ကြလျှင် ရှိပါစေဦးတော့။ အချို့မှာ မည်သည့် ရန်ငြိုးရန်စမျှ ရှိဟန်မတူဘဲ ဗလုံးသက်သက် ထိုးဆွမ်းလျက် ချေပစ်ခဲ့ကြခြင်းများလည်း ကြားရသည်။

အရွယ်မရောက်သေးသော မိန်းကလေးအား ကာမလုယူ၍ အလိုပြည့်လျှင် ဤအတိုင်း မထားသေးဘဲ အတုံးအတစ် ဖြစ်အောင် ခုတ်ထစ်ထားခဲ့ခြင်းများလည်း ကြားရဖူးသည်။ ဒေါသသည် မျက်စိမရှိ ဆိုရသဖြင့် ပြုချင်ရာပြုသတ်ခြင်းကို နားလည်နိုင်သည်။ ကာမကိုဖြစ်စေ၊ ငွေ၊ ပစ္စည်းကို ဖြစ်စေ လုယူပြီးသည့်နောက် ပေါ်ပေါက်မည်စိုး၍ သတ်ဖြတ်ခဲ့ခြင်း ကိုလည်း နားလည်နိုင်သေးသည်။ ထိုကဲ့သို့ လုယူပြီးနောက် တုံးတစ်ချေမွှန်းပစ်ခဲ့ကြသည့် အဓိပ္ပာယ်မရှိသော အပြုအမူမျိုးကိုမူ နားလည်းဖို့ ခဲယဉ်းလှပေသည်။

---

ဒုတိယအကြိမ်

## အကြောင်းရှိရမည်သာ ဖြစ်ခြင်း

အဓိပ္ပာယ်မရှိဟု ဆိုခဲ့သော်လည်း အကြောင်းမရှိ ဟူ၍ကား ဆိုလိုခြင်း မဟုတ်ချေ။ မည်သည့် ကိစ္စဖြစ်စေ၊ အကြောင်း ဟူသည်မှာ ရှာတတ်လျှင် တွေ့ရမည်သာဖြစ်၍ အကြောင်းတရား ဟူသည်မှာလည်း တစ်ခုတည်းမကဟု ဗုဒ္ဓ ဟောတော်မူခဲ့၏။ ရာဇဝတ်မှုတွေ ပေါများခြင်းသည် လည်းကောင်း၊ လူယက် တိုက်ခိုက်ရာ၌ ရက်ရက်စက်စက်ပြုမူကြခြင်းသည် လည်းကောင်း အကြောင်းများ ရှိကြသည်သာ ဖြစ်၏။ ရာဇဝတ်မှုတွေ ပေါ များခြင်းမှာ (ငါးပါးသီလ မလုံမှုကြောင့်ဟု အချို့ကယူဆကြ သော်လည်း) စီးပွားရေး ကျပ်တည်းမှုသည် အကြောင်းရင်း ဖြစ်သည်ဟု ကျွန်ုပ်မြင်သည်။

ငါးပါးသီလ မလုံခြုံနိုင်ခြင်းသည် စီးပွားရေးကျပ်တည်း မှု၏ အကျိုးတရားမျှသာ ဖြစ်ချေသည်။ "အူဝဘောင့်မှသီလ စောင့်သည်" ဟူသော စကားပုံသည်းရှိသည် မဟုတ်ပါလော။ ထို့ကြောင့် လုယက်ခိုးဝှက်မှုတွေ ပေါများလာရခြင်းမှာစီးပွား ရေး ကျပ်တည်းမှုသည်ပင်လျှင် အကြောင်းရင်းကြီး တစ်ခု ဖြစ်ချေသည်။

## ကြွယ်ဝလေလေ၊ လောဘကြီးလေလေ

ကောင်းပါပြီ။ အလုပ်သက်မဲ့ဖြစ်၍စားစရာမရှိသဖြင့် ခိုးဝှက် လုယက်ကြရသော လူဆင်းရဲများ၏လောဘကို ထားပါဦး၊

စီးပွားရေးသမားများ၏ လောဘသည် မည်သို့ရှိပါသနည်းဟု မေးစရာရှိ၏။ စီးပွားရေးတောင့်တင်း၍သူဌေးဖြစ်နေကြသော လူများ၏ လောဘသည်လည်း ရှေးရှေးကထက်ကြီးလာသည်ဟု ဆိုရပေမည်။ ဗုဒ္ဓလက်ထက်တော်၌ ကုဋေရှေလေးဆယ်၊ ကုဋေရှစ်ဆယ် စသည်ဖြင့် ကြွယ်ဝသော သူဌေးကြီးများ ရှိကြသည်ဟု စာဆိုရှိ၏။ ဤခေတ်၌မူ အမေရိကန်ပြည်ရှိ မီလျံနာ၊ မာလ်တီမီလျံနာ စသော သူဌေးမျိုး လေးငါးဆယ်ခယောက်မျှကို အသီးအသီးဝယ်ထားနိုင်လောက်အောင်ကြွယ်ဝလျက်ရှိကြ၏။ ၎င်းတိုင်းပြည်၌ မီးရထားသူဌေး၊ ရေနံသူဌေး၊ မိုတာကားသူဌေး စသည့် မာလ်တီမီလျံနာ တစ်ယောက်ယောက်သည် ကျွန်ုပ်တို့ မြန်မာပြည်ကဲ့သို့သော တိုင်းပြည်ကိုပင် ဝယ်နိုင်ကြသည်။ သို့ပါလျက် 'လောဘသည် ပင်လယ်ရေကဲ့သို့ သောက်လေသောက်လေ ငတ်လေလေ' ဟုဗုဒ္ဓဟောတော်မူသည့်အတိုင်း ဘယ်တုန်းကပေါ်သည့်သူဌေးများ မကြွယ်ဝဖူးသေးသလောက် ကြွယ်ဝလျက်ရှိကြသည့်တွင် ဘယ်တုန်းက သူဌေးမျိုးမှ လိုက်၍မမီနိုင်အောင် လောဘကြီးလျက် ရှိကြလေတော့သည်။ ကျွန်ုပ်တို့ မြန်မာပြည်တွင်လည်း အချို့ စီးပွားရေးသမားများသည် အမေရိကန် သူဌေးကြီးများကို မပြိုင်နိုင်စေကာမူ "သူ့အလှည့်နှင့်သူ" ဘယ်တုန်းကမှ မကြွယ်ဝခဲ့ဖူးသေးသလောက် ကြွယ်ဝလျက်ရှိကြလေပြီ။ (မြန်မာသူဌေးသည် တရုတ် ကုလားသူဌေးများကို မမီကြခြင်းကား မှန်သည်။) သို့ရာတွင် မည်သည့်ခေတ်က မြန်မာမှ မမီနိုင်အောင်လည်း လောဘကြီးလျက်ရှိကြလေပြီ။ ပစ္စည်းဥစ္စာများတက်သလောက်

လောဘများ တက်လျက်ရှိခြင်းသည်လည်း (ဗုဒ္ဓဝါဒရှုထောင့်မှ ကြည့်လျှင်) ဆုတ်ယုတ်ခြင်း (ဆုတ်ကပ်)ပင် ဖြစ်သည်။

ရက်စက်လာခြင်း၏ အကြောင်း

ဤနေရာ၌ မရှိနှမ်းပါး ဆင်းရဲသားများသည် စားစရာမရှိ၍ လုယက်တိုက်ခိုက်ရာတွင် ရက်ရက်စက်စက် သတ်ဖြတ်ကြသည်အထိ ဒေါသကြီးလာကြရသည့် အကြောင်းရင်းတစ်ချက်ကိုလည်း တင်ပြရပေဦးမည်။ အမေရိကန်၊ အင်္ဂလန်စသည့်(မြန်မာပြည်လည်း ပါဝင်သည်) တိုင်းပြည်များတွင် ပစ္စည်းမဲ့ ဆင်းရဲသားများနှင့် စီးပွားရေးသမား သူဌေးများ၏လူနေမှု အဆင့်အတန်းသည် ကြာလေလေ ကွာဝေးလေလေ ဖြစ်လျက်ရှိ၏။ မြန်မာဆင်းရဲသားနှင့် မြန်မာစီးပွားရေးသမား၏ အဆင့်အတန်းသည် အမေရိကန် အလုပ်သမားနှင့်အမေရိကန်အလုပ်ရှင်ကြီးများ၏ အဆင့်အတန်းကဲ့သို့ ကွာလှမ်းခြင်း မရှိသော်လည်း 'သူ့အတွာနှင့်သူ' ကြည့်မည်ဆိုပါက တက်တက်စင်ကွာလှမ်းလျက် ရှိလေပြီ။ အလုပ်လက်ရှိနှင့် မဝတဝစားရသောမြန်မာ အလုပ်သမားနှင့် တောင်သူလယ်သမားအမြောက်အမြားရှိကြသည့်နည်းတူ မိဘကား အလဲလဲစီးနိုင်၍ တိုက်တာအမြောက်အမြား ပိုင်ဆိုင်သည့် (တရုတ်ရော-ကုလားပါ)သူဌေးကြီးများလည်း ရှိနေကြလေပြီ။ လုပ်နိုင်ပါမှ မဝတဝ စားကြရသော အလုပ်သမား ဆင်းရဲသားများသည်(ပုထုဇဉ်သဘာဝအတိုင်း) သူဌေးကြီးများ၏ အနေအထိုင်ကိုမြင်ရ၍ သွားရည်ကျကြရုံသာမက ထိုသူတို့အပေါ်တွင် ဣဿာ မစ္ဆရိယ စိတ်မျိုး

ဝင်လာကြမည်သာ ဖြစ်၏၊ ထိုအတွက်ကြောင့် ပစ္စည်းလုယူပြီး နောက် လူကိုပါ ရက်ရက်စက်စက် သတ်ပစ်ခဲ့ခြင်း ဖြစ်ရပေမည်။

## ကာမဂုဏ်၏ ဖြားယောင်းချက်

ဤအခုတာအတွင်း လောကဓာတ်ပညာ၏ တိုးတက်ခြင်းကလည်း လူသား၏စိတ်ကို ဖျက်ဆီးသလို လုပ်ပေးလျက်ရှိပြန်၏။ ကြွယ်ဝသော လူအချို့အဖို့ အရသာရှိသည်ထက်ရှိသော စားစရာ အမျိုးမျိုးဖြင့်လည်းကောင်း၊ လှပသည်ထက် လှပသော ဝတ်စရာ အမျိုးမျိုးဖြင့် လည်းကောင်း၊ ကောင်းသည်ထက် ကောင်းသော တိုက်တာ အဆောက်အဦ အမျိုးမျိုးဖြင့် လည်းကောင်း ဖြားယောင်း သွေးဆောင်သကဲ့သို့ အဆန်းအသစ်တွေ တီထွင်ပေးခြင်းအားဖြင့် ယိုသူတို့၏ ကာမဂုဏ် ခံစားလိုသော လောဘစိတ်ကို နှိုးဆော်လျက်ရှိ၏။ ကာမဂုဏ်ဆိုသည်မှာလည်း ခံစား၍ အတောမသတ်။ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ဆက်ကာဆက်ကာ ခံစားချင်တတ်သော သဘာဝရှိပေရာ လူသား များမှာလည်း အဘယ်ခေတ်ကနှင့်မျှမတူအောင် ကာမဂုဏ် ငါးပါး ခံစားလိုသော လောဘဇော တိုက်လျက် ရှိကြလေပြီ။

## လောဘ, ဒေါသ ကြီးအောင် ဖန်တီးပုံ

တစ်ဖက်၌ ကာမဂုဏ် ခံစားနိုင်ခွင့် ရှိသူများ၏ လောဘ နှိုးဆော်လျက်ရှိစဉ် အခြားတစ်ဖက်၌လည်း ထိုကဲ့သို့ မခံစား

ဒုတိယအကြိမ်

နိုင်သော ဆင်းရဲသားများ၏ဒေါသစိတ်ကို ခေတ်ဆီလောင်း၍ မီးမွှေးပေးသကဲ့သို့ ရှိနေ၏။ မိမိ၌ အဝတ်မှ လုံအောင်မဝတ်နိုင်ဘဲ ရှိစဉ် စိန်ရွှေ ကျောက်သံပတ္တမြားများဖြင့် ညွှတ်အောင် ဝတ်ဆင်ထားသူများကို မြင်ရသည့်အခါ စိတ်ချဉ်ပေါက်၍ လုယက် ချိုးဖွဲ့ပစ်ချင်စိတ်ခြင်းမှာ ဣဿာမစ္ဆရိယ မကင်းနိုင်ကြသော ပုထုဇဉ်များ၏ သဘာဝဖြစ်၏။ မိမိက ရွှေလောက်သာ ဝတ်နိုင်၍ စိန်ဝတ်နိုင်သောလူများကို မြင်ရလျှင် ကျိတ်၍ခံနိုင်ဖွယ် ရှိသေးသော်လည်း မိမိ၌ ကျောတိုးလုံနေသောအခါတွင် စိန်ကြီးတွေ မိုးမွှန်အောင် ဝတ်ဆင်ထားသူကို မြင်ရလျှင်ကား လုယူချင်သောစိတ်မျိုးဖြစ်တတ်ရုံသာမက တော်တော်ကြာလျှင် ချိုးဖွဲ့ လှင့်ပစ်ချင်သော ဗျာပါဒ စိတ်မျိုးပင် ဝင်လာနိုင်ပေသေးသည်။ ပစ္စည်းကိုယူပြီး လူကို ချေမှုန်းပစ်ခဲ့သည် ဆိုသော အမှုမျိုး ကြားကြရခြင်းမှာ ထိုကဲ့သို့ စိတ်ချဉ်ပေါက်လျက်ရှိသော လူဆင်းရဲများ၏ လက်ချက်ပင် ဖြစ်တန်ရာသည်။ ဆိုလိုရင်းမှာ လောကခေတ်ပညာစွမ်းဖြင့် ကာမဂုဏ်ခံစားမှု အဆန်းအသစ်များ တီထွင်ပေးကြခြင်းသည် လူသား၏ လောဘနှင့် ဒေါသတို့ကို တိုက်တွန်း နှိုးဆော်ပေးရာ ရောက်လျက် ရှိတော့သည် ဟူလို။ ယင်းသို့ဆိုလျှင် ခေတ်ကပ်ဟုခေါ်ဆိုကြခြင်း မှန်ကန်ရာကျသည် မဟုတ်ပါလော။

## မိုက်လှသော လူတစ်စု

တစ်ဖန် ကမ္ဘာ၌ ဗိုလ်ကျလျက်ရှိသော အစိုးရကြီးများကို ကြည့်ကြပါဦးစို့။ ရင်းတိုင်းပြည်ကြီးများ၌ တိုင်းသူပြည်သား

အားလုံး စားလောက်၊ဝတ်လောက်၊နေလောက်အောင်အစား အစာ၊ အထည်အဝတ်နှင့် တိုက်တာ အဆောက်အဦကြီးများ လုံလောက်စွာ ရှိခဲ့ကြလေပြီ။ စိန် ရွှေ ကျောက် သံ ပတ္တမြား အစရှိသော လက်ဝတ် လက်စားများမှာလည်း (အထူးသဖြင့် အမေရိကန်ပြည်တွင်) ကမ္ဘာ့တိုင်းပြည်များ စုစုပေါင်းထက်ပင် ပိုမို များပြားလျက်ရှိသည်ဟု ကြားရဖူးသည်။ သို့ပါလျက်နှင့် ပင် အာဏာ လက်ကိုင်ရှိသော အစိတ်အပိုင်းမှ လူများက တစ်ကမ္ဘာလုံးကို သိမ်းခြုံ လွှမ်းမိုးချင်သော လောဘဇောတိုက် မှုကြောင့် ဆိုးပေ့ဆိုသော လူသတ်လက်နက်များ အပြိုင် အဆိုင် လုပ်ကိုင်လျက် ရှိကြသေး၏။ လက်နက်ဆိုးများမှာလည်း ယခုပင်လျှင် ကမ္ဘာပျက်လောက်အောင် အဏုမြူ ညူကလီယာ ဗုံးများ လုံလောက်စွာ ရှိနေပါပြီဟု ကမ္ဘာ့ လောကဓာတ် ဆရာကြီးများက ဖွင့်ဟ ထုတ်ဖော် ပြောဆိုလျက် ရှိကြသည်။ အဓိပ္ပာယ်မှာ ယခုအတိုင်း ကမ္ဘာစစ်ကြီးဖြစ်၍ အုပ်စုကြီးတစ်စု နှင့်တစ်စု အပြန်အလှန် ပစ်ခတ်ကြမည်ဆိုလျှင် ကမ္ဘာကြီးပျက် စီး၍ မနုဿလူသား သာမက တိရစ္ဆာန် ပိုးမွှားနှင့် သစ်ပင် မြက်ပင်မကျန် မျိုးပြုတ်သွားနိုင်လောက်ပါပြီဟု ဆိုလိုခြင်းဖြစ် ၏။ သို့နှင့်လည်း အဆိုပါထိပ်သီးအစိုးရကြီးများသည် ဆိုးသည် ထက် ဆိုးရွားသော လက်နက်များ ထုတ်လုပ်ရေးအတွက် မနေ မနားကြိုးစားလျက် ရှိကြသေး၏။ လုပ်ပြီးသားလက်နက်များ ကို ဖျက်ပစ်ဖို့ မဆိုထားနှင့် ဆက်လက်ပြီး မလုပ်စတမ်းဟူ၍ သဘောတူညီမှုပင် မရနိုင်သေးဘဲ ရှိနေကြသည်။ ဤမျှလောက် မိုက်မဲသော လူများ အုပ်ချုပ်သည့် ကမ္ဘာသည် မည်သည့်လက်

ထက်က ကြုံဖူးကြ၊ ကြားဖူးကြ ပါသနည်း။ ဤမျှလောက် လောဘ၊ ဒေါသ၊ မောဟ ကြီးသော ခေါင်းဆောင်များ အုပ်ချုပ်သောခေတ်သည် ဆုတ်ကပ် ဖြစ်သည်ဟု ဆိုထိုက်သည် မဟုတ်လော။

## တရားနှင့် ဝေးကြရခြင်း

ဗုဒ္ဓဘာသာသည် မနုဿ လူသားများအတွက် လောဘ၊ ဒေါသ၊ မောဟ တရားများ ကုန်ခန်းစေတတ်သည်။ တစ်ခါတည်း မကုန်ခန်းသေးလျှင်လည်း ခေါင်းပါးစေနိုင်သည်ဟူ၍ ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်ကြရ၏။ (အခြားဘာသာဝင်များ ကပင် လောဘ၊ ဒေါသ၊ မောဟ တရားများ ကုန်ခန်းအောင် ကြိုးစားထိုက်သည်ဟု ဝန်မခံချင်တော့မှ ရှိစေ၊ ကုန်ခန်းအောင် သို့မဟုတ် လျော့ပါးအောင် ဖြစ်နိုင်သော နည်းပေတကားဟု ဝန်ခံကြရသည်။) အခြားသော တိုင်းပြည်များအရေးကို ထားပါဦး။ ကျွန်ုပ်တို့မြန်မာပြည်၌ ဘာသာရေး အခြေအနေသည် မည်ကဲ့သို့ ရှိနေပါသနည်း။ ကြွယ်ဝသော လူအနည်းငယ်တို့က လည်း ကြွယ်ဝသည်ထက် ကြွယ်ဝချင်သော သဘာဝအတိုင်း လောဘနည်းစေတတ်သော ဝိပဿနာ ဘာဝနာ အလုပ်မျိုးကို သတိမရနိုင်ဘဲ ကျောခိုင်းလျက်ရှိကြ၏။ တစ်နေ့လုပ်မှ တစ်နေ့ စားကြရသော အလုပ်သမား၊ လယ်သမား ဆင်းရဲသားများမှာ လည်း ဝမ်းရေးထက် ဘာမှ အရေးမကြီးနိုင်ဆိုကာ ဘာဝနာ အလုပ်မျိုးအတွက် အချိန်မပေးနိုင်ဘဲ လုံးဝ လျစ်လျူ ဥပေက္ခာ ပြုထားကြလေတော့သည်။ ငွေတစ်သိန်းရှိသောလူက ဆယ်သိန်း

ရှိသောလူကို အားကျ၍ တစ်ပြားမှမရှိသော ဆင်းရဲသားများ ကလည်း ကောင်းကောင်းစား၊ လှလှဝတ်၍ ခန့်ခန့်နေနိုင်သော လူများကိုကြည့်ပြီး အားကျလျက် ရှိကြလေတော့သည်။ သို့ဆို လျှင် ကာမဂုဏ် ခံစားမှုများနောက်သို့ တလိုက်တည်း လိုက် ပြီး လောဘတွေ တစ်ကြီးတည်း ကြီးနေကြတော့သည် မဟုတ် ပါလော၊ ရှေးကလည်း သူဌေးကြီးတွေ ရှိကြသည်မဟုတ်ပါ လောဟု စောဒကတက်လျှင် ရှေးက နိုင်လွန်းမပေါ်သေး၊မိုဘာ ကား မပေါ်သေး၊ (ပေါ်ပါလျှင်လည်း ကြည့်ရှောင် နေရ လောက်အောင် မပေါ်များသေး) ဤခေတ်တွင်မှ လူတွေကို သွားရည်ယိုအောင် မျက်စိအောက်တွင်ဖြန့်၍ ခင်းပြနေသကဲ့သို့ ရှိနေခြင်းဖြစ်သည်ဟု ဖြေဆိုရပေမည်။

### ကျွန်ုပ်၏ မျှော်လင့်ချက်

လူသုံးပစ္စည်း အမျိုးမျိုးတွေဖြစ်အောင် လုပ်တတ်ခြင်းသည် တိုးတက်ခြင်းဖြစ်သည်ဟု ခေါ်ဆိုကြလျှင် ရင်းပစ္စည်းတွေကို 'လိုချင်မျက်စိ' ရှိလာကြခြင်းသည် လောဘပွားများခြင်းဖြစ်၍ (ဗုဒ္ဓဝါဒရှုထောင့်မှ) ဆုတ်ကပ်ဟူ၍ခေါ်ထိုက်သည်။ ဤသို့ဖြစ် ရခြင်းသည် လူတွေကိုယ်၌ကလောဘကြီးလာကြသောကြောင့် ဟု ကျွန်ုပ်မယုံကြည်၊ အခြေအနေအရဖန်တီးလာခြင်းဖြစ်သည် ဟု ကျွန်ုပ်နားလည်သည်။ အခြေအနေရဟူသည်မှာကြွယ်ဝသူ အနည်းငယ်တို့က အလွန်အမင်းကြွယ်ဝပြီး ဆင်းရဲသူအမြောက် အမြားက တစ်နေ့တခြား ကျပ်တည်းဆင်းရဲလာခြင်းကို လည်း ကောင်း၊ ကြွယ်ဝသူများအဖို့ ဇိမ်အမျိုးမျိုးခံနိုင်အောင် ဝတ္ထု

ပစ္စည်း အမျိုးမျိုးတွေပေါ်ပေါက်ပြီး ဆင်းရဲသူများ မိုက်ချင်၊ ဆိုးချင်၊ ခိုးချင်တိုက်ချင်အောင် မြှူပေးသကဲ့သို့ ရှိနေခြင်းကိုလည်းကောင်း ဆိုလိုသည်။ ဇိမ်ခံပစ္စည်းများ ပေါ်ပေါက်ခြင်းကို မီးရှို့ပစ်ရမည်ဟု ကျွန်ုပ်မဆိုလို။ သို့ရာတွင် ပေါချင်သူများ၌ ပေါချင်ဘိုင်းပေါပြီး၊ ဆင်းရဲသူများအဖို့ တစ်နပ်စားပြီး နောက်တစ်နပ်အတွက် ပူပန်ရသည့်အထိ ဆိုးရွားသောအဖြစ်မျိုး မရှိလျှင် ကောင်းလေစွဟုတမ်းတမိသည်။ အကယ်၍ လူတိုင်းအဖို့ 'မရှိမရှား' ဆိုသော အခြေအနေမျိုး ဖန်တီးနိုင်ပါလျှင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဝိပဿနာ ဘာဝနာစသော အလုပ်မျိုးဘက်သို့ ဦးလှည့်နိုင်သူ အရေအတွက်များပြား၍ ဗုဒ္ဓသာသနာတော်၏ ပြန့်ပွားရာ ပြန့်ပွားကြောင်းဖြစ်ပြီးလျှင် တက်ကပ် အခြေအနေသို့ တက်လှမ်းနိုင်ကြဖို့ရှိသည်ဟု မျှော်လင့်ယုံကြည်လျက် ရှိပါသတည်း။ ဝ

# စာပေရေးရာ ဆွေးနွေးချက်

ရန်ကုန်မှရောက်လာသော စာရေးဆရာ လူငယ်နှစ်ယောက်တို့သည် ကျွန်ုပ်၏ နေအိမ်သို့ ဝင်လာကြ၍ စာပေအကြောင်း၊ စာအုပ်အကြောင်းနှင့် မြန်မာစာ အရေးအသားအကြောင်းတို့ကို ကျွန်ုပ်နှင့် ဆွေးနွေးကြသည်။

မ။ 'ဆရာကြီးရဲ့ "တစ်သက်တာ မှတ်တမ်း" စာအုပ်ထဲမှ မြန်မာစာရေးသားပုံနှင့် ပတ်သက်လို့ ဆရာကြီးရဲ့ သြဝါဒကို ကျွန်တော်တို့ ဖတ်ရပါတယ်။ တော်တော်နည်းယူစရာကောင်းတယ်လို့ သဘောရပါတယ်'

နုပ်။ 'သြဝါဒရယ်လို့ မဆိုလိုပါဘူး။ ဟိုကျမ်း ဒီကျမ်းကို အထောက်အထားပြုပြီး အခိုင်အမာသဘောနဲ့ ရေးခြင်းလဲ မဟုတ်ပါဘူး။ ဆရာ့အတွေ့အကြုံ၊ ဆရာ့အကြိုက်၊ ဆရာ့အယူအဆကို တင်ပြခြင်း ဖြစ်ပါတယ်။ ဆရာတို့ မြန်မာလူမျိုးက အထောက်အထား အကိုးအကား တင်ပြနိုင်မှ လေးနက်တယ်လို့ ယူဆချင်တတ်တဲ့ အစဉ်အလာရှိတယ်။ ဆရာကတော့ ဘယ်ကျမ်း ဘယ်နိဿယကိုမှ ကြည့်ဘူးတဲ့ ကိုယ့်အထင်နဲ့ကိုယ် စိတ်ကူးကို

တင်ပြလိုက်ခြင်းဖြစ်တယ်။ စာဖတ်သူက ကြိုက်လျှင်လဲ ယူ၊ မကြိုက်လျှင်လဲ ဖယ်ထားလိုက်ရုံပဲ ရှိတာပဲ'

ဒု။ 'ဆရာကြီးက မြန်မာစာရေးပုံအကြောင်း ဖော်ပြတယ်ဆိုပေမယ့် အင်္ဂလိပ်စာအုပ်ထဲကဟာတွေကိုညွှန်းထားတာတော်တော်ပါတယ် ဆရာကြီးရဲ့'

နုပ်။ 'တစ်သက်တာ မှတ်တမ်းထဲမှာ ဆရာဝန်ခံထားတဲ့အတိုင်းပဲ။ လောကုတ္တရာရေးရာနဲ့ ပတ်သက်လို့ မြန်မာစာပေကျမ်းဂန်များကို အထိုက်အလျောက် ဖတ်ဖူးသော်လည်းလောကီရေးရာနဲ့ပတ်သက်လို့တော့အင်္ဂလိပ်စာအုပ်များကိုသာအဖတ်များပါတယ်လို့ ရေးထားတယ် မဟုတ်လား'

ပ။ 'မြန်မာစာထဲမှာ လောကီမှုရေးရာအကြောင်းနဲ့ ပတ်သက်လို့ ဖတ်ထိုက်တဲ့စာအုပ် မရှိတော့ဘူးလားခင်ဗျာ'

နုပ်။ 'ဆရာကိုယ်တိုင်ကတော့ အင်မတန် ရှားပါတယ်။ ခုလက်ထက်မှာတော့ တော်တော်ကလေး ပေါများလာပါပြီ'။

ဥပမာ စွယ်စုံကျမ်းကြီးဆိုလျှင် လူတိုင်းဖတ်ထိုက်တဲ့ စာအုပ်မျိုး ဖြစ်ပါတယ်။ သို့သော် ဆရာက ဝတ္ထုတော်တော်ကြိုက်တဲ့ လူတစ်ယောက်မောင်တို့ရဲ့၊ ဟိုတုန်းကဆိုလျှင် ရည်းစားများများ ဆားပြီး လူပျိုလှည့်စကား များများပါတဲ့ စာအုပ်ဟာနာမည်ကြီး တာတွေကိုလဲ ဆရာဖတ်ခဲ့ပါတယ်။ သို့သော် လေးငါးဆယ်အုပ်လောက် ဖတ်ပြီး ကုန်တော့တာပဲ။ ဖတ်စရာ

မရှိတော့ဘူး။ ဖတ်လောက်တဲ့ Novel ဝတ္ထုမျိုးရယ်လို့ မရှိ၊ သလောက် ရှားခဲ့တယ်မောင်တို့ရဲ့'

ဒု။ 'ဒီခေတ်မှာကော ခင်ဗျား တော်တော်များလာပြီ လား ဆရာကြီး'

နုပ်။ 'ဒီခေတ်မှာတောင် ရှားပါသေးတယ်။Story စတိုရီ သဘောမျိုး ရေးတတ်ကြတဲ့ စာရေးဆရာလောက်သာပေါပြီး Novel နော်ဗယ်လ်သဘောမျိုးစစ်စစ် ရေးထားတဲ့စာအုပ်မျိုး က ရှားပါသေးတယ်'

ပ။ 'ဆရာကြီးရေးတဲ့ ဝတ္ထုတွေကောခင်ဗျာ။ နော်ဗယ်လ် မခေါ်နိုင်ဘူး'

နုပ်။ 'မခေါ်နိုင်ပါဘူး၊ ဘဝရဲ့သဘာဝကို အသေးစိတ် ဖော်ပြထားတဲ့သဘောမျိုးက နည်းပါတယ်၊ ဒီအကြောင်းကို တစ်သက်တာမှတ်တမ်းမှာ တဆိတ်တပေါက်ရှင်းပြပြီး လူငယ် စာရေးဆရာတွေ နားလည်အောင် လုပ်ခဲ့လို့မို့ တချို့စာရေး ဆရာကလေးတွေမှာ ကြိုးစားချင်တဲ့စိတ်မျိုး ဖြစ်ပေါ်ကြတယ် ကြားရလို့ ဝမ်းသာမိပါတယ်'

ဒု။ 'ဆရာကြီးဟာ ဒီတကြောင်းတွေကို ဒါလောက် နား လည်ပြီး နော်ဗယ်လ် ဝတ္ထုမျိုးဖြစ်အောင် မရေးနိုင်ဘူးလား ဆရာကြီး'

နုပ်။ 'နားလည်ရုံလောက်နဲ့ပြီးတာမဟုတ်ဘူး မောင်ရဲ့။ ပါရမီခံပါဦးမှဖြစ်တယ်၊ ဆရာ့မှာ ဝတ္ထုဘက်ကတော့ ကိုယ်

တိုင် ရေးဖို့ ဒါလောက်ကြီး ပါရမီရင့်ဟန်မတူပါဘူး။ စတိုရီ အသွားမျိုးလောက်ပဲ ရေးတတ်ပါတယ်။ စတိုရီဆိုတာကတော့ ဖတ်လို့ကောင်းအောင် ဇာတ်လမ်း ဇာတ်ကွက်တွေကို အသား ပေးပြီး အကွက်ဆင်တဲ့သဘောမျိုးပဲ။ လူ့ဘဝသရုပ်ဖော်မှုကို ဒါလောက် သဘောမထားဘူး'

ပ။ 'ဒီခေတ်မှာ လူ့သဘာဝကို သရုပ်ဖော်တဲ့ ဝတ္ထုတွေ ရှိနေတယ် မဟုတ်လား ဆရာကြီး'

နိုပ်။ 'ဟုတ်ကဲ့၊ ကြိုးစားစ ပြုနေကြပါပြီ။ ရုပ်လုံးပေါ် အောင် တင်ပြဖို့ ကြိုးစားတာကတော့ဟုတ်ပါတယ်။ သို့သော် လူ့သဘာဝနဲ့ပတ်သက်လို့ ဟိုအတွင်းထဲမှာ ငုပ်နေတဲ့ အခြင်း အရာကလေးတွေကို ကပ်ဖဲ့သပ်သပ် ဖော်ထုတ်တင်ပြတတ်ဖို့ ဆိုတာကတော့ တကယ့်ပါရမီရှင်ကြီးများရဲ့အရာပေကိုး မောင် တို့ရဲ့'

ဗု။ 'ဆရာကြီးကော ခင်ဗျာ၊ လူ့သဘာဝအကြောင်းကို အတော်ကြီး နားလည်တယ်လို့ ကျွန်တော်တို့က ထင်နေကြ ပါတယ်....'

နိုပ်။ 'ဟုတ်ကဲ့....အထိုက်အလျောက်တော့ နားလည်တယ် လို့ ထင်မိပါရဲ့။ သို့သော် တင်ပြဖို့ ဆိုတာကတော့ ပါရမီ တစ်မျိုးပဲ မောင်ရဲ့။ ဇာတ်ကွက်ဇာတ်လမ်းနဲ့ တင်ပြရတာကိုး။ ဆရာက သရုပ်ဖော်ရာမှာ ဒါလောက် မစွမ်းပါဘူး။ ကိုယ့် ကိုကိုယ် အားမရဘူး'

---

ယောမင်းကြီး စာပေ

ဖ။ 'ကိုယ့်ကိုကိုယ် အားရတဲ့ အချက်က ဘယ်ဘက်မှာလဲ ဆရာကြီး'

နိုင်။ 'မေးလို့ရှိမှ ဖြေရမှာပေါ့လေ။ ဆရာက လူ့သဘာဝ အကြောင်းထက် စိတ်သဘာဝ အကြောင်းကို ပိုပြီး လေ့လာထားတယ်။ တင်ပြဖို့လဲ လေ့ကျင့်ထားတယ်'

ဒု။ 'စိတ်ဆိုလျှင် လူ့စိတ်ရဲ့ သဘာဝပဲ မဟုတ်ဘူးလား ခင်ဗျာ'

နိုင်။ 'ဆရာဆိုလိုတာက လူ့စိတ်တွင်မက သတ္တဝါတို့ရဲ့ စိတ်သဘာဝကို လေ့လာထားတယ်လို့ ဆိုလိုတယ်'

ဖ။ 'သတ္တဝါဆိုတာ ခွေးရော ကြောင်ရော တိရစ္ဆာန်တွေ အားလုံး ပါမှာပေါ့နော်။ ဆရာကြီးက ခွေးရဲ့စိတ်ကို ဘယ်လို လုပ်ပြီး လေ့လာသလဲ ခင်ဗျာ'

နိုင်။ 'ဆရာပြောချင်တာက လူရော ခွေးရော ကြောင်ရော သတ္တဝါဟူသမျှမှာ တညီတညွတ်တည်း ရှိတတ်တဲ့ သဘာဝ တစ်ခုရှိတယ်။ အဲဒါကို ဆရာ လေ့လာတယ်'

ဒု။ 'ဘယ်နည်းလုပ်ပြီး လေ့လာလို့ဖြစ်နိုင်မလဲ ဆရာကြီး ရယ်'

နိုင်။ 'သတ္တဝါအားလုံးမှာ သိတတ်တယ်ဆိုတဲ့ သဘော တရားကလေး၊ လိုချင်တယ်ဆိုတဲ့ သဘောတရားကလေး ရှိကြ တာချည်းပဲ။ ဒါမျိုးမရှိတဲ့ သတ္တဝါ မရှိဘူး။ ကိုယ့်မှာရှိနေတဲ့ သိတတ်ခြင်းဆိုတဲ့ သဘာဝကလေးကို စောင့်ကြည့် နေလို့

ထူးခြားချက်ကလေးများကို တွေ့ရတဲ့အခါမှာ သတ္တဝါအားလုံးမှာလဲ ဒီအတိုင်းပဲလို့ သိနိုင်တာပေါ့ မောင်ရဲ့'

ပ။ 'လိုချင်မှုဆိုတာကော ဆရာကြီးရယ်'

နိုပ်။ 'ဒါဟာလဲ သတ္တဝါတိုင်းမှာ ရှိစမြဲပဲ။ ပေါ်လာခိုက်မှာ ဘယ်ပုံ၊ ငုပ်နေတော့ ဘယ်ပုံ စသည်ဖြင့် ပြောင်းလဲပုံတွေကို စောင့်ကြည့်နေလျှင် ဉာဏ်အသစ်အဆန်းတွေ ပေါ်ပေါက်လာတယ်'

ဒု။ 'ဟုတ်သောဟုတ်ပါရဲ့ဆရာကြီးရယ်။ ကျွန်တော်တို့က စာပေနဲ့ စာအုပ်အကြောင်းကို ပို့ပြီး အာသီသထားလာကြလို့ စာပေအကြောင်းကို ဆွေးနွေး မေးမြန်းပါရစေ ခင်ဗျာ။ ဒါတွေက တရားတွေဖြစ်ကုန်ပြီ ဆရာကြီး'

နိုပ်။ 'ဆရာကြီးကလဲ တရားဟောချင်လို့ မဟုတ်ပါဘူး။ သဘာဝအကြောင်းကို ပြောမိခြင်းပါ။ ကိုင်းလေ မေးချင်တာ မေးကြပါ၊ ဆွေးနွေးကြပါ'

ပ။ 'သူနဲ့ ကျွန်တော်နဲ့ လမ်းမှာ တိုင်ပင်လာကြတယ်။ ဘယ်လိုစာအုပ်မျိုးကို ဖတ်ထိုက်ပါသလဲလို့ ဆရာကြီးရဲ့ ထင်မြင်ချက်ကို မေးချင်ပါတယ်'

နိုပ်။ 'တစ်သက်တာ မှတ်တမ်းထဲမှာ အင်္ဂလိပ်ပညာရှိကြီး ဖရန့်ဆစ်ဘေကောန်က စာအုပ် သုံးမျိုး ရှိတယ်လို့ ရေးခဲ့ဖူးကြောင်း ဖော်ပြခဲ့ဖူးတယ်။ မြည်းကြည့်ထိုက်တဲ့ စာအုပ်၊ မျိုချရတဲ့ စာအုပ်၊ ညက်ညက်ပါအောင် ဝါးပြီး အစာခြေယူရ

တဲ့ စာအုပ်ရယ်လို့ သုံးမျိုးရှိပါတယ်တဲ့ ဆိုတယ်၊ ဆရာကတော့ 'စာအုပ်' အနေနဲ့ မပြောဘဲ 'စာ' အနေနဲ့ ခွဲခြားပြီး ပြောချင်တယ်။ စာအုပ်ဆိုတော့ သတင်းစာတို့၊ မဂ္ဂဇင်းတို့၊ ဂျာနယ်တို့တွေ မပါဘဲ ကျန်နေရစ်မှာစိုးလို့ အားလုံး ပါအောင် သိမ်းသွင်းပြီး 'စာ'လို့ ခေါ်ချင်တယ်'

ဗ။ 'ကောင်းပါတယ်ခင်ဗျာ။ ဆရာကြီးက ဘယ်လိုများ ပိုင်းခြားချင်ပါသလဲ'

နိုပ်။ 'ဆရာကလဲ ကောနိလိုပဲ သုံးမျိုး ပိုင်းခြားလိုက်မယ်—

(၁) အပျင်းပြေဖတ်ရတဲ့ စာမျိုး
(၂) ဗဟုသုတအဖြစ်မှတ်သားရတဲ့ စာမျိုး
(၃) စဉ်းစားဉာဏ်ကို နှိုးဆွပေးတဲ့ စာမျိုး ဆိုကြပါစို့မောင်တို့'

ဗ။ 'ဒီပြင်အမျိုးအစားကော မရှိဘူးလား ခင်ဗျာ'

နိုပ်။ 'အင်္ဂလိပ်ပညာရှိကြီး ဘေကောန်ကို တုပပြီး သူပိုင်းခြားတဲ့အတိုင်း ပိုင်းခြားလိုက်ခြင်း ဖြစ်ပါတယ်'

ဒု။ 'ဆရာကြီးက အင်္ဂလိပ်စနစ်ကို တော်တော် မှီးချင်တာကိုး ခင်ဗျ'

နိုပ်။ 'စာပေမှုရေးရာနဲ့ပတ်သက်လို့ သူတို့ဆီက နည်းနာယူခဲ့မိလေတော့ သူတို့ကို လက်မလွှတ်နိုင်အောင် ဖြစ်နေလို့ပါမောင်ရယ်။ နားထောင်ပြီးလို့ အဆုံးကျတော့ လိုသလောက်

ဖြည့်စွက်နိုင်ပါတယ်။ မကျေနပ်လျှင် စောဒက တက်နိုင်ပါတယ်၊ ပြင်ဆင်နိုင်ပါတယ်။ ဆရာက တယူသန်ကြီး Dogmatic မဟုတ်ပါဘူး'

ဒု။ 'ကျွန်တော်တို့ ပြင်ဆင်စရာလိုမယ် မဟုတ်ပါဘူး။ ဆရာကြီး အမိန့်ရှိပါခင်ဗျား'

နိုပ်။ 'အပျင်းပြေဖတ်ရတဲ့စာမျိုး အကြောင်းကို ပြောကြစို့၊ ဒီအထဲမှာ ဝတ္ထုဟာ အများဆုံးပါဘဲ။ ဘာပြောပြော အပျင်းပြေတာကတော့ အမှန်ပဲ၊ တစ်ချို့လူကြီးတွေ ပြောလေ့ရှိတယ်၊ ဝတ္ထုဖတ်လို့ ဘာအကျိုးရှိမလဲ တဲ့၊ စာကြီးပေကြီးတွေ ဖတ်မှပေါ့တဲ့။ သားသမီးများကို ဆုံးမလေ့ရှိကြဘယ်။ လူက ပျင်းနေလို့မို့ အပျင်းပြေအောင် လုပ်ချင်တဲ့အခါမှာ ဘယ်က လာပြီး စာကြီးပေကြီးတွေ ဖတ်ချင်မှာလဲမောင်ရယ်၊ ဘယ်သူ ဘာပြောပြော အပျင်းပြေစေဖို့ အတွက်တော့ ဝတ္ထုဟာ ဆေးကောင်း တစ်ခုဘဲ'

ပ။ 'ဝတ္ထုတိုင်း အပျင်းပြေပါ့မလား ဆရာကြီးရယ်'

နိုပ်။ 'ကိုယ်ကြိုက်တဲ့ ဝတ္ထုမျိုး ဖတ်ရလျှင်တော့ အပျင်းပြေတယ်လို့ ယူဆရပေမယ်'

ဒု။ 'ဝတ္ထုမဖတ်ချင်တဲ့လူအဖို့ကော ဆရာကြီးရယ်'

နိုပ်။ 'ဒီလူမျိုးဟာ လောကကြီးမှာ တပန်ရှားတယ်လို့ ဆိုရလိမ့်မယ်၊ လူဆိုတာ တစ်ပတ်တစ်လှည့်တော့ပျင်းတတ်ကြတာပဲ၊ ပျင်းတဲ့အခါမှာ ဖျော်ဖြေဖို့လိုတယ်၊ ဖျော်ဖြေမှုအမျိုးမျိုးရှိတဲ့

အနုက် စားဖတ်ခြင်းကဲ့သို့ ပိုက်ဆံကုန်သက်သာတာ ဘယ်မှာမှ မရှိဘူး၊ ဘိုင်စကုတ်ကြည့်ခြင်း၊ ပွဲကြည့်ခြင်း၊ ဟိုဟို သည်သည် လျှောက်လည်ခြင်း၊ ဟိုတယ်တက်ခြင်း ဆိုတာတွေဟာ ပိုက်ဆံ အကုန်အကျ များတာချည်းပဲ မဟုတ်လား'

ပ။ 'ပျင်းတိုင်း စာချည်း ဖတ်နေနိုင်ပါ့မလား ဆရာကြီး ရယ်'

နိုပ်။ 'ဒါကတော့ ဂွမေးရာကျပါတယ်မောင်၊ ဆရာ ပြော လိုခြင်းကလူတိုင်းသည်ဖျော်ဖြေမှုအတွက်ပိုက်ဆံကုန်အနည်းဆုံး ဖြစ်တဲ့ ဝတ္ထုဖတ်ခြင်း အလုပ်ကို လေ့ကျင့်ထားထိုက်ကြောင်း ပြောလိုခြင်းပါ၊ ရေမ်းချဉ်သီးဟာဗီဘာမင်ဓာတ်ပါတယ်ဆိုပေ မယ့် ရေမ်းချဉ်သီးချည်းတော့ စားနေနိုင်ပါ့မလား မောင်ရယ်၊ အခြား တစ်နည်းဘင်ဖို့ ဖျော်ဖြေမှုကလေးမျိုးလဲ တစ်ခါတစ်ရံ လိုပေဦးမှာပေါ့မောင်ရဲ့'

ပ။ 'ဘယ်လိုဝတ္ထုမျိုးကို ဖတ်ဖတ်ပဲလား ခင်ဗျာ'

နိုပ်။ 'ဝတ္ထုရွေးချယ်နည်းအကြောင်း ပြောခြင်း မဟုတ် သေးပါဘူး၊ဝတ္ထုဖတ်ခြင်း၏အပျင်းပြေမှုတည်းဟူသောအကျိုး တရားအကြောင်းကို ပြောနေခြင်းဖြစ်ပါတယ်'

ဒု။ 'သည်းခံပါ ဆရာကြီးခင်ဗျား၊ ထိုသော် ဝတ္ထုဖတ်ခြင်း သည် အပျင်းပြေဖို့သက်သက်မျှတော့ မဟုတ်ဘူးပေါ့ခင်ဗျာ'

နိုပ်။ 'ဟယ် ကလိမ့်မှာလဲ မောင်ရယ်၊ အညံ့ဆုံး ဖြစ်တဲ့ အကျိုးတရားတစ်ခုကို ဖော်ပြနေခြင်းဖြစ်တယ်'

---

ဒုတိယအကြိမ်

ပ။ 'ရှေ့ကိုဆက်ပါတော့ ဆရာကြီး'

နိုင်။ 'နံပါတ်(၂)ဖြစ်တဲ့ဗဟုသုတအဖြစ်မှတ်သားရတဲ့စာပေမျိုးကိုဆိုပါတော့။ ဒီအထဲမှာဘာသာရေးဆိုင်ရာကျမ်းဂန်များ၊ ဒီပနီများ၊ မိမိပါသနာပါတဲ့ ပညာရပ်ဆိုင်ရာ စာပေများ၊ သတင်းစာ၊ဂျာနယ်၊ မဂ္ဂဇင်းပေါ့ ခေါင်းရယ်'

ဒု။ 'သတင်းစာဖတ်ရာမှာ အပျင်းပြေ သဘောမျိုးကော ပါတယ်မဟုတ်ဘူးလား ဆရာကြီး'

နိုင်။ 'ပါတော့ပါပါတယ်၊ အပျင်းပြေဖတ်ကြတဲ့ လူများလဲ အတော်များကြပါတယ်၊ မီးရထား ကြံတ်တာတို့၊ ကား မှောက်တာတို့၊ ဘုန်းကြီး ဖဲရိုက်လို့ အဖမ်းခံရတာတို့၊ လင်နောက် လိုက်ပြေးတာတို့၊ ဗလက္ကာရ ပြုကျင့်တာတို့ အစရှိတဲ့ သတင်းတွေဟာ အပျင်းပြေသဘောမျိုး ဖတ်ကြတာပါပဲ။ ဒီလို သတင်းမျိုးတွေလောက်ရွေးပြီးဖတ်တဲ့သူတွေလဲ အင်မတန်များပါတယ်။ ဖြစ်သင့်တာကတော့ မှတ်သားထားလောက်အောင် ဗဟုသုတဖြစ်စေလောက်တဲ့ သတင်းမျိုးကို အလေးပေးပြီး ဖတ်သင့်ကြတာပဲ၊ ဆရာက လူတွေလုပ်ကြပုံကိုပြောခြင်းမဟုတ်၊ လုပ်သင့်လုပ်ထိုက်ပုံကို ပြောနေခြင်းဖြစ်ပါတယ်'

ပ။ 'မဂ္ဂဇင်းတွေမှာတော့ အပျင်းပြေ ဝတ္ထုရော ဗဟုသုတ အချို့ရော စဉ်းစားစရာရော ပါတတ်တယ်မဟုတ်သားခင်ဗျား'

နိုင်။ 'မှန်ပါတယ်၊ဆောင်းပါးတွေဆိုတာက ဗဟုသုတအဖို့ရော စဉ်းစားစရာရော ဖြစ်နိုင်ပါတယ်၊ သို့သော် စဉ်းစားစရာ

ဖြစ်အောင် ရေးတတ်တဲ့လူက အင်မတန်ရှားပါတယ်၊ ဗဟုသုတ ဖြစ်စေရအောင် ရေးတတ်တယ်ဆိုလျှင်ပဲ တော်လှပါပြီ'

ဒု။ 'စာပေ ကျမ်းဂန် ဆိုတာမျိုးကတော့ စဉ်းစားစရာ မဟုတ်ဘူးလား ခင်ဗျာ'

နိုပ်။ 'ဖြစ်နိုင်ပါတယ်၊ သို့သော် ပိဋကတ်တော် များကတော့ လူသာမန်များအဖို့ ခဲယဉ်းပြီး အထိုက် အလျောက်ကလေး နားလည်ဖို့ဟာတောင် ဆရာနဲ့ သင်တန်းတက်ယူကြရလေတော့ မှတ်ထားဖို့ သက်သက်လောက်ပဲ ဖြစ်နေတော့တာပါပဲ မောင်ရယ်'

ပ။ 'ဒီပနီများကကော ဆရာကြီးရယ်၊ ဗုဒ္ဓရဲ့ တရားမွေကို လူပြိန်းများနားလည်အောင် ရှင်းပြထားတယ် မဟုတ်ဘူးလား ခင်ဗျာ'

နိုပ်။ 'ပါပါတယ်၊ ရှင်းသလောက်တော့ ရှင်းပြကြပါတယ်၊ သို့သော် ရေးထားပုံတွေက မှတ်သားထားဖို့လောက်ပဲ ရှိတာပဲ၊ စဉ်းစားစရာဖြစ်အောင် ရေးနည်းမျိုး ရေးတဲ့ပုဂ္ဂိုလ်က အလွန်ရှားပါတယ်'

ဒု။ 'ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဆရာကြီးရယ်'

နိုပ်။ 'အကြောင်းအရာ တစ်ခုကို အစဉ်အလာ အတိုင်း ဆရာကသင်ပြခဲ့သလို လက်ဆင့်ကမ်းရေးပြတဲ့ကျမ်းမျိုးက များတယ်၊ ကိုယ်ပိုင်ဉာဏ်စိုက်ထုတ်စဉ်းစားပြီး မူရင်းအနက်အဓိပ္ပာယ်

ကို စာဖတ်သူများစဉ်းစားနိုင်အောင် ရေးတတ်တဲ့ပုဂ္ဂိုလ်မျိုးကရှားတယ်’

ပ။ ‘အပျင်းပြေဖတ်ဖို့ စာမျိုးရယ်၊ ဗဟုသုတအဖြစ် မှတ်သား ထားဖို့စာမျိုးရယ် နားလည်ပါပြီ၊ စဉ်းစားစရာ စာမျိုးအကြောင်းကို ပြောပါဦး ဆရာကြီး’

နိုပ်။ ‘ဒီစာမျိုးက တော်တော်အရေးကြီးတယ် မောင်တို့ရဲ့၊ နည်းနည်းလောက် အကျယ်ကလေး ချဲ့ပြောချင်ပါတယ်’

ဒု။ ‘ချဲ့ပါခင်ဗျာ၊ ကျယ်ချင်တိုင်း ကျယ်စမ်းပါစေ၊ ကျွန်တော်တို့ ကြားနာချင်ပါတယ်၊ ဒီကနေ့မပြန်ဖြစ်လဲ တစ်ညအိပ်ရှိပေါ့’

နိုပ်။ ‘တစ်ညအိပ်ရုံလောက်နဲ့တောင် ပြောလို့ကုန်မယ်မထင်ဘူး မောင်ရေ့၊ သို့သော် ဆရာ့မှာ အလုပ်ကလေး ရှိသေးလို့ သည် တစ်ခေါက် အထိုက်အလျောက်သာပြောပြီး နောက်တစ်ခေါက်မှ ပြောကြပါစို့မောင်’

ပ။ ‘အမိန့်ရှိပါ ဆရာကြီးခင်ဗျား’

နိုပ်။ ‘ပထမအချက်က ဆရာတို့ အရှေ့တိုင်းသားတွေဟာ စဉ်းစားဖို့ အလွန်ပျင်းတယ်၊ ဒါကြောင့်ဗုဒ္ဓက ကာလာမ သုတ်မှာ ဘယ်သူဘယ်ဝါ နာမည်ကြီးလို့ဖြစ်စေ၊ တုံးတမ်း အစဉ်အလာ ဖြစ်နေလို့ဖြစ်စေ လက်မခံနဲ့ဦး၊ ကိုယ်ပိုင်ဉာဏ်နှင့် ဆင်ခြင် စဉ်းစားပြီး ကိုယ်တိုင်ကျေနပ်မှ လက်ခံသင့်တယ်လို့ ဟောတော်မူရတယ်၊ လက္ခဏာမှာ အိန္ဒိယ တိုင်းသားတွေဟာ အစဉ်

အလာ ဆိုလျှင် မစဉ်းမစား လက်ခံနိုင်တတ်တဲ့ လူတွေနဲ့တူရဲ့။ ဆရာတို့ဆီကလဲ ဒီအတိုင်းပဲ၊ ဘိုးဘေးဘီဘင်က စဉ်းစားထား ကြတဲ့အတိုင်း လက်ခံ ယုံကြည်လိုက်တာက သက်သာတယ်။ စဉ်းစားနေရတာက အလုပ်ရှုပ်တယ်လို့ သဘောထားကြဟန် တူပါရဲ့။ ဗုဒ္ဓဘာသာ ဆိုပေမင့် ကာလာမသုတ် အတိုင်း လိုက်နာတဲ့ပုဂ္ဂိုလ်က အလွန်နည်းလှန်းတယ်'

ဒု။ 'ဆရာကြီးက အရှေ့တိုင်းသားကို အသင်သေးပုံ ရတယ်ကိုး ဆရာကြီး'

နိုပ်။ 'အရှေ့တိုင်းသား တော်တဲ့အချက်တွေလဲ အများကြီးရှိတယ်။ သို့သော် ဆရာက သူ့လူမျိုး ကိုယ့်လူမျိုးဆိုပြီး ဖုံးသင့်တာဖုံး ဖော်သင့်တာဖော် မလုပ်ချင်တတ်ဘူး။ စဉ်းစား ချင်တတ်တဲ့ ဝါသနာနဲ့ ပတ်သက်လို့ကော့ အနောက်တိုင်းသား တွေက ဆရာတို့ထက် သာပေတယ် မောင်တို့ရဲ့'

ပ။ 'အဏုမြူဗုံးတွေ ဘာတွေ လုပ်တတ်လို့သား ခင်ဗျာ'

နိုပ်။ 'ဒါက မဆိုင်ပါဘူး။ ဒီပညာက တခြားပါ။ ဆရာပြောချင်တာက စာပေနဲ့ပတ်သက်လို့ ဝေဖန်တတ်တဲ့ အလေ့အကျင့် မရှိကြဘူး မဟုတ်လား'

ဒု။ 'ဟုတ်ပါတယ် ဆရာကြီး။ ဒါဟာ ဘာ့ကြောင့်လဲ ခင်ဗျာ'

နိုပ်။ 'ဝေဖန်တယ်ဆိုကတည်းက စဉ်းစားတတ်တဲ့ အလေ့ အကျင့်ရှိသူတစ်ယောက် ဖြစ်ရမယ်၊ စဉ်းစားဖို့ပျင်းတဲ့ လူက

ဘာမှ မဝေဖန်ချင်ဘူး။ သူတစ်ပါးပြောတဲ့အတိုင်း လက်ဆင့်ကမ်း ပြောချလိုက်တာပဲ၊ ဟိုတလောက ဒီတစ်ခေတ်မှာ တော်တော် ကြီးကြီးမားမား မာစတာသတင်းစာဆရာ တစ်ယောက်က မြန်မာစာပေအကြောင်းကိုပြောသွားတယ်။ ဒီခေတ်စာရေးဆရာတွေဟာ ဟိုရှေးက ဦးသြဘာသတို့၊ နဝဒေးတို့ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးတွေရဲ့အဆင့်အတန်းကို မမီတော့ဘူးတဲ့၊ နဝဒေးတို့၊ ဦးသြဘာသတို့ ကောင်းပုံကောင်းနည်းက ဘယ်လိုပါလဲ။ ဒီခေတ် စာရေးဆရာတွေထက် ဘယ်လိုအချက်တွေမှာ သာပါသလဲလို့ မေးလိုက်လျှင် သူဘာမှပြောတတ်မှာ မဟုတ်ဘူး။ ရှေးကလူတွေက ပြောသွားလို့ သူက နောက်ကလိုက်ပြောခြင်းသာ ဖြစ်ရမယ်။ သူ့ကိုယ်ပိုင်ဉာဏ်နဲ့ပြောခြင်း မဟုတ်နိုင်ပါဘူး။ အမှန်ကတော့ ဒီခေတ်မှာ မြန်မာစာရေးတတ်သူ နည်းပါးခြင်းကတော့ ဟုတ်ပါတယ်။ သို့သော် ခုလက်ထက် ရေးသားကြတဲ့ မြန်မာစာက တစ်မျိုး။ ဦးသြဘာသတို့၊ နဝဒေးတို့ခေတ်က အရေးအသားက တစ်မျိုးပါ။ ဥပမာ ဦးသြဘာသကို သတင်းစာ ခေါင်းကြီးတစ်ပုဒ်၊ သို့မဟုတ် ဆောင်းပါးတစ်ပုဒ် ရေးခိုင်းမယ်ဆိုလျှင် စံနှုန်းနှာ တင်ထားလောက်တဲ့ ခေါင်းကြီးတစ်ပုဒ် ဖြစ်ကောင်းမှဖြစ်မယ်။ ဦးပုညရေးလျှင် ဖြစ်ကောင်းဖြစ်မယ်လို့ ထင်ပါတယ်။ ဒီခေတ်က အဖွဲ့အနွဲ့ခေတ်မဟုတ်၊ အလှအပခေတ်လဲ မဟုတ်၊ စာဖတ်သူ အမြန်ဆုံး နားလည်ပြီး လေးလေးပင်ပင်ရှိတဲ့စာမျိုး ရေးတတ်ဖို့က အရေးကြီးပါတယ်'

ပ။ 'ခေတ် လူတွေကို ညွှံ့ဘယ်ဆိုလို့ မခံနိုင်ဘူးလား ဆရာကြီး'

နိုပ်။ 'ဒီလိုမဟုတ်ပါဘူး။ လူညွှံ့တွေ ပေါ်နေသေးတာက တော့ ဟုတ်ပါတယ်။ သို့သော် နဝဒေးတို့၊ ဦးသြဘာသတို့နဲ့ နှိုင်းယှဉ်ခြင်းကတော့ နေရာမကျပါဘူး။ ကဗျာတွေ လင်္ကာတွေ ဘက်က ညံ့တယ်ဆိုလျှင်တော့ (ဆရာကိုယ်တိုင်လဲ နား မလည်ပါဘူး) ဟုဘ်လေမလား မဆိုနိုင်ဘူး။ စကားပြေ ဘက်ကတော့ ပုံစံချင်းမတူတဲ့အတွက် နှိုင်းယှဉ်ဆိုက်တယ်မထင် ပါဘူး'

ဒု။ 'စဉ်းစားဉာဏ် နှိုးဆွပေးတဲ့ စာပေမျိုးအကြောင်းကို ဆက်ပါဦး ဆရာကြီး'

နိုပ်။ 'အကြောင်းအရာတစ်ခုဟာ ဟုတ် မဟုတ်၊ မှန် မမှန်၊ သဘာဝကျ မကျကို ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစား ဆင်ခြင်လိုတဲ့ ပုဂ္ဂိုလ်မျိုး နည်းပါးပြီး၊ ရှေးကလူများ သွားထားတဲ့ လမ်း ကြောင်းအတိုင်း ထပ်ပြီးလိုက်ဘတ်တဲ့ လူများသာ ပေါ်များ တယ်လို့ ခုနက ပြောခဲ့တယ်မဟုတ်လား'

ပ။ 'ဟုတ်ပါတယ် ဆရာကြီး'

နိုပ်။ 'မြန်မာမြည်အပါအဝင် ဆရာတို့ အရှေ့တိုင်းသား များဟာ သည်အချက်မှာ အနောက်တိုင်းသားများထက် ညံ့ ရာကျတယ်လို့လဲ ပြောခဲ့ဘယ်မဟုတ်လား'

ဒု။ 'ဟုတ်ပါတယ် ခင်ဗျာ'

နိုပ်။ ‘စာရေးဆရာများထဲမှာလဲ ဗဟုသုတ အနေနဲ့ မှတ်သားထားစရာ ကလေးတွေကို ရေးသား တင်ပြချင်တဲ့ စာရေးဆရာမျိုးက ပေါများတယ်၊ စဉ်းစားစရာ၊ တွေးခေါ်စရာ၊ အကြံသစ်–ဉာဏ်သစ်များ တင်ပြဖို့ ကြိုးစားတဲ့လူက နည်းပါတယ်’

ပ။ ‘ဒါဟာ ဘာဖြစ်လို့လဲ ဆရာကြီး’

နိုပ်။ ‘မိမိကိုယ်တိုင်က ရှင်းရှင်းပြတ်ပြတ် စဉ်းစားတတ်တဲ့လူ၊ စဉ်းစားရဲတဲ့သူ၊ ထုတ်ဖော် တင်ပြရဲတဲ့လူများကသာ စဉ်းစားစရာ စာပေမျိုးကို ရေးနိုင်တယ်မောင်ရဲ့၊ ခုပြောတဲ့ အင်္ဂါမျိုးနဲ့ မပြည့်စုံရင် ဗဟုသုတ ဖြစ်စေဖို့နှင့် ဖတ်လို့ကောင်းတဲ့ ဝတ္ထုမျိုးလောက်သာ ရေးနိုင်မယ်၊ စဉ်းစားစရာမျိုးပါအောင် မရေးတတ်ပေဘူး’

ဒု။ ‘ဆရာကြီးက စာပေသုံးမျိုးအနက် အပျင်းပြေစာပေမျိုးနဲ့ ဗဟုသုတစာပေမျိုးထက် စဉ်းစားစရာပါတဲ့ စာပေမျိုးကို ဖတ်သင့်တယ်လို့ ဆိုလိုခြင်းလားခင်ဗျာ’

နိုပ်။ ‘ပထမနှစ်မျိုးကို မဖတ်ထိုက်ဘူးလို့ မဆိုလိုပါဘူး၊ သူ့အမျိုးနဲ့သူ ကောင်းတဲ့စာကို ရွေးပြီး ဖတ်တတ်ပါတယ်၊ စာဆိုတာ မျိုးစုံအောင်ဖတ်မှ ပြည့်ဝတဲ့လူတစ်ယောက်ဖြစ်နိုင်ပါတယ်၊ ဆရာပြောလိုခြင်းကပထမနှစ်မျိုးနဲ့ချည်း တင်းမတိမ်ဘဲ တတိယ အမျိုးအစားစာပေများကိုလဲ လက်မလွှတ်ကြဖို့ ပြောနေခြင်းဖြစ်ပါတယ်’

---

ယောမင်းကြီးစာပေ

ပ။ ‘တတိယ အမျိုးအစား စာပေမျိုးကတော့ ရှားမှာပေါ့နော်၊ ဆရာကြီးဝတ္ထုတွေထဲမှာ မပါပေဘူးပေါ့’

နိုင်။ ‘စာရေးသူရဲ့ ဝါသနာအပေါ်မှာတည်ပါတယ်၊ စဉ်းစားတဲ့ အလေ့အကျင့်ရှိတဲ့ စာရေးဆရာတစ်ယောက်ဟာ ဘာရေးရေး စဉ်စားစရာကလေးတွေ ညှပ်ညှပ်ပြီး ရေးတတ်တာပဲ၊ သို့သော် ဝတ္ထုထဲမှာတော့ ခေါင်းပေါ်းလိုဟာကထဲမှာ သာပြီး တွေ့ရတတ်တယ်ပေါ့လေ’

ဒု။ ‘စဉ်းစားစရာ စာပေမျိုးကိုဖတ်ရတဲ့ အကျိုးကျေးဇူးက ဘယ်လိုတုံး ဆရာကြီး’

နိုင်။ ‘တစ်ခြားစာပေမျိုးထက် ဒီစာမျိုးက ပညာပါရမီဖြစ်စေတတ်တယ်လို့ ခေါ်ယူဆတယ်’

ပ။ ‘ဘယ်ပုံဖြစ်စေတာလဲ ဆရာကြီးရယ်’

နိုင်။ ‘အပျင်းပြေတာမျိုး ဖတ်တဲ့လူဟာ...သူ့အကျိုးက အပျင်းပြေတာပဲရှိတယ်၊ ပြီးတော့လဲ ပြီးရော၊ ဗဟုသုတစာပေမျိုးကလဲ အပျင်းပြေစာပေမျိုးထက်တော့ ကြာရှည်တဲ့အကျိုးကျေးဇူး ဖြစ်စေတတ်တယ်ပေါ့လေ၊ သို့သော် သူ့အကျိုးက အလွန်ဆုံး တစ်ဘဝလောက်ပဲရှိတယ်၊ သူ့ဗဟုသုတကို ဟိုဘဝထိအောင် ယူမသွားနိုင်ဘူး၊ သူသေတော့ မေ့ကုန်တာပဲ’

ဒု။ ‘စဉ်းစားရတဲ့ စာပေမျိုးကတော့ နောင်ဘဝထိအောင် မမေ့ဘဲ ပါသွားနိုင်သလား ဆရာကြီးရယ်’

---

ဒုတိယအကြိမ်

နိုပ်။ 'ဒီလိုတော့ မဟုတ်ဘူးလေ....၊သို့သော် ပါရမီအဖြစ်နဲ့ ပါသွားနိုင်တယ်'

ပ။ 'ပါရမီအဖြစ်နဲ့ ဘယ်ပုံ ပါနိုင်ပါသလဲ ဆရာကြီးရယ်'

နိုပ်။ 'စဉ်းစားတယ် ဆိုတဲ့အလုပ်ဟာ ဉာဏ်အလုပ်၊ ပညာအလုပ်ခမောင်ရဲ့၊ စဉ်းစားတတ်တဲ့ အထုံကလေးပါမှ စဉ်းစားနိုင်တတ်တယ်၊ နို့မဟုတ်ရင် ရှေးကလူကြီးတွေရဲ့ စကားကို အလွယ်တကူလက်ခံပြီး ယုံလိုက်ချင်တာပဲ၊ ဘယ်သတင်းစာက ဘယ်လိုရေးတယ်ဆိုရင် ဘုရားဟောလို ယုံလိုက်ချင်တာပဲ၊ ဟုတ်မဟုတ်၊ မှန်မမှန်၊ သဘာဝကျမကျ စဉ်းစားချင်တဲ့လူ၊ စဉ်းစားတတ်တဲ့လူ ရာခိုင်နှုန်း အင်မတန်နည်းတယ်၊ မယုံသင့်တာကိုယုံ၊ ယုံသင့်တာကိုမယုံ အလွဲလွဲ အချော်ချော်တွေ ဖြစ်ကုန်တတ်တယ်'

ဒု။ 'ဆရာကြီးပြောတဲ့ စာမျိုးကိုဖတ်တော့ စဉ်းစားဉာဏ်ပွင့်ပြီး အမှားအမှန်တွေကို တစ်ခါတည်း သိသွားရော့လား ခင်ဗျာ....'

နိုပ်။ 'သည်လို ပြောခြင်း မဟုတ်ပါဘူး၊ ဆရာဆိုလိုတာက စဉ်းစားစရာ စာပေဆိုတာမျိုးဟာက ဖတ်ကြည့်လိုက်ရင် လူတကာယူဆနေကြတဲ့ အယူအဆမျိုးနဲ့ ကွဲလွဲသော်လည်း သဘာဝ အတော်ကျပုံရတဲ့ အကြောင်းပြချက်ကလေးတွေ ပါရှိလေတော့ စဉ်းစားချင်စရာ ဖြစ်လာတဲ့စာမျိုးကို ဆိုလိုပါတယ်၊ သူတစ်ပါးနဲ့ကွဲလွဲတိုင်း လိုက်ပြီး စဉ်းစားမနေနိုင်ဘူး၊ အကြောင်းပြပုံ

ဘယ်လိုလဲလို့ ကြည့်ရလိမ့်ဦးမယ်၊ အရမ်းလျှောက်ပြီး ကလော်တဲ့ စာမျိုးဟာလဲ ဆရာပြောလိုတဲ့ စာမျိုးမဟုတ်ပါဘူး’

ပ။ ‘အကြောင်းပြကောင်းကောင်းနဲ့ ရေးထားတဲ့စာမျိုး ဖတ်တော့ အမြင်မှန်ရရောလား ဆရာကြီး’

နိုင်။ ‘ဒီလိုလဲမဆိုလိုဘူး၊ စာရေးဆရာက ကိုယ့်ထက်ညဏ်သာပြီး ကိုယ့်ကို လှည့်စားသလိုဖြစ်လို့ အမှားနောက်ကို ကိုယ်ပါသွားခြင်းမျိုးလဲ ရှိနိုင်တယ်၊ သို့သော် ကိုယ်မှာ ညဏ်နဲ့သေးလို့ဖြစ်ရခြင်းပဲ၊ စဉ်းစားညဏ် ရင့်သန်လာလို့ အဆင့်အတန်းမြင့်လာတဲ့အခါကျတော့ တော်တော်လူ လှည့်စားလို့မရတော့ဘူး’

ဒု။ ‘သဘာဝကျ မကျကို ဘယ်လို ဆုံးဖြတ်ရမှာလဲ ဆရာကြီး’

နိုင်။ ‘ဒီစကားဟာ ဒီခေတ်မှာ အင်မတန် လူသုံးများနေတယ်၊ တစ်ခုခုကို သဘောကျလာပြီဆိုရင် သဘာဝကျတယ်လို့ ပြောတတ်ကြတယ်၊ သို့သော် သဘာဝကျ မကျကိုဆုံးဖြတ်နိုင်တဲ့ ညဏ်ဆိုတာမျိုးက အဆင့်အတန်း အပုံကြီးမြင့်ပါတယ်၊ တော်တော်လူ မမှီနိုင်ပါဘူးထင်တယ်’

ပ။ ‘ပါရမီရင့်ပုံ ပြောပါဦး ဆရာကြီး’

နိုင်။ ‘စဉ်းစားစရာ ဖြစ်စေလောက်အောင် အကြောင်းပြကောင်းကောင်းနဲ့ ရေးထားတဲ့ စာမျိုးကိုဖတ်ပါများတဲ့ လူတစ်ယောက်ဟာ နေရာတကာတိုင်းမှာ စဉ်းစားညဏ်ကို လက်

မလွတ်ချင်တတ်ဘူး၊ စဉ်းစားပြီးလို့ ယုံသင့်မှသူ ယုံကြည်မယ်။ အဲဒီလို စဉ်းစားဖန်များတော့ သဘာဝကျ မကျ ဆုံးဖြတ်နိုင်တဲ့အစွမ်းသတ္တိဟာလဲ သူ့မှာ တိုးတက်လာတယ်။ သည်အလေ့အထုံဟာသည်ဘဝမှာတင်ပြီးဆုံးမသွားစကောင်းဘူး။ဝါသနာဘာဂီဆက်တိုင်းမှီ ဆိုတဲ့အတိုင်း ဘဝဆက်တိုင်း ပါသွားရမယ်၊ ကာမာဝစရ ကုသိုလ်ကံအကျိုးပေး နိမ့်ကျတဲ့ဘဝမှာ လူဆင်းရဲဖြစ်ချင်ဖြစ်မယ်။သူတောင်းစားဖြစ်ချင်ဖြစ်မယ်။ထောင်ကျချင်ကျမယ်။ သို့သော် သူ့ရဲ့ စဉ်းစားဆင်ခြင်တတ်တဲ့ အလေ့အထုံဟာကတော့ ဘဝဆက်တိုင်း ပါသွားရမှာပဲ။ ဒီလူမျိုးဟာ မာစီဒီးကားကြီးပေါ်က "လူပေါ်"သူဌေးကြီးထက်သာတယ်လို့ မဆိုသင့်ဘူးလား မောင်ရယ်'

ဒု။ 'ဒီစာမျိုးကိုဘယ်မှာတွေ့နိုင်သလဲ ဆရာကြီး'

နုပ်။ 'ရေးတဲ့ စာရေးဆရာပေါ်မှာတည်တာပဲ။ ဆရာပြောတဲ့ အထုံဝါသနာမျိုးပါလာတဲ့ ပုဂ္ဂိုလ်မျိုးကရေးလျှင်ဘာရေးရေး စဉ်းစားစရာကလေး မလွတ်တတ်ဘူး။ ဒီစာမျိုးဘယ်မှာရှိတယ်လို့ မေးမနေနဲ့ စာကို ကောက်ဖတ်ကြည့်လိုက်လျှင် ဆရာပြောတဲ့သဘောမျိုး ပါမပါကို အမောင်တို့ဆုံးဖြတ်နိုင်လောက်တယ် မဟုတ်လား'

ပ။ 'နားလည်ကောင်းပါရဲ့ ဆရာကြီး'

နုပ်။ 'ဒါကြောင့် စဉ်းစားစရာပါတဲ့ စာပေမျိုးကိုဖတ်ခြင်းသည် ပါရမီပြည့်တဲ့သဘောသက်ရောက်တယ်လို့ ဆရာကြီးပြောခြင်းဖြစ်တယ်' ။ဝ။

---

ယောမင်းကြီးစာပေ

# ‘နွားသိုး’ခေါ် ‘မိုးကြိုး’နှင့် ကျွန်ုပ်

ကုန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း၌ မိုးကြိုး(ဦးအုန်းခင်) သည် ကျွန်ုပ်၏နေအိမ်သို့ သုံးခေါက်တိုင်တိုင် လာရောက်ရာ တစ်ခေါက်တည်းသာ ကျွန်ုပ်နှင့် တွေ့ရသည်။ တတိယအခေါက် မှာ ဘာကိစ္စများ အရေးကြီး၍ သုံးခေါက်တိုင်တိုင် လာနေရ သနည်းဟု ကျွန်ုပ် အံ့သြလျက် လက်ခံစကားပြောရာတွင် အံ့သြ ခြင်းထက် ဝမ်းသာခြင်းဘက်ကပင် အလေးချိန်ပိုသွားပါသေး သည်။ မိုးကြိုးက သူအချုပ်ခံရချိန်တွင် ကျွန်ုပ်၏ ‘ဒိဋ္ဌေဒိဋ္ဌ မတ္တံ’ စာအုပ်ကို ဝယ်ဖတ်သဖြင့် အလွန် သဘောကျကြောင်း၊ အချုပ်ခံရသောကြောင့်သာ (ပျင်းပျင်းနှင့်) ဝယ်ဖတ်မိခြင်း ဖြစ်၍ အချုပ်ခံရခြင်းအတွက်ပင် ကျေးဇူးတင်ရမလို ဖြစ်နေ ကြောင်း ပြောပြပြီးလျှင် ကျွန်ုပ်နှင့်အတူ ဆယ်ရက်ခန့်လောက် တရားအားထုတ်လိုကြောင်း၊ ကျွန်ုပ် လိုက်နိုင်ပါက ကျေးဇူး တင်မည်ဖြစ်ကြောင်း ပြောလေသည်။

## မျက်နှာလိုက်မိခြင်း

ကျွန်ုပ်သည် မိုးကြိုးကိုကား မျက်နှာ လိုက်မိပါလေပြီ။ ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်ကို ဖတ်ရှုရသည့် စာဖတ်ပရိသတ်

ဒုတိယအကြိမ်

အချို့က (ဦးပဉ္ဇင်းကလေးများလည်းပါသည်) ကျွန်ုပ်ထံသို့ လာ၍ တရားအားထုတ်နည်းကို လက်ထပ်ဘင်ပြုဖို့ တောင်းပန်ကြသော်လည်း မအားမလပ်ခြင်းကို အကြောင်းပြကာငြင်းပယ်လိုက်မိသူတို့သာ များပါသည်။ မိုးကြိုးအားမူ ချက်ချင်းပင် ကျွန်ုပ် ကတိပေးလိုက်မိ၏။ ရဟန်းတော်များမှာမူ အလှူခံ ပုဂ္ဂိုလ်များဖြစ်၍မျက်နှာချိုသွေးမည်ဆိုက အကြောင်း၊ ကောင်း ရှိပေသေးရာ ဘယ်သူ့ထံက ဘာတစ်ခုမျှ မျှော်လင့်ချက် မထားဘဲ ကိုယ့်ဘာကိုယ် လုပ်စားရသည့်ကျွန်ုပ် ၏ ရက်တရက် ချက်ချင်း ကတိပြုလိုက်မိခြင်းအတွက် ကိုယ့်ဘာကိုယ် အံ့သြမိပါ သေးသည်။ သို့ဖြစ်၍ လာမည့် ဖေဖော်ဝါရီလလောက်တွင် ပုပ္ပားတောင်သို့ အတူသွားပြီးတရားအားထုတ်ကြမည့်ရက်ချိန်း သတ်လိုက်ကြပါတော့သည်။

## နေ့ရာရှေ့ရှုခြင်း

ဖေဖော်ဝါရီသို့ ရောက်သောအခါ 'မိုးကြိုး' မှာလည်း ဦး-ဗိုလ်-သခင်ကိစ္စ တန်းလန်းရှိ၍ ကျွန်ုပ်မှာလည်း မော်စကိုသို့ သွားရန် ကိစ္စ ပေါ်လာသည်နှင့် ပုပ္ပားသို့ မသွားဖြစ်ကြဘဲ ဇူလိုင်လ ၅ ရက်နေ့တွင်မှ မိုးကြိုး ရောက်လာပါသည်။ သို့ပါသော်လည်း ကျွန်ုပ်တို့သည် ပုပ္ပားတောင်သို့ သွားကြရန် အကြောင်းမညီညွတ်သည်နှင့်အမရပူရမြို့ မဟာဂန္ဓာရုံကျောင်း တိုက်သို့ သွားရောက်အားထုတ်ကြရန် ဆုံးဖြတ်ကြလေသည်။ ဆရာတော် အရှင် ဇနကာဘိဝံသသည် ကျွန်ုပ် ဆက်ကပ်လှူဒါန်း ဖူးသည့် ဒိဋ္ဌေဒိဋ္ဌမတ္တံ စာအုပ်ကို ဖတ်ရှုဖူးသည်ဖြစ်၍ ကျွန်ုပ်

* သောမင်းကြီးစာပေ

အကြောင်းကိုလည်း သိခဲ့တော်မူပြီးဖြစ်၍ 'မိုးကြိုး'နှင့် ကျွန်ုပ်တို့ နှစ်ယောက် တရားအားထုတ်ဖို့ လာကြောင်း လျှောက်ထားသည်တွင် ဝမ်းမြောက်စွာ လက်ခံ၍ ကမ္မဋ္ဌာန်းကျောင်း နှစ်ကျောင်းကို ကျွန်ုပ်တို့အတွက် အထူးတလည် နေရာချထားပေးရန် စီမံတော်မူပါသည်။ ဤအတောအတွင်း ဆရာဝန် ဒေါက်တာ သာလှကလည်း ကျွန်ုပ်တို့အကြောင်းကို ကြား၍ ထက်သန်သည့် စေတနာ သဒ္ဓါ တရားဖြစ်ပေါ်လာသည့် လက္ခဏာနှင့် မဟာဂန္ဓာရုံကျောင်းတိုက်တွင် ကျွန်ုပ်တို့ တရားအားထုတ်နေသမျှကာလပတ်လုံး နံနက်စာအတွက် တာဝန်ယူဖို့ ကတိပြုပါသည်။

## အကဲခတ်ခြင်း

ဇူလိုင်လ ၆ ရက်နေ့ညနေတွင် မိုးကြိုးနှင့် ကျွန်ုပ်တို့သည် မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်သွားကြ၍ အရိပ်အာဝါသ ကောင်းလှသည့် ကျောင်းတိုက်ကြီးတောင်ဘက်အစွန်း တစ်နေရာတွင် ပြင်ဆင်ထားသည့် ကမ္မဋ္ဌာန်းကျောင်းကလေးများသို့ တစ်ကျောင်းစီ ဝင်ကြပါသည်။ ကျွန်ုပ်သည် 'မိုးကြိုး'၏အရိပ်အကဲကို ကြည့်လျက်ရှိ၏။ အကဲခတ်ရခြင်း၏ အကြောင်းကား ဤသို့တည်း။ ကျွန်ုပ်သည် အသက် ၁၅ နှစ်အရွယ်တွင် တရားအားထုတ်ပြီး သင်္ကန်းဝတ်ခဲ့စဉ်အခါကမူ မိမိသိသမျှကလေးကို အလွန် ဟောချင် ပြောချင် ဖြစ်ခဲ့ဖူး၏။ မည်းခနဲလူရိပ်မြင်လျှင် ဟောလိုက်ချင်၏။ ဤနောက်ပိုင်း၌ ရှုမဝ မဂ္ဂဇင်းတွင် လောကုတ္တရာရေးရာဆောင်းပါးများရေး၍ ဒိဋ္ဌေဒိဋ္ဌမတ္တံကျမ်း

စာအုပ် ရိုက်ထုတ်ပြီးသည့်အခါ၌မူကား ကျွန်ုပ်သည် အဟော အပြောထက် အရေးဘက်၌ ကျွမ်းကျင်ခြင်းကို ကိုယ်တိုင်ကိုယ် သိသည် တစ်ကြောင်း၊ သိချင်သူရှိလျှင် စာအုပ်ကိုဖတ်သိမ့်မည်၊ ခက်ခဲနက်နဲလှသော ပရမတ္ထ သဘာဝ အကြောင်းအရာကို လေကုန်ခံပြီး လူတွေတိုင်း ဟောပြခြင်းအားဖြင့် အကျိုးများ နိုင်မည် မဟုတ်ဟု သဘောပေါက် နားလည်ထားသည် တစ် ကြောင်းကြောင့် တရားနှင့်ပတ်သက်၍နှုတ်ဆိတ်သူတစ်ယောက် ဖြစ်လာခဲ့ပါသည်။ သို့ဖြစ်၍ မိုးကြိုးက ကျွန်ုပ်နှင့်အတူ တရား အားထုတ်လိုပါသည် ဆိုခြင်း၌ ကျွန်ုပ်ထံမှ နည်းနာနိဿယ ခံယူ လိုခြင်း ဖြစ်ပါမူ သူကမေးလိမ့်မည်။ သို့မဟုတ် တောင်းပန်လိမ့် မည်ဟု အောက်မေ့ကာ စောင့်ကြည့်နေမိခြင်း ဖြစ်ပါသည်။

## တပည့်ခံ၍ ခက်နေသည်

မိုးကြိုးသည် ကျွန်ုပ်အား မေးမြန်းခြင်းလည်း မရှိသည်နှင့် တရားအားထုတ်နည်းနှင့် ပတ်သက်၍ ကျွန်ုပ်က ဆရာလုပ်ချင် သည်ဟု ထင်မည်စိုးသည်နှင့် တရားနှင့်ပတ်သက်သည့် သာမန် စကားမျိုးမျှလောက်သာ အပြန်အလှန် ပြောကြပြီး ဆရာ တပည့် အပြောမျိုးဆို၍ သုံး၍ မပြောကြချေ။ ဤတွင် ကျွန်ုပ် စဉ်းစားမိပါလေပြီ။ 'မိုးကြိုး'သည် မဟာစည် ဆရာတော်၏ ဆရာဖြစ်ခဲ့ဖူးသော ဇေတဝန်ဆရာတော်ဘုရားကြီး၏ နည်းနာ နိဿယအတိုင်း ကျင့်ကြံအားထုတ်ခဲ့ဖူးသည်ဟု ကျွန်ုပ်အားပြော ဖူးရာ ကျွန်ုပ်၏စာအုပ်ကို သဘောကျလှသည် ဆိုသော်လည်း အချို့သော နေရာများတွင် အဆင်တူသည့် အချက်သာ

သဘောကျခြင်းဖြစ်သည်။ ကျွန်ုပ်ထံမှ အဖြည့်အစွက် သဘော နှင့် တစ်စုံတစ်ရာ နည်းနာခံယူလိုသောကြောင့် မဟုတ်တန်ရာ။ တစ်ကြောင်းမှာလည်း သူသည် သဘင်းစာတိုက် ပိုင်ရှင်ကြီး တစ်ယောက် ဖြစ်ပေသည်။ ငါမူကား ရဟန်းလည်း မဟုတ်။ နာမည်ကြီးသည့် ဓမ္မကထိက တစ်ယောက်လည်းမဟုတ်။ သူ့ ထက် အသက်ကြီးရုံမျှတစ်ပါး ဘာဂုဏ်ဒြပ်နှင့်မျှလည်းမပြည့်စုံ၊ ငါသို့သော လူတစ်ယောက်ထံမှ နည်းနာနိသျ တောင်းယူဖို့ အဘယ်မှာ ဖြစ်နိုင်ပါပေ အံ့နည်းဟု စဉ်းစားမိပါသည်။ သို့ ဖြစ်၍ ထိုညတွင် မိုးကြိုးသည် သူ့နည်းနှင့်သူ အားတုင်ဟန် တူပေရာ ကျွန်ုပ်မှာလည်း ပထမညတွင် (ဗုဒ္ဓါရမ္မဏ) ဘုရား၏ ဉာဏ်တော်ကို ဆင်ခြင်အောက်မေ့ကာမျှဖြင့် အချိန်ကုန်လွန် စေခဲ့ရပါသည်။

## သဗ္ဗညုတဉာဏ်တော်

ဗုဒ္ဓ၏ ဉာဏ်တော်ကို ချီးကျူးသည်ဆိုရာ၌ ကျွန်ုပ်ချီးကျူး အံ့ဩမိပုံကို ရှင်းလင်းဖော်ပြလိုပေသည်။ ဗုဒ္ဓသည်ခပ်သိမ်းသော တရားတို့ကို သိတော်မူသည့် သဗ္ဗညုတဉာဏ်တော်နှင့် ပြည့်စုံ တော်မူသည်ဆိုခြင်းအားဖြင့် များစွာသော ဗုဒ္ဓဘာသာဝင်တို့က ဤအကြောင်းအရာ ထိုအကြောင်းအရာမှစ၍ အလုံးစုံသိတော်မူ သည်ဆိုကာ 'သောင်းပြောင်း' သဘောဖြင့် နားလည်တတ်ကြ လေသည်။ အချို့ကမူ ဗုဒ္ဓသည် သံသရာ၏အစကို တိတိကျကျ ဟောတော်မူခဲ့ခြင်းအတွက်ကြောင့် အလုံးစုံသော တရားကို သိတော်မူသော ဂုဏ်ပုဒ်နှင့် ပတ်သက်၍ သံသယဖြစ်သကဲ့သို့

ရှိတတ်ကြ၏။ အချို့ကလည်း ဗုဒ္ဓသည် အကျမ့်မှုံးအကြောင်း ကိုလည်း သိသည်။ လေယာဉ်ပျံလည်း လုပ်မည်ဆိုက လုပ်တတ် သည်။ အကျိုးမများသောကြောင့်သာ ဟောတော်မမူဘဲထား ခဲ့သည်ဟု တွေးဆတတ်ကြ၏။ အချို့ကလည်း ဗုဒ္ဓမကျွန်းမဟာ ရှိတော်မူသည့်အခါ ဆရာဇီဝကကိုခေါ်၍ ကုသစေရမည် ဖြစ် သောကြောင့် လောကီအတတ်ပညာဟူသမျှကို တတ်ကျွမ်း တော် မူပါ၏လော။ အကယ်၍ မတတ်ကျွမ်းနိုင်ဟု ဆိုပါလျှင် သဗ္ဗညုတဉာဏ်ဆိုသောဂုဏ်ပုဒ်နှင့် ကိုက်ညီပါမည်လောဆိုကာ သံသယဖြစ်နိုင်ကြ၏။ ကျွန်ုပ်မှုကား တစ်စုံတစ်ခုသော အခြင်း အရာကို ချီးကျူးတော့မည် ဆိုလျှင် ကျွန်ုပ် နားလည် လက်လှမ်းမီသော အရာမျိုးကိုမှ ချီးကျူးချင်တတ်သည်။ သို့မှလည်း လိုက်လိုက်လှဲလှဲ ချီးကျူး၍ဖြစ်နိုင်မည်ဟု ကျွန်ုပ် သဘောကျထားသည်။

## ကျွန်ုပ် ကြည်ညိုသောဉာဏ်

ရှင်းဦးအံ့။ ဉာဏ်ဟူသည်မှာ သိခြင်းဟူ၍ အဓိပ္ပာယ်ရှိသော်လည်း ပိတ်ထားသောသေတ္တာထဲ၌ မည်သည့်ဝတ္ထုပစ္စည်း ရှိသည်ဟူ၍ သိခြင်း၊ ပထဝီမြေကြီးအလယ်၌ ဘာရှိသည်ဟု သိခြင်း၊ လူ တစ်ယောက်၏ စိတ်အကြံကိုသိခြင်း စသည်တို့မှာ ဉာဏ်၏အလုပ် ပင် ဖြစ်လေသည်။ ဤအလုပ်မျိုးသည် ခက်ခဲသော အလုပ် များ ဖြစ်ကြသော်လည်း ကျွန်ုပ်သည် ဤသို့သော ဉာဏ်မျိုးကို လိုက်လိုက်လှဲလှဲ ချီးကျူးချင်လောက်အောင် မဖြစ်ခဲ့ချေ။ ဤသို့သော ဉာဏ်မျိုးတို့ကို ကျွန်ုပ်တို့ကမူ မျက်လှည့် (magic)

အတတ်မျိုးမျှလောက်သာ တန်ဖိုးထားမည် ဖြစ်ကြလေသည်။ ဤမျှလောက်သောဉာဏ်မျိုးကိုမူ လုံလောက်အောင် လေ့ကျင့်ထားပါက ဖြစ်နိုင်သောပုဂ္ဂိုလ်များ ရှိကြလေသည်။ သို့ရာတွင် ကျွန်ုပ်သည် မည်သို့သောဉာဏ်မျိုးမှ အဟုတ်တကယ် ချီးမွမ်းအံ့သြပါသနည်း။ ကိစ္စတစ်ခုဖြစ်သည့်အခါ အကြောင်းတရားကား ဤသို့၊ အကျိုးတရားကား ဤနှယ်ဟူ၍ မလွဲမသွေ တပ်အပ် သေချာ တိကျမှန်ကန်စွာ ထောက်၍ပြနိုင်သော ဉာဏ်ကို ကျွန်ုပ် ချီးမွမ်းသည်။ ဤဉာဏ်သည် (ကျွန်ုပ်အထင်အားဖြင့်) လောကတွင် အနက်နဲဆုံး၊ တန်ဖိုးအမြင့်ဆုံးဖြစ်၍ ဂေါတမဗုဒ္ဓ၌ သူတစ်ပါးနှင့်မတူအောင် အပြည့်အစုံ ရှိတော်မူသည်ဟု ကျွန်ုပ်ယုံကြည်သည့် အတွက်ကြောင့် ဗုဒ္ဓကို လိုက်လိုက်လဲလဲ ကျွန်ုပ်ကြည်ညိုခြင်းဖြစ်ပါသည်။

### တပ်၍ရှင်းခြင်း

ကိစ္စတစ်ခု ဖြစ်သည့်အခါ အဘယ်သို့သော အကြောင်းကြောင့် ဖြစ်သည်ကို သူငါကစ မှန်းဆလေ့ရှိကြ၏။ အချို့လည်း အလွဲလွဲအချော်ချော် တွေးခေါ်မိကြ၏။ အချို့လည်း မှန်တော့မှန်ပါ၏၊ သို့သော် အကြောင်း တစ်ခုတလေမျှသာ တွေးဆတတ်ကြ၏။ အနည်းငယ်မျှသော ပါရမီရှင်များကမူ အကြောင်း ၂-ခု ၃-ခု မျှကို မှန်ကန်အောင် တွေးတတ်ကြ၏။ သို့သော် သေလုံအောင် တွေးတတ်ကြ၏။ သို့သော် သေလုံအောင် တွေး၍ ပြည့်စုံခြင်းလည်းမရှိကြ။ ဗုဒ္ဓမူကား ကိစ္စတစ်ခု ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ အကြောင်းပေါင်း များ

စွာတို့ကို တစ်ချက်တည်းနှင့် ပြည့်စုံမှန်ကန်အောင် ဒေါက်ခနဲ ထောက်ပြနိုင်သည့် ဉာဏ်တော်ရှင်ဖြစ်သည်ဟု ကျွန်ုပ်ယုံကြည် သည်။ ကျွန်ုပ်သည် ဤဉာဏ်တော်ကို အကြည်ညိုဆုံးဖြစ်၏။ ယခုပေါ်လာသော ကိစ္စတစ်ခုကိုအကြောင်းပြု၍ မည်သို့သော အကျိုးတရားများ ဖြစ်ပေါ်နိုင်သည်ဆိုခြင်းကိုလည်း ဂေါတမ ဗုဒ္ဓမှ တစ်ပါးသော ပုဂ္ဂိုလ်များသည် (ရဟန္တာမကျန်) အမှန်း အဆအားဖြင့်သာ ပြောပြ၍ မှန်သည်မှားသည် ရှိနိုင်သော် လည်း ဗုဒ္ဓမူကား အကြောင်းတရားများနှင့်တကွ အကျိုး တရားများကို တိကျမှန်ကန်စွာ တစ်ချက်တည်း ထောက်ပြ တော်မူနိုင်သည့် ဉာဏ်တော်ရှင်ဖြစ်လေသည်။ သစ္စာလေးပါး ကို ဆရာမရှိ မိမိအလိုလို ထိုးထွင်း၍ သိတော်မူသည်ဆိုခြင်းမှာ လည်း ဤဉာဏ်တော်၏ အစွမ်းသတ္တိပင်ဖြစ်လေသည်။

ပြည့်စွက်၍ ရှင်းဦးအံ့

ကမ္ဘာလောက၌ ဤခေတ်လူများသည် လောကကြီးကား ကောင်းသည်၊ သို့မဟုတ် ချမ်းသာသုခ ရှိသည်ဟု ထင်မှတ်ကြ သည့် အလျောက်၊ လောကကြီးအတွင်း၌ သုခချမ်းသာရှာ လျက် ရှိကြသော်လည်း အိန္ဒိယပြည်တွင် ဗုဒ္ဓလက်ထက်တော်၌ လောကကြီးသည် ဆင်းရဲသည်ဟု ယူဆသူများရှိကြ၍ လွတ်ရာ လွတ်ကြောင်း နည်းလမ်းများ ရှာဖွေကြသူများလည်း ရှိခဲ့ ကြ၏။

အချို့က အလွန်အမင်း ပြင်းထန်သော အကျင့်မျိုးဖြင့် ကြိုးစားအားထုတ်ကြ၍ အချို့လည်း အားရအောင်ပျော်လိုက်

လျှင် တဏှာကုန်ခန်းသည်ဆိုကာ ကာမဂုဏ်စည်းစိမ်ကို အစွမ်းကုန် ခံစားကြသည်ဆို၏။ ထိုသူများသည် လောက၏ ဆင်းရဲခြင်းအကြောင်းကို ရိပ်မိကြဟန်ရှိသော်လည်း လွတ်မြောက်ရေး လမ်းစဉ် သို့မဟုတ် လွတ်မြောက်ရာ လွတ်မြောက်ကြောင်းတရားကို ရှာဖွေ၍မတွေ့ကြဘဲ ရမ်းစမ်းပြီး ကျင့်ကြံအားထုတ်ကြ၏။ ဗုဒ္ဓမူကား ဒုက္ခ၏အကြောင်းသည် သမုဒယဖြစ်သည်ဟူ၍လည်းကောင်း၊ ဒုက္ခချုပ်ငြိမ်းခြင်းအကြောင်းသည် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ဖြစ်သည်ဟုလည်းကောင်း ထိုးထွင်း၍ သိမြင်တော်မူသည်။ စင်စစ်မှာ သစ္စာလေးပါးဟူသည်ကား အခြားမဟုတ်။ အကြောင်းတရားနှင့် အကျိုးတရားတို့ပင်ဖြစ်၍၊ သစ္စာလေးပါးကို သိခြင်းဟူသည် အကြောင်းတရားနှင့် အကျိုးတရားတို့ကို သိသော ဉာဏ်ပင် ဖြစ်ပေရာ၊ အကြောင်းတရားနှင့် အကျိုးတရားတို့အနက်တွင် သစ္စာလေးပါး တရားသည် အကြီးကျယ် အမြင့်မြတ်ဆုံးသော တရားကြီးပေတည်း။ ဤတရားကြီးကို ဆရာမရှိ မိမိအလိုလို သိတော်မူရှိသာမက (ရင့်ကျက်သော)သတ္တဝါ ဝေနေယျတို့ သိနားလည်အောင် ဝေါဟာရ ပညတ်အခေါ်အဝေါ်များ (Coined Words)တီထွင်ကာ ဟောပြောနိုင်သည့် ဉာဏ်တော်ကို ကျွန်ုပ်အာရုံပြုကာ လိုက်လှဲစွာ ကြည်ညိုခြင်း ဖြစ်ပါသည်။

**လမ်းပြောင်း၍ အားထုတ်ခြင်း**

ဦးအုန်းခင်နှင့် ကျွန်ုပ်သည် ဇူလိုင်လ ၆ ရက်နှင့် ၇ ရက်နေ့များ၌ ကိုယ့်နည်းနှင့်ကိုယ် အားထုတ်ကြ၏။ သူသည် ကျွန်ုပ်၏

ဒိဋ္ဌေဝဓမ္မသတ္တံ နည်းကို သဘောကျလှသည်ဟု 'သူ၏ စကား မစပ်' ခန်းတွင် ဝန်ခံထားခြင်းကို ဤနေရာကပိုင်း၌ ဖတ်လိုက်ရသော်လည်း ကျွန်ုပ်ကမူ ကျွန်ုပ်ထံ ဦးတိုက် နားမလည်ဘဲနှင့် 'ခရေစေ့တွင်းကျ' ပြောပြခြင်းအားဖြင့် ဆရာ မလုပ်လိုသည်နှင့် စကားစပ်မိလောက်ရုံ အနည်းအကျဉ်းမျှလောက်သာ ဆွေးနွေးသည့်အနေဖြင့် ပြောပြမိပါသည်။ (တရားဆွေးနွေးခြင်းနှင့် 'နည်းခံ' ခြင်းသည် တခြားစီဖြစ်သည်ဟု ကျွန်ုပ်နားလည်သည်။)

မေတ္တာနှင့်ပညာ

ကျွန်ုပ်သည် 'ပညာလမ်း' ဖြစ်သောဒိဋ္ဌေဝဓမ္မသတ္တံ (ဝိပဿနာ) အလုပ်ကို ဦးအုန်းခင်နှင့် အားထုတ်ရာတွင် အားထုတ်လက်စဖြစ်သော အလုပ်ကို ဆက်လက်အားထုတ်ခြင်းမျှသာဖြစ်၏။ ဒိဋ္ဌေဝဓမ္မသတ္တံကျင့်စဉ်နှင့်ပတ်သက်၍ ကျမ်းကစ်စောင်တစ်ဖွဲ့ရေးသားစီရင်ခဲ့ပြီးသော်လည်း ဒေါ်သကုန်ခန်း၍ ယခင်ထက်ပိုင်နိုင်ပြီး ရဲတင်းစွာ ရေးနိုင်သည့် အဆင့်သို့ ရောက်အောင်ကြိုးစားလိုသော ရည်မှန်းချက်ရှိ၏။ ဤသို့ဖြင့် မိမိအဖို့ တိုးတက်ခြင်း၊ သူတစ်ပါးတို့အားလည်း သံသယ ကင်းရှင်းအောင်ရှေးပြနိုင်ခြင်းတည်းဟူသော (အတ္တဟိတ-ပရဟိတ) အကျိုးနှစ်ခု ပြီးစီးစေလိမ့်မည်ဟု သဘောရ၏။ တက္ကသိုလ် အဖြစ်အပျက်ကို ကြားရသောအခါ သူတစ်ပါးအား လမ်းပြနိုင်သည့် 'ပညာ' အလုပ်ထက် မေတ္တာအလုပ်သည် ကျွန်ုပ်တို့ တိုင်းပြည်အတွက် သာ၍ အရေးတကြီး လိုအပ်သည်ဟု ထင်မြင်သဘော ရရှိလာပါတော့သည်။ (မေတ္တာ အလုပ်နှင့်

ပတ်သက်၍ ဆိုဗီယက်ယူနီယံ၌ ကျွန်ုပ်၏ အောင်မြင်မှုများ အကြောင်းကို တစ်သက်တာ မှတ်တမ်းတွင် ဖော်ပြခဲ့ပါသည်။) မေတ္တာတရားသည် လောကနယ်နိမိတ်အတွင်း၌ မည်သည့် အရာနှင့်မျှ မတူအောင် တန်ခိုးအာနိသင် ကြီးမားသည်ဟု ကျွန်ုပ် ယုံကြည်လျက်ရှိရာ တိုင်းပြည်တစ်ပြည်တွင် မေတ္တာ စိတ်ဓာတ် လုံလောက်အောင် ကြီးမားပြင်းထန်သူ တစ်ယောက်စ နှစ်ယောက်စရှိသည်ဆိုလျှင် တစ်ပြည်ထောင်လုံးအတွက်အသိုက်အလျှောက် ငြိမ်းချမ်းခြင်း ဖြစ်စေနိုင်ကောင်းသည် ဟူ၍လည်း ကျွန်ုပ် ယုံကြည်၏။

ကျွန်ုပ်ကိုယ်တိုင်အဖို့၌ မေတ္တာစိတ်ဓာတ် ပြင်းထန်သော အဖြစ်သို့ ရောက်နိုင်မည် မရောက်နိုင်မည်ကား မသေချာ။ ရောက်နိုင်ခဲ့လျှင် ကျွန်ုပ်အဖို့ လည်းကောင်း၊ တိုင်းသူပြည်သား အဖို့ လည်းကောင်း ငြိမ်းချမ်းမှု ဖြစ်စေလိမ့်မည်ဟူ၍မူကား သံသယ ကင်းရှင်းစွာ ယုံကြည်လျက် ရှိပါသည်။ သို့ဖြစ်၍ ကျွန်ုပ်သည် ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျင့်စဉ် တည်းဟူသော ဝိပဿနာ(ပညာ) အလုပ်ကို ချထားပြီး ရှုရှားပြည်၌ လုပ်လက်စရှိခဲ့သည့် မေတ္တာပွားများခြင်း အလုပ်ကို ပြန်ကောက်ဖို့ ဆုံးဖြတ်လိုက်ပါတော့သည်။

ဉာဏ်ရှိသောဦးအုန်းခင်

ဖဆပလ နှစ်ခြမ်းကွဲ၍ 'သန့်ရှင်းနှင့်တည်မြဲ'ဖြစ်သွားကြစဉ် အခါက ဦးအုန်းခင်၏ လုံ့လ ပယောဂကြောင့် 'သန့်ရှင်း'တို့ အနိုင်ရခဲ့ပုံကို လည်းကောင်း၊ ပစ္စည်းလက်မဲ့ အခြေအနေမှ အမြုတ်တော်ကြေး ရှစ်သိန်းခန့် ခွဲခြင်းခံရသည့် သကင်းစာကြီး

တစ်စောင် ပိုင်ရှင် အဖြစ်သို့ ရောက်ရခြင်းကို လည်းကောင်း ကျွန်ုပ် စောင့်ကြည့် တွေ့မြင်ရခြင်းအားဖြင့် ဦးအုန်းခင်သည် လောကီမှု ကိစ္စပိုင်းတွင် ညာဏ်ခေသော လူတစ်ယောက် မဟုတ်ဟူ၍ ကျွန်ုပ် အကဲဖြတ်ခဲ့ဖူးသည်။ တရားဓမ္မနှင့် ပတ်သက်၍မူ ကျွန်ုပ် အထင်မကြီးခဲ့ပေ။ သို့ရာတွင် ကျွန်ုပ်၏ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ကျင့်စဉ်ကို သူ ဖတ်ပြီးသည့်နောက် ကျွန်ုပ်နှင့် တွေ့ဆုံဆွေးနွေးရသော အချိန်မှစ၍ ဤသူကား လောကုတ္တရာ ရေးရာ ဘက်တွင်လည်း ပါရမီခံရှိသော လူတစ်ယောက်ဖြစ်ခြင်းကို မမျှော်လင့်ဘဲ တွေ့ရှိရသည်။

ဤကဲ့သို့ ကျွန်ုပ် အကဲဖြတ်ရခြင်းမှာ အောက်ပါ အကြောင်းကြောင့် ဖြစ်၏။ ဤခေတ်၌ ခေတ်ပညာတတ် ဆိုသော လူများသည် ကိုယ်ပိုင်ညာဏ်ဖြင့် စဉ်းစားတတ်ခြင်း အရာတွင် ရှေ့တန်းက ရှိကြသည်ဟု အသိအမှတ်ပြုတတ်ကြ၏။ ခေတ်ပညာတတ် အတော်များများသည် ကျွန်ုပ်၏ ဒိဋ္ဌေဒိဋ္ဌမတ္တံ ကျမ်းစာအုပ်ကို အစမ်းသဘောနှင့် ဖတ်ရှုကြသည်ကို တွေ့ရ၏။ ထိုစာအုပ်၌ ကျွန်ုပ် အရေးတကြီးအလေးပြု၍ ရေးသားဖော်ပြခြင်းမှာ သမထအလုပ်နှင့် ဝိပဿနာ အလုပ်တို့၏ ခြားနားပုံ အကြောင်းပင်ဖြစ်၏။ များစွာသောခေတ်ပညာတတ် သက်ကြီးရွယ်ရင့်များသည် ကျွန်ုပ်၏အထောက်အထားတင်ပြချက်များကို မငြင်းနိုင်ကြသော်လည်း စာတတ် ပေတတ် ရဟန်းမဟုတ်သည့် ငတ္ထုရေးသမားတစ်ယောက်၏ စိတ်ကူးညာဏ်မျှသာဖြစ်သည်ဟု ဆုံးဖြတ်ယူဆသည့် လက္ခဏာနှင့် သမထအလုပ်ကို ဝိပဿနာ အလုပ် ထင်မှတ်ခဲ့ကြသည်။ အစဉ်အလာအယူအဆကို မစွန့်လွှတ်

နိုင်ဘဲ ရှိကြ၏။ ဦးအုန်းခင်မှာကား ကျွန်ုပ်၏စာအုပ်ကို ဖတ်ရသော အခါနိုက်တွင် ဤလုပ်ငန်းနှစ်ခုတို့၏ခြားနားပုံကို တော်တော်ရှင်းရှင်းကြီး သိမြင်သွားပုံရသည်။ နိဗ္ဗာန်မဂ်ဖိုလ်အတွက် အားထုတ်ကြသူများသည် ဤကျင့်စဉ်နှစ်ခုတို့၏ ခြားနားချက်ကို ပိုင်းပိုင်းခြားခြားနားလည်ကြဖို့လိုသည်ဖြစ်ရာ ဤကွဲသို့နားလည်နိုင်သော ပုဂ္ဂိုလ်သည် ပါရမီရင့်သောပုဂ္ဂိုလ် ဖြစ်ရမည်ကို ကျွန်ုပ် ယုံကြည်သည်။

**အနေနှာင့်အယှက် တွေ့ဘတ်ခြင်း**

လောကုတ္တရာတရားကိုယ်နှိုက်ကခက်ခဲနက်နဲရသည့်အထဲတွင် တရားအားထုတ်ကြသော ယောဂီများသည် အနှောင့်အယှက် အဖျက်အဆီး အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြရခြင်း များလည်း ကြုံရဖူးလှလေပြီ။ ဦးအုန်းခင်နှင့် ကျွန်ုပ်တို့ အားထုတ်ကြ၍ လေးရက်လောက် မြောက်သောနေ့တွင် ဆရာတော်နှင့် ကျွန်ုပ်တို့သည် (စာဝါချသောအလုပ်မှ ဆရာတော် အနားယူသော အခါနိုက်၌) မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ဆွေးနွေးမိကြ၏။

ဦးအုန်းခင်က သူသည် မြန်မာစာ ရေးသားခြင်းအလုပ်တွင် ဤနောက်ပိုင်းခေတ်တွင်မှ အလေ့အကျင့် ပြုလုပ်မိခြင်း ဖြစ်ကြောင်း ပြောပြီးလျှင် သူ၏တိုးတက်လာပုံကို အစွမ်းပြလိုသည့် လက္ခဏာနှင့် ဤကျောင်းတိုက်ရှိ ဦးပဉ္ဇင်းများနှင့် ကိုရင်များအား မြန်မာစာ အရေးအသားနှင့်ပတ်သက်၍ သင်တန်းပေးလိုကြောင်း လျှောက်ထား၏။ (ဦးအုန်းခင်သည် မြန်မာစာ အရေးအသားတွင် ဆရာတော်နှင့် ကျွန်ုပ်တို့၏ အစွမ်းအစကို

နိုင်ဘဲ ရှိကြ၏။ ဦးအုန်းခင်မှာကား ကျွန်ုပ်၏စာအုပ်ကို ဖတ်ရသော အချိန်တွင် ဤလုပ်ငန်းနှစ်ခုတို့၏ခြားနားပုံကို တော်တော်ရှင်းရှင်းကြီး သိမြင်သွားပုံရသည်။ နိဗ္ဗာန်မဂ်ဖိုလ်အတွက် အားထုတ်ကြသူများသည် ဤကျင့်စဉ်နှစ်ခုတို့၏ ခြားနားချက်ကို ပိုင်းပိုင်းခြားခြားနားလည်ကြဖို့လိုသည်ဖြစ်ရာ ဤကွဲသို့နားလည်နိုင်သော ပုဂ္ဂိုလ်သည် ပါရမီရင့်သောပုဂ္ဂိုလ် ဖြစ်ရမည်ကို ကျွန်ုပ် ယုံကြည်သည်။

**အနေအထိုင့်အယှက် တွေ့ဘတ်ခြင်း.**

လောကုတ္တရာတရားကိုယ်နှိုက်ကခက်ခဲနက်နဲရသည့်အထဲတွင် တရားအားထုတ်ကြသော ယောဂီများသည် အနေအထိုင့်အယှက် အဖျက်အဆီး အမျိုးမျိုးတို့နှင့် ရင်ဆိုင်ကြရခြင်း များလည်း ကြုံရဖူးလေပြီ။ ဦးအုန်းခင်နှင့် ကျွန်ုပ်တို့ အားထုတ်ကြ၍ လေးရက်လောက် မြောက်သောနေ့တွင် ဆရာတော်နှင့် ကျွန်ုပ်တို့သည် (စာဝါချသောအလုပ်မှ ဆရာတော် အနားယူသော အချိန်၌) မြန်မာစာအရေးအသားနှင့် ပတ်သက်၍ ဆွေးနွေးမိကြ၏။

ဦးအုန်းခင်က သူသည် မြန်မာစာ ရေးသားခြင်းအလုပ်တွင် ဤနောက်ပိုင်းခေတ်တွင်မှ အဖလွှဲအကျင့် ပြုလုပ်မိခြင်း ဖြစ်ကြောင်း ပြောပြီးလျှင် သူ၏တိုးတက်လာပုံကို အစွမ်းပြလိုသည့် လက္ခဏာနှင့် ဤကျောင်းတိုက်ရှိ ဦးပဉ္စင်းများနှင့် ကိုရင်များအား မြန်မာစာ အရေးအသားနှင့်ပတ်သက်၍ သင်တန်းပေးလိုကြောင်း လျှောက်ထား၏။ ( ဦးအုန်းခင်သည် မြန်မာစာ အရေးအသားတွင် ဆရာတော်နှင့် ကျွန်ုပ်တို့၏ အစွမ်းအစကို

အလာမှာ ကျွန်ုပ်ရေးပုံနှင့် တူလှသည်ဟု ထင်လာပြန်၏။ ဆက်လက်၍ နားစိုက်မိရာတွင် အမိပွားယ်နှင့်တကွ ကျွန်ုပ် နားလည်လာ၍ ကျွန်ုပ်၏ တစ်သက်တာမှတ်တမ်းစာအုပ်ထဲမှ ဖြစ်ခြင်းကို သိလာ၏။

ဦးအုန်းခင်ကို လှမ်းကြည့်လိုက်သောအခါ သူ၏လက်ထဲ၌ ကျွန်ုပ်၏ 'တစ်သက်တာ မှတ်တမ်းနှင့် အတွေးအခေါ်များ' စာအုပ်စတုတ္ထတွဲကို တွေ့မြင်ရလေ၏။ ထို့နောက် ဦးအုန်းခင်က 'ဒီစာပိုဒ်ဟာ ရွှေဥဒေါင်းရေးတဲ့ စာပိုဒ် ဖြစ်တယ်။ ဒါမျိုးကို မရေးကြလေနဲ့'ဟု ပြောလိုက်သည်နှင့် ကျွန်ုပ် တို့၍ စိတ်ဝင်စားလာပြန်သည်။ ဦးအုန်းခင်က ဆက်လက်၍ 'ဘာ့ကြောင့်လဲ ဆိုတော့ ဒီဝါကျဟာ ရှည်လွန်းတယ်။ သူလို စာရေးဆရာမျိုးသာ ရေးတတ်တယ်။ ဒီလိုဝါကျမျိုးကို ကိုရင်များ အတုခိုး ရေးလျှင် ရှုပ်ကုန်မယ်၊ ဖတ်လို့ကောင်းမှာ မဟုတ်ဘူး' ဟု ပြောလေသည်။ ထိုနောက်တွင် ဦးအုန်းခင်သည် ကျွန်ုပ် ရေးသော မြန်မာစာနှင့် ပတ်သက်၍ ရှင်းလင်းပြတ်သားခြင်း အစရှိသည့် ကောင်းသော အချက်အလက်များကိုလည်း ပြောပြလေသည်။ စာရေးဆရာတို့မည်သည်မှာ မိမိတို့ရေးမည့်စာနှင့် ပတ်သက်၍ အကောင်းအဆိုး ဝေဖန်ခြင်းကို ကြားရသည့်အခါ စိတ်မဝင်စားဘဲ မနေနိုင်တတ်သည့် ဓမ္မတာအတိုင်း ကျွန်ုပ်သည် သူ၏သင်တန်းကို ဆက်လက်၍ နားစိုက်မိပါတော့သည်။ ဦးအုန်းခင်သည် ကျွန်ုပ် အားထုတ်ခြင်းကိုပျက်အောင် ဖျက်လိုသော ရည်ရွယ်ချက်ဖြင့် သင်တန်းပေးခြင်း ဖြစ်ခဲ့ပါလျှင် သူ၏ ရည်ရွယ်ချက် အောင်မြင်လေပြီဟု ဆိုရပေမည်။ အဘယ့်ကြောင့်

ဆိုသော် ကျွန်ုပ်သည် မေတ္တာပွားခြင်းအလုပ်ကို လက်လွှတ်ပြီး သူ၏လက်ချာကို နားစိုက်မိခြင်းမှာ ကျွန်ုပ်၏ စာအကြောင်း ဝေဖန်ခြင်းကို ကြားလိုသောကြောင့်ချည်း မဟုတ်။ သူသည် မြန်မာစာပေ အရေးအသားနှင့် ပတ်သက်၍ ဘယ်လောက်များ နားလည်လေသနည်းဟု သိလိုသောကြောင့် ဖြစ်ပါသည်။ အမှန်ကိုဝန်ခံရလျှင် သူသည် မြန်မာစာပေ အရေးအသားနှင့် ပတ်သက်၍ ကျွန်ုပ်ထင်မိသည်ထက် ပို၍နားလည်ပုံ ရသည့် အလျောက် အဆစ်အပိုင်းကျကျ ပြောတတ်သူတစ်ယောက် ဖြစ်ပါသည်။

**ခင်မင်ရင်းနှီးမှု တိုးတက်ခြင်း**

သမထအလုပ်ဖြစ်စေ၊ ဝိပဿနာအလုပ်ဖြစ်စေ၊ မေတ္တာပွားများခြင်းအလုပ်ဖြစ်စေ စိတ်ဖြင့်ဆောင်ရွက်ရသည့် အလုပ်မျိုးဟူသမျှသည် ရေစီးသန်လှသောချောင်းထဲတွင် လှော်ခတ် ဆန်တက်ရခြင်းနှင့် တူလှသည်။ အလွန်အားစိုက်နိုင်လှပါမှ တစ်မိုက်တစ်ထွာ ဆန်တက်နိုင်သည်ဖြစ်ရာ တစ်ခဏလေးမျှ ပေါ့လျော့လိုက်မည်ဆိုလျှင် ဖာလုံမက မိုင်ချည်တောင် မျောပါသွားနိုင်လေသည်။ ကျွန်ုပ်မှာလည်း ဦးအုန်းခင်'လက်ချာ'၌ မိနစ်ပိုင်းလောက်မျှ အာရုံစူးစိုက်မိရာတွင် မေတ္တာပွားခြင်း အလုပ်၌ တစ်ဖန်တည်၍မရတော့ဘဲ စကားပြောခြင်း အလုပ်ဖြင့် မျောပါသွားခဲ့လေပြီ။ အခြားရက်များ၌ ဆရာတော်ကြွလာ၍ လောကီအကြောင်းအရာများနှင့် တရားဓမ္မ အကြောင်းမှုစ၍ ဆွေးနွေးကြရာတွင် ကျွန်ုပ်သည် စကားပြောနေကြသည့် အတွင်းမှာပင် တစ်ချက်တစ်ချက် ဘရိတ်အုပ်ကာ မေတ္တာအလုပ်ကို သတိ

ရ၏။ ထိုနေ့မှစ၍မူကား ကျွန်ုပ်သည် ဦးအုန်းခင်နှင့် လည်းကောင်း၊ ဆရာတော်ကြီးသာ၍ သုံးဦးသား စကားပြောနေကြရ၍လည်းကောင်း အလုပ်နှင့်ပတ်သက်သည့် သဘော လုံး၀ လွတ်ပြီး သူတို့နည်းတူ လွတ်လပ်စွာ ပြောချင်ရာ ပြောမိပါတော့သည်။ သို့ရာတွင် ဤသို့ လွတ်လပ်စွာ ဖွင့်ဟနှီးနှောခဲ့ရခြင်းအတွက်ကြောင့် အကျိုးရှိခဲ့သာဘက်ကလည်း များပါ၏။ ကျွန်ုပ်တို့ ဆရာဒကာ သုံးဦးသားသည် တစ်ဦးနှင့်တစ်ဦး ယခင်ကထက် အတွင်းကျကျ သိနိုင်ခွင့်ရရှိကြသည့်အတွက် ရင်းနှီးလိုက်လဲမှု ရှိလာကြသည်ဟု ကျွန်ုပ် အကဲခတ်မိပါသည်။ ထိုကဲ့သို့ အပြန်အလှန် သိကြရသည့်အတွက်ကြောင့် ဆရာတော်နှင့် ဦးအုန်းခင်တို့က ကျွန်ုပ်အပေါ်၌ မည်ကဲ့သို့ သဘောထားကြသည် မဆိုနိုင်။ ကျွန်ုပ်ကမူ ထိုပုဂ္ဂိုလ်နှစ်ဦးအပေါ်၌ ရှေးယခင်ကထက် ခင်မင်လေးစားမှု တိုးလာခဲ့ပါသည်။ အလုပ်နှင့်ပတ်သက်၍မူ ဦးအုန်းခင်နှင့် ကျွန်ုပ်မှာ ပြောပလောက်အောင် တိုးတက်မှု မရှိလှဘဲ ဆယ်ရက်ပြည့်သောနေ့၌ ပြန်လာခဲ့ကြပါသည်။

ကျွန်ုပ်တို့သည် ဇူလိုင်လ ၁၅ ရက်နေ့တွင် ပြန်လာကြ၍ ၁၆ ရက်နေ့(၀ါဆိုလပြည့်နေ့)တွင်မင်းကွန်းဘက်သို့ဒေါက်တာသာလှနှင့်အတူ လိုက်သွားကြ၏။ ကျွန်ုပ်တို့နှစ်ယောက် (သူ့အခေါ်အတိုင်း) ‘ဆွမ်းဒကာ’ဖြစ်သောဒေါက်တာသာလှသည်တိပိဋကဆရာတော် ဦးဝိစိတ္တသာရအား ဆေးထိုးရန် မင်းကွန်းဘက်သို့ သွားရာတွင် ကျွန်ုပ်တို့နှစ်ယောက်နှင့် မန်းခေတ် ကိုလှရွှေတို့ပါ လိုက်သွားကြသည်။ ကျွန်ုပ်၏ အောင်မြင်မှုကလေးများနှင့်

ပတ်သက်၍ 'ဝင့်ဝါ' လိုသေးသဖြင့် ဖော်ပြရပါဦးမည်။ ကျွန်ုပ်တို့သည် ဦးဝိစိတ္တသာရအား ကန်တော့ပြီးနောက် စစ်ကိုင်းတောင်ရိုး တစ်လျှောက်လုံးတွင် နာမည်ကြီးလှသည့် အသက် ၈၄ နှစ်ရှိ သီလရှင့်ဒေါ်မမ္မစာရီ၏ကျောင်းသို့ ကူးသွားကြ၏။ ကျွန်ုပ်သည် သီလရှင်ကြီးကို လွန်ခဲ့သည့် ၁၂ နှစ်လောက်က တစ်ကြိမ်တွေ့ဖူး၏။ သီလရှင်ကြီးနှင့်အတူ (၎င်း၏ညီမ) သီလရှင်တစ်ပါးလည်းရှိရာ ၎င်းက ကျွန်ုပ်အား 'ဒကာကြီးရဲ့စာအုပ်ကို မမအား ဖတ်ပြပါတယ်၊ မမက သဘောကျပါတယ်' ဟု ပြောလိုက်သဖြင့် ကျွန်ုပ်အတွက် အားရဝမ်းသာ ဖြစ်သွားမိ၏။ ကျွန်ုပ်၏ 'စာအုပ်' ဆိုခြင်းအားဖြင့် 'ဒိဋ္ဌေဝဓမ္မေ' စာအုပ်ကို ဆိုလိုသည်ထင်မိရာ စစ်ကိုင်းတောင်ရိုး၌ စာတတ်ပုဂ္ဂိုလ်ကြီးအဖြစ်နှင့် ထင်ရှား ကျော်စောလှသည့် သီလရှင်ကြီး တစ်ပါးက သဘောကျသည်ဆိုခြင်းမှာ ဝမ်းသာစရာကြီးပင် ဖြစ်ပါသည်။ ဦးအုန်းခင်သည်လည်းကျွန်ုပ်၏မျက်နှာထားကို သတိပြုလိုက်မိပုံရသည်။ ထို့နောက် ညီမသီလရှင်က ဆက်လက်၍ 'ဒကာကြီးရဲ့အာဟာရဖြင့် ကျန်းမာအောင်လုပ်နည်း' စာအုပ်ထဲက ဝမ်းချုပ်တာတို့၊ အစားရှောင်တာတို့ကို မမက ‌သိပ်သဘောကျတာပဲ' ဟု ပြောလိုက်ရာတွင်မှ ကျွန်ုပ်၏ ဝမ်းသာမှုသည် ဒီဂရီ ၅၀ လောက် လျော့ဆင်းသွားပါသည်။ ဤအခြင်းအရာကိုလည်း ဦးအုန်းခင် မြင်လိုက်ဟန်ရှိသည်။ (ကျွန်ုပ်ရေးခဲ့သမျှသော စာအုပ်များအနက်တွင် 'ဒိဋ္ဌေဝဓမ္မေ' စာအုပ်မှာ လောကုတ္တရာရေးရာ ဖြစ်သည့်အတွက်ကြောင့် ကျွန်ုပ် ဂုဏ်အယူဆုံးဖြစ်ပါသည်။)

**နှုတ်တစ်ရာ စာတစ်လုံး**

ထို့နောက် ဒေါ်မမွစ်ရာရီကိုယ်တိုင် ကျွန်ုပ်အား ဝမ်းချုပ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကို မေးမြန်း စုံစမ်းရာတွင် ကျွန်ုပ်က မိမိကိုယ်တိုင် ၎င်းစာအုပ်ကိုရေးကတည်းက (၂၈ နှစ်ခန့်မျှ) ဝမ်းချုပ်လာခဲ့သဖြင့် အကျိုးများလှပုံကိုပြောပြပါသည်။ ထိုအခါ သီလရှင်ကြီးက 'ဝမ်းသာလိုက်တာ ဒကာကြီးရယ်၊ ဆရာက လုပ်သာလုပ်နေရတယ်၊ စိတ်ထဲမှာ ဒွိဟသံသယမကင်းအောင် ဖြစ်နေတယ်၊ ဒကာကြီးအခုပြောလိုက်တော့မှ စိတ်ထဲမှာ ကောင်းကောင်းကြီးရှင်းပြီး ကျေကျေနပ်နပ် ဖြစ်သွားပေတော့တယ်' ဟု ပြောသေသည်။ ဤတွင် ဒေါက်တာသာလှက "ဖြစ်မှ ဖြစ်ရပလေ ဆရာကြီးရယ်၊ ကျွန်တော် ဆရာဝန်တစ်ယောက်လုံးက ပြောတော့မယုံဘူးတဲ့၊ စာရေးဆရာကြီး တစ်ယောက်က ပြောတော့မှ ယုံပေတော့တယ်ခင်ဗျား" ဟု ပြောလေရာ ကျွန်ုပ်က 'ဒါကြောင့်မို့လို့ နှုတ်တစ်ရာ စာတစ်လုံးလို့ ဆိုရိုးစကား ရှိတာယ်မဟုတ်လားဗျ' ဟု ပြောလိုက်ရသေးသည်။

**'အောင့်' ရှာမပေါ်မည်**

သီလရှင်ကြီးများသည် ဦးအုန်းခင်နှင့်ကျွန်ုပ်တို့၏ ကျန်းမာရေးလေးစားခြင်းကို သိကြပြီးဖြစ်သည့် လက္ခဏာနှင့် (ဦးအုန်းခင်မှာ ဤခေတ်တွင် 'မိုးကြိုး' အဖြစ် နာမည်ကြီးလျက် ရှိသော်လည်း တစ်ခေတ်ကမူ လမ်းလျှောက်ခြင်းအလုပ်တွင် 'ခြေကျင် ဦးအုန်းခင်' ဟူ၍ နာမည်တစ်လုံးရလောက်အောင် လေ့ကျင့်ခဲ့သူဖြစ်သည်။) ညီမသီလရှင်ကြီးက ကျွန်ုပ်တို့ နှစ်ယောက်ကို ကြည့်လျက် 'ပုဂ္ဂိုလ်နှစ်ဦးကဖြင့် ကလေးကလဲထက်၊ လူကလဲ ကျန်းမာ၊ အသက်ချင်းကတော့ ဘယ်သို့နေကြသလဲ' ဟု မေး

လိုက်ကြသဖြင့် ကျွန်ုပ်သည် ဦးအုန်းခင်၏မျက်နှာကို လှမ်းကြည့်လိုက်ရာ အလန့်တကြားနှင့် 'ဟာ....ဘယ့်နှယ်'ဟု လွတ်ခနဲ ထွက်သွားခြင်းကို ကြားလိုက်ရသည်။ စင်စစ်မှာ ဦးအုန်းခင်သည် ကျွန်ုပ်သက် ၁၄ နှစ်ငယ်သည်ဖြစ်သောကြောင့် ဤခမးခွန်းမှာ မမေးထိုက်သော မေးခွန်းဖြစ်ပါလျက် သီလရှင်ခမြာမှာ မျက်စိမှုန်ရှာသောကြောင့်ပေလော။ သို့တည်းမဟုတ် ဦးအုန်းခင်ကို 'နှိပ်'လိုက်ခြင်းပေလော မပြောတတ်ပေ။ ဤတွင် ကျွန်ုပ်သည် ဦးအုန်းခင်အား ပြုံးမိစိမျက်နှာထားနှင့် လှမ်းကြည့်လိုက်၏၊ ပြုံးမိခြင်းအကြောင်းမှာ သီလရှင်ကြီးက ဒိဋ္ဌဓမ္မဝေဒနီယ စာအုပ်အကြောင်းကို ပြောသည်အထင်နှင့် ကျွန်ုပ် ဝမ်းသာကြည်နူးလျက်ရှိရာမှ အာဟာရဖြင့် ကျန်းမာအောင် လုပ်နည်းစာအုပ်အကြောင်း ပြောခြင်းဖြစ်သည်ဟု ကျွန်ုပ် သိရှိရသည်တွင် မျက်နှာထား ပြောင်းလဲသွားခြင်းကို ဦးအုန်းခင်မြင်၍ပြုံးလိုက်ခြင်းအတွက် ကျွန်ုပ်က လက်တုံ့ပြန်လိုက်ခြင်း ဖြစ်လေသည်။ ဦးအုန်းခင်နှင့်ကျွန်ုပ်မှာ အမှတ်မဲ့ မနေတတ်သည့်ဝါသနာရှိသူများ ဖြစ်သည့်အလျောက် ဤအဖြစ်အပျက်ကလေးမျိုးမကြာခဏ ကြုံရ၍ အရသာရှိလှသည်။

မင်းကွန်းရေဆိပ်နှင့် ဦးဝိစိတ္တသာရ၏ချောင်မှာ နာရီဝက်ခန့်ခရီး ဖြစ်သော်လည်းတောင်တက်တောင်ဆင်းဖြစ်၍အတော်ကလေး ပင်ပန်းသောခရီး ဖြစ်လေရာ အသွားခရီးတွင် ဒေါက်တာသာလှနှင့် သူ၏အဖော်တစ်ယောက် လှည်းပေါ်ကိုတက်မည်ပြုစဉ် ဦးအုန်းခင်က 'ကိုင်း....ဆရာကြီး ရှေ့ကတက်'ဟု ပြော၏။ ကျွန်ုပ်သည် သာမန်အားဖြင့် အသက်သာခိုချင်၍လှည်းစီးကောင်းစီးမည်ဖြစ်သော်လည်း ခြေကျင် ဦးအုန်းခင်

တစ်ယောက်လုံး ပါသည်ဖြစ်သောကြောင့် အကဲခတ်လိုက်သည်နှင့် 'ခင်ဗျားတို့စီးကျပါ၊ကျုပ်မစီးဘူး'ဟုပြောလိုက်၏။ဤတွင် လှည်းပေါ်သို့တက်ဖို့ ဟန်ပြင်လျက်ရှိသော ဦးအုန်းခင်သည် နာမည်ပျက်မည်စိုးသည့် လက္ခဏာနှင့် 'တစ်ယောက်ကမှမစီးဘဲ ကျွန်တော်လဲ မစီးပါဘူးဗျာ'ဟုဆိုကာ ကျွန်ုပ်နှင့်အတူ လမ်းလျှောက်ရသည်နှင့် မန်းခေတ် မောင်လှရွှေလည်း လှည်းမစီးတော့ချေ။ ဒေါက်တာသာလှကမူ 'ကျွန်တော်တို့တော့ စီးရလိမ့်မယ်ဗျာ'ဟု ပြော၍ သူ့အဖော်နှင့် လှည်းပေါ်သို့ တက်သွားကြလေသည်။ အပြန်ခရီးတွင် ကျွန်ုပ်တို့ ခြေကျင်လျှောက်ကြလေသည်။ ကျွန်ုပ်သည် လူတို့၏ (Vanity) ဝင့်ဝါလိုသော အခြင်းအရာကလေးများကို ပေါ်လွင်စေခြင်းငှာ ဘာမဟုတ်သော ဤအဖြစ်အပျက်ကလေးကို တင်ပြခြင်းဖြစ်၏။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော်သည် 'ခြေကျင် ဦးအုန်းခင်' ဟူ၍ နာမည်ကြီးတစ်လုံး ယူထားသည့် ဦးအုန်းခင်ဆိုသောကြောင့် အကဲစမ်းလိုက်ခြင်းဖြစ်ရာ သူကလည်း (လူပါးကြီးတစ်ယောက်ဖြစ်၍) ရိပ်မိသည့် လက္ခဏာနှင့် ကြိုးစားပြီး လမ်းလျှောက်ရှာသည်။ တော်တော်တော့ ဖားဟန်ရှိ၏။ ကျွန်ုပ်က ဤမျှနှင့်ပင် မနေသေး၊ ဆက်လက်၍ တွယ်လိုက်သေး၏။ 'လမ်းလျှောက်အလေ့အကျင့်ကို ခင်ဗျားတို့က စတင်သွားပြီး နောက်ဆုံးကျတော့ ကျုပ်တို့ပဲ လျှောက်ကျန်ရစ်တော့တာကိုး'ဟု ကျွန်တော်က ပြောရာတွင် သူက 'ဆရာကြီးတို့ ကျန်ရစ်တော့ ဆရာကြီးတို့အကျိုးရှိရစ်တာပဲ မဟုတ်လား' ဆိုကာ အလျှော့ပေးသွားပါတော့သည်။ ဝ

ရွှေဥဒေါင်း

သာမင်းကြီးစာပေ

အနုပညာ၊ စာပေနှင့် အသိဉာဏ်

၁။ ပါရဂူ ၏ မဟာလူသားဗုဒ္ဓ ၄၀ ကျပ်

၂။ ပါရဂူ ၏ သိဒ္ဓတ္ထ ၃၈ ကျပ်

၃။ ဆရာကြီးရွှေဥဒေါင်း ၏အင်နာကရိနီနား ၂၅ ကျပ်

၄။ ဆရာကြီး ရွှေဥဒေါင်း ၏
အကြံဉာဏ်ဖြင့် ကြီးပွားရေး ၃၀ ကျပ်

၅။ ဆရာကြီးရွှေဥဒေါင်း၏ ဇော်ဟိတ် ၄၀ ကျပ်

၆။ မြသန်းတင့် ၏ ခေတ်သစ်သမိုင်းဗွီကာ ၄၀ ကျပ်

၇။ မြသန်းတင့် ၏ ကေရာဇ်တို့၏ဘဏ္ဍာတိုက်များ ၂၀ ကျပ်

၈။ မောင်ပေါ်ထွန်း ၏ မာယာ ၂၅ ကျပ်

၉။ မစန္ဒာ ၏ မဂ္ဂဇင်းဝတ္ထုရှည်များ ၃၀ ကျပ်

၁၀။ ဆရာကြီး ၏ အင်္ဂလိပ်ဘာသာ သိမှတ်စရာ ၃၃ ကျပ်

၁၁။ ဆရာကြီး ရွှေဥဒေါင်း၏
အာဟာရနှင့် ကျန်းမာရေး ၂၅ ကျပ်

၁၂။ ပါရဂူ ၏ စိတ္တရလေခါ ၄၀ ကျပ်

၁၃။ သော်တာဆွေ ၏ ဘဝထိုထို ၄၀ ကျပ်

၁၄။ ပါရဂူ ၏ စကားပြောသော ရုပ်တုများ ၂၀ ကျပ်

၁၅။ ဂျာနယ်ကျော်မမလေး ၏ မုန်း၍မဟူ ၅၀ ကျပ်

၁၆။ မောင်ထွန်းသူ ၏ အိုလက်ဆီယာ ၂၅ ကျပ်

၁၇။ ပါရဂူ ၏ ပိယဒဿီ ၅၅ ကျပ်

၁၈။ ဆရာကြီးရွှေဥဒေါင်း ၏
ဒိဋ္ဌေဓမ္မဝတ္ထု လက်တွေ့ကျင့်စဉ် ၄၅ ကျပ်

၁၉။ ကျော်အောင် ၏ ဂန္ထဝင် ၁၀ ၈၀ ကျပ်

၂၀။ မြသန်းတင့် ၏ တော်လ်စတွိုင်း ၏
ဘဝအမြင်နှင့် သမိုင်းအမြင် ၃၃ ကျပ်

၂၁။ ရန်အောင်မောင်မောင် ၏
ထောင်တစ်သက် အတွေ့အကြုံ

၂၂။ **Current English Words &
Phrases by Htin Gyi**

၂၃။ ရန်ကြီးအောင်ရုပ်ပြဇာတ်လမ်း
(ရွှေဥဒေါင်း-ဦးငွေကိုင်)